စိတ်ကူးချီချီအနုပညာ

ဗုဒ္ဓအမြင်

ဆန်းထွန်း

(ဟိန္ဒီဘာသာဖြင့် ရာဟုလာသံကိစ္စည်းရေးသားသော
ဗောဒ္ဓဒဿနကို မြန်မာဘာသာဖြင့် ဆန်းထွန်းက ပြန်ဆိုပြီး
ပါရဂူ ထပ်မံဖြည့်စွက်ထားသော မူ)

တတိယအကြိမ်

အခြားသော တိုးတက်ပွင့်ကားမှုများကဲ့သို့
အမြင်၏ တိုးတက်ပွင့်ကားမှုကိုလည်း
တစ်သတ် တစ်သတ်စီ အဆက်ဖြတ်ထားပါက
ကောင်းမွန်မှန်ကန်စွာ သိနိုင်မည်မဟုတ်ပေ။
ထို့ကြောင့် ဗုဒ္ဓအမြင် တိုးတက်ပွင့်ကားမှုကို သိရှိရန်၊
ထို့ပြင် ကမ္ဘာအမြင်တွင် ဗုဒ္ဓအမြင်၏ အရေးကြီးမှုကို သိရှိရန်၊
အရှေ့တိုင်း အနောက်တိုင်းဆိုင်ရာ
ရှေးဟောင်းနှောင်းသစ် အဘိဓမ္မာများကို
သိရှိ ထားဖို့လိုအပ်သည်။
ယခုစာအုပ်တွင် ရာဟုလာသံကိစ္စည်း သည်
ဗုဒ္ဓနှင့် ဓမ္မကိတ္တိ၏အမြင်(အဘိဓမ္မာ)များကို
ကျယ်နိုင်သမျှ အကျယ်တဝင့်ရေးသားခဲ့၏။

စိတ်ကူးချိုချိုစာအုပ်

ဆန်းထွန်း

ဗုဒ္ဓအာဖြင်

ပါရဂူ

ထပ်မံပြည့်စွက်ပြန်ဆိုထားသည့်မူ

၂၀၀၇ ခုနှစ်၊ မတ်လ
တတိယအကြိမ်

မာတိကာ

- မူရင်းပထမအကြိမ်ရိုက်နှိပ်ခါန်း
- မူရင်းဒုတိယအကြိမ်ရိုက်နှိပ်ခါန်း
- ဖြည့်စွက်စီစဉ်သူ၏အမှာစာ

ဒုတိယပရိစ္ဆေဒ ၁

၁။ အတ္ထုပ္ပတ္တိ ၂
၂။ ရိုးရိုး အယူအဆ ၆
၃။ အဘိဓမ္မာ အယူအဆ ၁၈
၄။ ဗုဒ္ဓအဘိဓမ္မာနှင့် ဗုဒ္ဓခေတ်လူမှုစနစ် ၄၃

တတိယပရိစ္ဆေဒ ၅၃

၁။ လူမှုရေးအခြေအနေ ၅၅
၂။ ဂရိတ်အိန္ဒိယ အဘိဓမ္မာများ ပေါင်းစပ်ပုံ ၅၉
၃။ ရှင်နာဂသိန်၏ အတ္ထုပ္ပတ္တိ ၉၃

စတုတ္ထပရိစ္ဆေဒ ၁၀၇

၁။ ဗုဒ္ဓဆိုင်ရာ ဂိုဏ်းကွဲများ ၁၀၉
၂။ နာဂဇုန၏ သုညဝါဒီ ၁၁၅
၃။ ယောဂါစာရနှင့် အခြားအဘိဓမ္မာများ ၁၂၇

ပဉ္စမပရိစ္ဆေဒ ၁၃၁

၁။ ဗုဒ္ဓဆိုင်ရာအမြင်၏ နောက်ဆုံးတိုးတက်ပွင့်ကားမှု ၁၃၃
၂။ အသင်္ဂ၏ ကျမ်းများ ၁၃၆
၃။ အဘိဓမ္မာအယူအဆ ၁၅၄
၄။ ဒိန္နာဂ (ခရစ်နှစ် ၄၂၅) ၁၈၄
၅။ ဓမ္မကိတ္တိ (ခရစ်နှစ် ၆၀၀) ၁၈၇
၆။ အခြားအဘိဓမ္မာဆရာများအားပယ်ဖျက်ခြင်း ၂၂၉

♠

မူရင်းပထမအကြိမ်ရိုက် နိဒါန်း

"ဗုဒ္ဓအမြင်သည်" သည် ကျွန်ုပ်ရေးသားအပ်သော "အဘိဓမ္မာစဉ်ပြ" ကျမ်း၏ အိုပိုင်းတစ်ပိုင်းဖြစ်၏။ တတိယ ပရိစ္ဆေဒ(နာဂသေနအကြောင်း)ကို ယခုရှိရင်းထက်ပို၍ အကျယ်တဝင့်ရေးသားရန်လိုအပ်ပါ၏။ သို့သော် ဤ(ပထမ)အကြိမ်ရိုက်စာအုပ်တွင် အကျယ်တဝင့်ရေးသားရန် ကျွန်ုပ်တွင် အချိန်မရှိပေ။ ဒုတိယအကြိမ်ရိုက်စာအုပ်တွင် အဆိုပါလိုအပ်ချက်ကို ဖြည့်စွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါ၏။ သို့သော် ဗုဒ္ဓနှင့် ဓမ္မကိတ္တိ၏အမြင် (အဘိဓမ္မာ)များကို ကျယ်နိုင်သမျှ အကျယ်တဝင့်ရေးသားခဲ့၏။ ထိုမျှဖြင့် "ဗုဒ္ဓအမြင်" အဘယ်နည်းဟု သိရှိနားလည်ရေးတွင် စာဖတ်သူအား တစ်စုံတစ်ရာအနှောင့်အယှက် ရှိလိမ့်မည်မဟုတ်ပေ။

အခြားသော တိုးတက်ပွင့်ကားမှုများကဲ့သို့ အမြင်၏ တိုးတက်ပွင့်ကားမှုကိုလည်း တစ်သတ်တစ်သတ်စီ အဆက်ဖြတ်ထားပါက ကောင်းမွန်မှန်ကန်စွာ သိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဗုဒ္ဓအမြင် တိုးတက်ပွင့်ကားမှုကို သိရှိ ရန်၊ ထို့ပြင် ကမ္မာအမြင်တွင် ဗုဒ္ဓအမြင်၏ အရေးကြီးမှုကို သိရှိရန်၊ အရှေ့တိုင်း အနောက်တိုင်းဆိုင်ရာ ရှေးဟောင်းနောင်းသစ် အဘိဓမ္မာများကို သိရှိထားဖို့လိုအပ်သည်။ ထိုလိုအပ်ချက်အတွက် "အဘိဓမ္မာစဉ်ပြ"ကျမ်းကို မှုချ ဖတ်ရပေမည်။

၈၊ ၁၂၊ ၁၉၄၃ ရာဟုလသံကိစ္စာယန

ပယာဂ

မူရင်းဒုတိယအကြိမ်ရိုက် နိဒါန်း

တစ်ဖန်တုံ၊ ဒုတိယအကြိမ်ရိုက်စာအုပ်၌ ကျွန်ုပ်သည် ၁၉၃၂ ခုနှစ်တွင် ရေးသားထားခဲ့သော မိမိ၏အရေးအသား တစ်ခု (ဂေါတမဗုဒ္ဓ၏ မူလသဘောတရားများ)ကို ပထမ ပရိစ္ဆေဒအနေနှင့် ဆက်ပေးနိုင်သည်မှအပ အခြား တစ်စုံ တစ်ရာဆက်လက်ပေးဖို့အချိန်ကို မထုတ်ယူနိုင်ခဲ့ပေ။

၈၊ ၁၂၊ ၁၉၄၃ ရာဟုလသံကိစ္စာယန

ပယာဂ

ဖြည့်စွက်စီစဉ်သူ၏အမှာစာ

ရာဟုလာသံကိစ္စည်းသည် စာအုပ်ပေါင်း နှစ်ရာနီးပါးမျှ ရေးသားသွားခဲ့လေသည်။ ထိုစာအုပ်များ၌ ဗုဒ္ဓဘာသာသို့မဟုတ် ဗုဒ္ဓအဘိဓမ္မာနှင့် ပတ်သက်သောစာအုပ်များလည်း အများအပြားပါဝင်ပေ၏။ ဗုဒ္ဓဘာသာနှင့် ပတ်သက်သောစာအုပ်များအနက် အချို့မှာ ပိဋကတ်ဘာသာပြန်များဖြစ်ပြီး အချို့မှာ ပင်ကိုရေးများ ဖြစ်ကြလေသည်။ ပင်ကိုရေးစာအုပ်များအနက် ဗုဒ္ဓစရိယာ၊ ဗောဒ္ဓဒဿန(ဗုဒ္ဓအမြင်)၊ ဗုဒ္ဓယဉ်ကျေးမှုစသော ကျမ်းစာအုပ် များမှာ အထူးကျော်ကြားလူသိများသော ကျမ်းစာအုပ်များဖြစ်ကြပေသည်။

ရာဟုလာသံကိစ္စည်းသည် ကမ္ဘာအဘိဓမ္မာများ၏အကြောင်းကို စုပေါင်းပြီး ကျမ်းစာအုပ်ကြီးတစ်အုပ်ရေးသားထားလေသည်။ ထိုစာအုပ်အမည်မှာ "ဒရုဂုန် ဒိဂ်ဒရုဂုန်"(အဘိဓမ္မာစံပြ)ဖြစ်လေသည်။ ထိုကမ္ဘာအဘိဓမ္မာစာအုပ်ကြီး၌ ဗုဒ္ဓအဘိဓမ္မာကို အိန္ဒိယအဘိဓမ္မာ၏အစိတ်အပိုင်းတစ်ခုအဖြစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းရေးသားထားလေသည်။ ထိုကမ္ဘာအဘိဓမ္မာစာအုပ်ကြီး၏ ကဏ္ဍတစ်ခုဖြစ်သော ဗုဒ္ဓအဘိဓမ္မာအပိုင်းကို ဗောဒ္ဓဒဿနဟူသောအမည်ဖြင့် သီးခြားစာအုပ်တစ်အုပ်အဖြစ် ခွဲ၍ ရိုက်လေသည်။ ဤစာအုပ်(ဗုဒ္ဓအမြင်)မှာ ထို 'ဗောဒ္ဓဒဿန'ကို မြန်မာပြန်ထားခြင်းဖြစ်လေသည်။

ဘာသာပြန်သူမှာ ယခု မန္တလေးတက္ကသိုလ်တွင် မြန်မာစာပြဆရာအဖြစ် ဆောင်ရွက်နေသော ဆရာ ဦးဆန်းထွန်းဖြစ်လေ၏။ ဗုဒ္ဓအမြင်ကို ၁၉၅၂ ခုနှစ်လောက်က ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ယခု ဒုတိယအကြိမ်ရိုက်နှိပ်ထုတ်ဝေလိုက်ပါသည်။ ဤဒုတိယအကြိမ်ရိုက်တွင် ပထမ

အကြိမ်ရိုက်စာအုပ်တွင်ပါဝင်သော "ဂေါတမဗုဒ္ဓ၏ မူလသဘောတရားများ" ဟူသော ပထမပရိစ္ဆေဒအခန်းကို ချန်ထားလိုက်ပါသည်။ အကြောင်းမူကား ထိုအခန်းမှာ မကြာခင်က ကျွန်တော်ဘာသာပြန်ထုတ်ဝေခဲ့သော "မဟာလူသားဗုဒ္ဓ"တွင် ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများဟူသော အမည်ဖြင့်ပါဝင်ပြီးဖြစ်သောကြောင့်ဖြစ်လေ၏။

အထူးမှာ ပထမအကြိမ်ရိုက်နှိပ်စဉ်က ဘာသာပြန်ဆရာသည် ဗောဒ္ဓိဿနပါ အချက်အလက်အနည်းငယ်ခန့်ကို မပြန်ဆိုဘဲ ခြွင်းချန်ထားခဲ့သည်။ ထိုအချက်အလက်များကို ယခု ဒုတိယအကြိမ်ရိုက်နှိပ်ရာတွင် ထည့်သွင်းရိုက်နှိပ်လိုက်ပါသည်။ ဤစာအုပ်အခန်း (၇) ရှိ အချို့သောစာကြောင်းများသည်လည်းကောင်း၊ အခန်း (၈) ရှိ အချို့သောပိုဒ်များသည်လည်းကောင်း ဦးဆန်းထွန်း မြန်မာပြန်သည့် ပထမအကြိမ်ရိုက်နှိပ်ခြင်းတွင် မပါသောအကြောင်းအရာများ ဖြစ်သည်။ ထိုအကြောင်းအရာများကို ယခု ဒုတိယအကြိမ်ရိုက်နှိပ်ခြင်းတွင် ကျွန်တော်က ဘာသာပြန်ပြီး ထည့်သွင်းလိုက်ပါသည်။

ပါရဂူ

၂၈၊ ၁၁၊ ၆၄

ဒုတိယ ပရိစ္ဆေဒ

ဂေါတမဗုဒ္ဓ (၅၆၃-၄၈၃ ဘီစီ)

အနှစ် နှစ်ရာတိုင်တိုင် အိန္ဒိယအဘိဓမ္မာ ဆရာကြီးတို့၏ အသီးသီးသော ဦးနှောက်များ၏ အပြင်းအထန်ကြိုးပမ်းမှု နောက်ဆုံးအကျိုးကို ကျွန်ုပ်တို့သည် ဗုဒ္ဓ၏အမြင်-ခဏိကအနတ္တဝါဒ အဖြစ် တွေ့ရ၏။

အိန္ဒိယ အဘိဓမ္မာအစဉ်အဆက်များတွင် အချိန်ကြာမြင့်သည်တိုင်အောင် အသစ်အသစ် ရှာဖွေမှုများကို ဆက်လက်ပေးသွားသည့် အစဉ် အဆက်ကား ဗုဒ္ဓအဘိဓမ္မာပင်တည်း။ နာဂဇုန၊ အသင်္ဂ၊ ဝသုဗန္ဓု၊ ဒိန္နာဂ၊ ဓမ္မကိတ္တိ အမည်ရှိကုန်သော ပြိုင်ဘက်ကင်းသော အဘိဓမ္မာဆရာကြီးများသည် ဗုဒ္ဓအဘိဓမ္မာအစဉ်အဆက်တွင် ပေါ်ပေါက်ထွန်းကားကုန်၏။

၁။ အတ္ထုပ္ပတ္တိ

သိဒ္ဓတ္ထဂေါတမဖွားမြင်တော်မူသော နှစ်မှာ ခရစ်မပေါ်မီ ၅၆၃ ခန့်ကဖြစ်၏။ သိဒ္ဓတ္ထ၏ ခမည်းတော် သုဒ္ဓေါဒနကို သက္ကတို့၏ရာဇာဟု ခေါ်တွင်၏။ သို့သော် သုဒ္ဓေါဒနအလားတူပင် ဘဒ္ဒိယ(ဝိနယ ပိဋကာ-စုလ္လဝဂ္ဂ-၇) နှင့် ဒဏ္ဍပါဏိ(မဇ္ဈိမနိကာယအဋ္ဌကထာ-၁၊ ၂၊ ၈)ကိုလည်း သက္ကတို့၏ ရာဇာဟုခေါ်ဆိုအပ်ကြောင်း ကျွန်ုပ်တို့သိရ၏။ ထိုသို့သိရခြင်းအားဖြင့် သက္က တို့၏ ဒီမိုကရေစီနိုင်ငံတော် ဆီနိတ်၊ သို့မဟုတ် ပါလီမန်အမတ်များကို လိစ္ဆဝီဂဏကဲ့သို့ 'ရာဇာ' ဟုခေါ်တွင်ကြောင်း အနက်ထွက်လာ၏။

သိဒ္ဓတ္ထ၏ မယ်တော် မာယာဒေဝီသည် သူ၏ မယ်တော်ထံသို့ သွားစဉ် ကပိလဝတ္ထုမှ မိုင်အနည်းငယ်ကွာသော လုမ္ဗိနီ(ယခုအခေါ် ရုမ္မိန်ဒေဂျ်၊ နေပါလ်ချိုင့်ဝှမ်း၊ နောက် တန္ဆဝါဘူတာမှ အနောက်ဘက် ၈ မိုင်ကွာ) အမည်ရှိသော အင်ကြင်းတောတွင် သိဒ္ဓတ္ထကို ဖွားမြင်ခဲ့၏။ သိဒ္ဓတ္ထမွေးဖွားသည်မှ နောက် ၃၁၈နှစ်၊ မိမိကိုယ်တိုင် ရဇ္ဇာဘိသေကခံယူပြီးနောက် အနှစ် ၂၀ မြောက်သောအခါ အသောကသည် သိဒ္ဓတ္ထမွေးဖွားရာဌာနတွင် ကျောက်တိုင်တစ်တိုင် ထူစိုက်ခဲ့၏။ ၎င်းကျောက်တိုင်သည်ယခုအထိ ထိုနေရာတွင် တည်ရှိ၏။

မင်းသားဖွားမြင်ပြီးနောက် (၇)ရက်အကြာတွင် ၎င်း၏ မယ်တော် ကံကုန်ခဲ့၏။ ထို့နောက် မင်းသားအား စောင့်ရှောက်ပြုစုမှုတာဝန်သည် မင်းသား၏ မိထွေးတော်လည်းဖြစ်၊ ဖတူမိကွဲအမိလည်းဖြစ်သော ပဇာပတိဂေါတမီ၏ အပေါ်သို့ ကျရောက်ခဲ့လေသည်။

ငယ်ရွယ်သော မင်းသား၏ လောကကို အတန်ငယ်စိတ်ကုန်နေပုံ၊ အတွေးလွန်နေပုံများကို မြင်ရသော သုဒ္ဓါဒနမင်းကြီးက တစ်နေ့နေ့တွင် သူ၏သားတော်ကလေးသည် ဆာရူး (ဘုန်းကြီး)များ၏ ဖြားယောင်းရာပါ၍ ထီးနန်းကိုစွန့်လွှာလေမည်လားဟု စိုးရွံ့ကြောက်လန့်စပြုခဲ့လေသည်။ ထို့ကြောင့် သုဒ္ဓါဒနသည် နိုင်ငံနီးနားဖြစ်သော ကောလိယဂဏ(ဒီမိုကရေစီနိုင်ငံ)မှ ချောမောလှပသော သမီးကညာ ဘဒ္ဒါကာပိလာယနီ(ယသောဓရာ)နှင့် ထိမ်းမြားလက်ဆက်ပေးခဲ့၏။ မင်းသားသည် အနည်းငယ်ကြာသည့်တိုင် အောင် အခြေမပျက် နေထိုင်သွားခဲ့လေသည်။ ထိုအတောအတွင်း မင်းသားတွင် သားတစ်ယောက်ဖွားမြင်ခဲ့၏။ သားတော်ကလေးအား သူ၏ ထွန်းပနေသော အတွေးလဝန်းကို ဖုံးအုပ်မျိုဝါးသွားခြင်းအတွက် ရာဟုလ(ငပုပ်)ဟု အမှတ်အသားပြုကာ သိဒ္ဓတ္ထမင်းသားက ရာဟုလဟု အမည်ပေးခဲ့လေသည်။

သူအို၊ သူနာ၊ သူသေနှင့် ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ မင်းသား၏လောကမှ စိတ်ကုန်ခန်းမှုသည် ရင့်ကျက်သွားခဲ့လေပြီ။ တစ်ည သ၌ မင်းသားသည် တိတ်ဆိတ်စွာ နန်းတော်မှ ထွက်ပြေးခဲ့၏။ ထိုသို့ ထွက်ပြေးခဲ့ခြင်း(တောထွက်ခြင်း)နှင့်ပတ်သက်၍ ဗုဒ္ဓက ကိုယ်တော်တိုင် သုံသုမာရဂိရိဇနပုဒ်(ကျူနာရ်)တွင် ဝစ္ဆရာဇဒေဝယ၏သားတော် ဗောဓိရာဇကုမာရအား ဟောကြားခဲ့၏။ *(မဇ္ဈိမနိကာယ ၂၊ ၄၊ ၅)*

"မင်းသား၊ ဗုဒ္ဓမဖြစ်မီ ငါလည်း ဤသို့ယူဆခဲ့ဖူး၏။ သုခဖြင့် သုခကိုမရနိုင်။ ဒုက္ခဖြင့်သာ သုခကို ရနိုင်၏။ ထို့ကြောင့် အလွန်မည်းနက်သော ဆံပင်များရှိ၍ လှပနုပျိုမှုနှင့်တကွ ငယ်ရွယ်သော ငါသည် ပထမအရွယ်ကပင် မယ်တော် ခမည်းတော်များကို မျက်ရည်စက်လက်နှင့် စွန့်လွှာထားခဲ့ကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ (ပထမ)အာလာရကာလာမထံသို့ သွားခဲ့၏"

အာလာရကာလာမသည် ယောဂ(သမထ)နည်း အချို့ကို ပြောပြ၏။ သို့သော်လည်း သိဒ္ဓတ္ထ၏ စူးစမ်းရှာဖွေမှုသည် ထိုယောဂနည်းဖြင့် မပြည့်စုံခဲ့ပေ။ အာလာရကာလာမထံမှ ထွက်လွှာခဲ့၍ သိဒ္ဓတ္ထသည် ဥဒ္ဒကရာမပုတ္တထံသို့ချဉ်းကပ်လေ၏။ ဥဒ္ဒကထံတွင်လည်း ယောဂနည်းအချို့ကို သင်ကြားနိုင်၏။ သို့သော် ထိုနည်းများဖြင့် တင်းတိမ်မှုမဖြစ်ခဲ့ပေ။ ထိုမှတစ်ဆင့် သိဒ္ဓတ္ထ

သည် ဗောဓဂယာအနီးတွင် (၆)နှစ်ကျော်ခန့် ယောဂလုပ်ငန်းများနှင့် အစာဖြတ်သောလုပ်ငန်းများကို ကြောက်ခမန်းလိလိကျင့်ကြံခဲ့၏။ ထိုကဲ့သို့ ကျင့်ပုံနှင့်ပတ်သက်၍ ဗုဒ္ဓကိုယ်တိုင်ဟောခဲ့၏။ (မဇ္ဈိမနိကာယ ၂၊ ၄၊ ၅)

"ငါ၏ ကိုယ်ကာယသည်(အားနည်းမှု)၏ အဆုံးစွန်သို့တိုင် ရောက်ခဲ့၏။ အနှစ်(၈၀)မျှ ကြာခဲ့ပြီးသော သစ်ပင်၏အဖုအထစ်များကဲ့သို့ ငါ၏ အင်္ဂါကြီးငယ်များလည်း ယိုယွင်းခဲ့လေပြီ။ ကုလားအုပ်၏ခြေထောက်ကဲ့သို့ ငါ၏တင်ပါးရိုးများလည်း ပေါ်ကုန်လေပြီ။ လက်ပွတ်စူးများကို(အနိမ့်အမြင့်) တန်းထားသကဲ့သို့(ရက်ဖောက်များကို တန်းထားသကဲ့သို့)ကျောရိုးများလည်း အဆုံးထကုန်ကြလေပြီ။ တဲအိုပျက်၏ အချင်ရနယ်များ ဖရိုဖရဲဖြစ်ကုန်သကဲ့သို့ ငါ၏နံရိုးများလည်း ဖရိုဖရဲ ကျဲကုန်ကြလေပြီ။ နက်ရှိုင်းသော ရေတွင်းထဲက ကြယ်တာရာများကဲ့သို့ ငါ၏မျက်လုံးများလည်း ဟောက်ပက်နက်ရှိုင်းစွာ ဝင်နေခဲ့ပြီ။ အစိမ်းလိုက် ဖြတ်ထားသော ဘူးခါးပင်သည် လေ၊ နေပူကြောင့် ရုံ့တွည့်ပြုန်မ်းဘိသကဲ့သို့ ငါ၏ဦးရေများလည်း ရုံ့တွည့်ပြုန်မ်းခဲ့လေပြီ။ ထိုကဲ့သို့ အစာဖြတ်ထားခြင်းအားဖြင့် ငါ၏ကျောရိုးများနှင့် ဝမ်းရေများ လုံးဝကပ်နေကြလေပြီ။ ငါသည် အကယ်၍ ကျင်ကြီး သို့မဟုတ် ကျင်ငယ်စွန့်ရန် (ထလိုက်လျှင်) နေရာမှာပင် မှောက်လျက်သား လဲကျ၏။ ကိုယ်ကို သက်သာအောင်မှေး၍ လက်ဖြင့် ကိုယ်ကိုပွတ်လိုက်လျှင် ကိုယ်မှ ဆွေးမြည့်နေသော အမွေးများ အမြစ်ပါကျွတ်ကျ၏။ လူများက ပြောကြ၏။ "ရဟန်းဂေါတမသည် အသားမည်းနက်၏ "အချို့က "အမည်းမဟုတ်၊ ညိုပြာပြာအရောင်ရှိသည် "ဟု ပြောကြ၏။ အချို့က "ငါးခူရောင်ရှိသည် " ဟု ပြော ကြ၏။ ငါ၏ နဂိုဖြူဖြူဖွေးဖွေးအရောင်သည် ပျောက်ကွယ်ခဲ့လေပြီ။

"သို့သော်လည်း ငါသည် ဤ(ပူပန်သော) အကျင့်ဖြင့် ထိုနောက်ဆုံးအမြင်ကို မရခဲ့ပေ။ (ထိုအခါ စဉ်းစားမိ၏) 'ဗောဓိ(ဉာဏ်)အတွက် အခြားလမ်းတစ်ခု ရှိပါသေး၏လော' ထိုနောက် စဉ်းစားမိပြန်၏ 'ငါသည် ခမည်းတော်(သုဒ္ဓေါဒန)သကျ၏ လယ်ထဲတွင် သပြေပင်၏ အေးရိပ်သာအောက်၌ ထိုင်လျက် ပထမဈာန်ကို ဝင်စားခဲ့ဖူး၏။ ထိုလမ်းကြောင်းသည် ဗောဓိ၏လမ်းကြောင်း ဖြစ်ကောင်းဖြစ်လေမည်လော။(သို့သော်လည်း) ဤပုံ အလွန်အကြူးပိန်ကြုံချည့်နဲ့နေသော ကိုယ်ကာယဖြင့် ပထမဈာန် သုခကို ရဖို့ရာ

မလွယ် ကူပေ။ . . . ထို့နောက် ငါသည် အစာကြမ်းဖြစ်သော ပဲနှင့် ထမင်းကို စား၍ ၏။ ငါ အစာကြမ်းကို စားလိုက်သောအခါ ထိုရဟန်း (၅)ပါးစိတ်ပျက်၍ ထွက်သွားကြလေသည်"

ရှေ့သို့ဆက်လက်သော ဘဝခရီးစဉ်နှင့် ပတ်သက်၍ ဗုဒ္ဓက တစ်နေရာတွင် ဟောထားခဲ့၏။ *(မဇ္ဈိမနိကာယ ၁၊ ၃၊ ၆)*

"ငါသည် မွေလျော်ဖွယ်မြေအပြင် တောတစ်ခုၦ စီးဆင်းနေသောမြစ်တစ်ခု (နိရဉ္ဇနာ)ကိုမြင်၏။ ထိုမြစ်၏ကမ်းပါးသည် မွေလျော်ဖွယ်လည်းဖြစ်၏။ ဖြူလည်းဖြူဖွေး၏။ ဤနေရာသာ စိတ်အလုပ်လုပ်စရာ လျောက်ပတ်သော နေရာဖြစ်၏ဟု (ကြံ၍) ထိုနေရာမှာထိုင်၏။ (ထို့နောက်) ဇာတိ၏ ဆိုးယုတ်သောအကျိုးကိုသိမြင်၍ အတုမဲ့နိဗ္ဗာန်ကိုရလေသည်။ ငါ၏ ဉာဏ်အမြင်(မျက်မှောက်ပြုခြင်း)ဖြစ်ပေါ်ခဲ့၏။ ငါ၏ စိတ်ဓာတ်လွတ်လပ်မှု မတုန်မလှုပ်ဖြစ်သွား၏။ ဤသည်လျှင် နောက်ဆုံးဇာတိတည်း။ တစ်ဖန် ယခုအခါ (အခြား) ဇာတိမရှိတော့။

သိဒ္ဓတ္ထ၏ ဤသို့သော ဉာဏ်အမြင်သည် ဖြစ်ခဲ့၏။ ဒုက္ခ၊ ဒုက္ခ၏ အကြောင်း(သမုဒယ)၊ ဒုက္ခ၏ချုပ်ငြိမ်းခြင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းကြောင်းလမ်း၊ အဖြစ်အပျက်မှန်သမျှ အကြောင်းကြောင့်ဖြစ်ကုန်၏။ ထိုအကြောင်းခံရှိသော အဖြစ်အပျက်ကိုလည်း ဟောခဲ့၏။ ဤသို့သော သဘော အယူအဆ(ဝါဒ) ရှိသည့် ရဟန်းကြီးပေတည်း ။

သိဒ္ဓတ္ထသည် (၂၉)နှစ်အရွယ် (၅၃၄ ဘီစီ) တွင် လူ့ဘောင်ကို စွန့်ခွာခဲ့၏။ (၆)နှစ်တိုင်တိုင် ယောဂ(သမထ)အကျင့်များကို ကျင့်ပြီး စူးစိုက်ခြင်း၊ တွေးကြံခြင်းအားဖြင့် (၃၆)နှစ်အရွယ် (၅၂၈ ဘီစီ)တွင် ဗောဓိ(ဉာဏ်)ကို ရ၍ ဗုဒ္ဓဖြစ်ခဲ့၏။ ထို့နောက် (၄၅)နှစ်ကာလပတ်လုံး ဗုဒ္ဓသည် မိမိ၏တရား (အမြင်)ကို ဟောကြား၍ အသက်(၈၀)အရွယ် (၄၈၃)ဘီစီတွင် ကုသိနာရာ (ကဆယာ၊ ဂေါရက္ခပုရ် ဒီစတြိတ်)၌ ပရိနိဗ္ဗာန်ဝင်စံခဲ့သတည်း။

*

၁။ ယေဓမ္မာဟေတုပ္ပဘဝါ၊ တေသံဟေတုံတထာဂတောအာဟ၊ တေသဉ္စ ယောနိရောဓ၊ ဧဝံဝါဒီ မဟာသမဏော။

၂။ ရိုးရိုးအယူအဆ

ဗုဒ္ဓဖြစ်ပြီးနောက် ဗုဒ္ဓသည် ပထမဆုံး မိမိဉာဏ်၏ အခွင့်အရေးရထိုက်သူများကို အစာဖြတ်မှု စွန့်လွှတ်လိုက်ခြင်းကြောင့် လျှောကျသွားပြီဟု အသိအမှတ်ပြုကာ မိမိအား စွန့်ခွာထွက်သွားသော ရဟန်းငါးဦးဟု နားလည်တော်မူ၏။ နားလည်တော်မူပြီးနောက် ဗုဒ္ဓသည် ပဉ္စဝဂ္ဂီတို့၏ ကျောင်းသခင်မ်ားရှိရာ ဣသိပတနမိဂဒါဝုန် (ဆာရ်နာထ်–ဗနရဆ်) သို့ သွားရောက်၏။ ဗုဒ္ဓ၏ ပထမအဆုံးအမတော်ကား အစာဖြတ်မှုကို စွန့်လွှတ်၍ အာဟာရစတင်သုံးဆောင်သောမိမိအား ပဉ္စဝဂ္ဂီတို့ စွန့်ခွာသွားစဉ်က ယုံမှားသံသျယဖြစ်မှုကို ပယ်ဖျက်ရန် ဖြစ်လေသည်။ ဗုဒ္ဓက ဟောခဲ့၏။

(ဓမ္မစက္ကပ္ပဝတ္တနသုတ္တ–
သံယုတ္တနိကာယ ၅၆၊ ၂၊ ၁)

"ရဟန်းတို့။ ဤအစွန်းလမ်း ၂ ခုကို မမှီဝဲအပ်။ –၁၊ ကာမချမ်းသာတွင် အလိမ်းကျဲခံနေခြင်း။ ၂၊ ကိုယ်ကာယအပင်ပန်းခံနေခြင်း။ ဤ ၂ ခုသော အစွန်းတို့ကိုစွန့်၍ (၎င်း) သည် အလယ်လမ်းကို ရှာဖွေထုတ်ဖော်ခဲ့၏။ ၎င်းလမ်းကား အမြင်ကို ပေး၏။ အသိကိုဖြစ်စေ၏။ ငြိမ်းချမ်းမှုကိုပေး၏။ ထို(အလယ်လမ်း)ကား ဤအရိယ(မြတ်သော) အင္ဂါက(အင်္ဂါရှစ်ပါးရှိသော) မဂ်တည်း။ သရုပ်အားဖြင့်သော်ကား အမြင်မှန်၊ အတွေးမှန်၊ အပြောမှန်၊ အလုပ်မှန်၊ အသက်မွေးဝမ်းကျောင်းမှန်၊ ကြိုးပမ်းမှုအမှန်၊ အောက်မေ့မှုအမှန်နှင့် စိတ်စွဲမှုအမှန်များ ဖြစ်စေသတည်း"

၂း၁။ လေးခုသော အရိယသစ္စာ

ဒုက္ခ၊ ဒုက္ခသမုဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓဂါမိမဂ္ဂ။ ၎င်းတို့ကို ကျွန်ုပ်တို့ ညွှန်ပြခဲ့လေပြီ။ ထိုတရား ၄ ပါးကို "အရိယာသစ္စာ"မြင့်မြတ်သော အမှန်များဟု ဗုဒ္ဓက ဟောခဲ့၏။

(က) ဒုက္ခသစ္စာကို ဖွင့်ပြလျက် ဗုဒ္ဓက ဟောတော်မူခဲ့၏။ "ဇာတိလည်း ဒုက္ခ၊ ဇရာလည်း ဒုက္ခ၊ မရဏလည်း ဒုက္ခ၊သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသလည်း ဒုက္ခ၊ အပ္ပိယေဟိ သမ္ပယောဂ၊ ပိယေဟိ ဝိပ္ပယောဂလည်း ဒုက္ခ၊ လိုလျက်မရခြင်းလည်း ဒုက္ခ၊ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးမျိုး စလုံးဒုက္ခဖြစ်၏။ *(ဒီဃနိကာယ၊ မဟာသတိပဋ္ဌာနသုတ္တ)*။

ဥပါဒါနခန္ဓာငါးမျိုး– ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကား ဥပါဒါနက္ခန္ဓာငါးမျိုးတည်း။

ရုပ်– မဟာဘုတ် ၄ ပါး–ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော–၎င်းတို့ကား ရုပ်–ဥပါဒါနက္ခန္ဓာတည်း။

ဝေဒနာ– အရာဝတ္ထုချင်း သို့မဟုတ် အရာဝတ္ထုများကို တွေးဆ ဆင်ခြင်၍ နာမ်တရားပေါင်းဆုံလာရာ သုခ၊ ဒုက္ခ သို့မဟုတ် သုခမဟုတ် ဒုက္ခမဟုတ်သောအနေဖြင့် ခံစားမှုကို ကျွန်ုပ်တို့က ဝေဒနာဟုခေါ်ကြ၏။

သညာ– ဝေဒနာ၏နောက်၌ ကျွန်ုပ်တို့ဦးနောက်၌ ပထမကပင် စတင် ထင်စွဲလာခဲ့သော သင်္ခါရအားဖြင့် "ဤသူကား ထိုဒေဝဒတ်ပင်တည်း" ဟု ကျွန်ုပ်တို့ သိမှတ်မိကြ၏။ ၎င်းမှတ်မိသောသဘောကို သညာဟု ခေါ်၏။

သင်္ခါရ– ရုပ်နှင့်တွဲစပ်နေသော ဝေဒနာနှင့်သညာတို့၏ အထုံသည် ဦးနှောက်တွင် စွဲကပ်နေ၏။ ၎င်း၏အကူအညီအားဖြင့် ကျွန်ုပ်တို့သည် "ဤသူကား ထိုဒေဝဒတ်ပင်တည်း" ဟု သိမှတ်မိကြ၏။ ထိုစွဲကပ်နေသော သဘော၊ မှတ်မိမှုတွင် တူညီသော သဘောကို သင်္ခါရဟုခေါ်၏။

ဝိညာဏ်–အသိသဘော မနကို ဝိညာဏ်ဟုခေါ်ကြ၏။ အဆိုပါခန္ဓာ ငါးပါးသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ တဏှာအာရုံအဖြစ်သို့ရောက်သောအခါ ၎င်းခန္ဓာကိုပင် ဥပါဒါနက္ခန္ဓာဟု ခေါ်၏။ အဆိုပါ ဥပါဒါနက္ခန္ဓာ ၅ မျိုးကို ဒုက္ခသဘောရှိ၏ဟု ဗုဒ္ဓက ဟောတော်မူ၏

(ခ) ဒုက္ခအကြောင်း၊ ဒုက္ခ၏ အကြောင်းကား အဘယ်နည်း။ ကာမ

တဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု ကွဲပြားသော တဏှာတည်း။ ဣန္ဒြေများ၏ နှစ်သက်အပ်သော အာရုံများ၊ ပေါင်းစပ်မိခြင်းအာရုံများကို အသိအမှတ်ပြုခြင်းသည် တဏှာကိုဖြစ်ပွားစေ၏။ ကာမ(ချစ်အပ်သော အသုံးအဆောင်)အတွက်ကြောင့်ပင် ရာဇာ ရာဇာချင်းတိုက်ခိုက်ကြ၏။ ခတ္တိယ ခတ္တိယချင်း တိုက်ခိုက်ကြ၏။ အမိက သား၊ သားက အမိ၊ အဖက သား၊ သားက အဖ၊ အစ်ကိုက ညီ၊ ညီက အစ်ကို၊ နှမက မောင်၊ မောင်က နှမ၊ မိတ်ဆွေက မိတ်ဆွေအချင်းချင်း တိုက်ခိုက်ကြ၏။ ၎င်းတို့သည် အချင်းချင်းငြင်းခုံကြ၏။ ခိုက်ရန်ဖြစ်ပွားကြ၏။ အယူအဆကွဲပြားကြ၏။ အချင်းချင်းလက်ရောက် ကျူးလွန်ကြ၏။ တုတ်တစ်ပြက် ဓားတပြက် ကျူးလွန်ကြ၏။ ထိုသို့ အချင်းဖြစ်ပွားကြသဖြင့် သေသော်လည်း သေလုနီးပါး ဒုက္ခကြီးစွာရောက်ကြ၏။ *(မဇ္ဈိမနိကာယ ၁၂၊ ၃)*

(ဂ) ဒုက္ခချုပ်ငြိမ်းမှု– ထိုတဏှာ၏ အဆုံးစွန်ချုပ်ငြိမ်းမှု၊ စွန့်လွှတ်မှု၊ ပျောက် ပြယ်မှုကို ဒုက္ခချုပ်ငြိမ်းမှုဟု ခေါ်အပ်၏။ ချစ်အပ်သော အာရုံများနှင့် ထို အာရုံများကို အာရုံပြုသော တွေးဆကြံရွယ်မှုများမှ တဏှာလွတ်သွားသော အခါ တဏှာ၏ ချုပ်ငြိမ်းမှုဖြစ်၏။

တဏှာချုပ်ငြိမ်းသွားသောအခါ ဥပါဒါန် (အာရုံများကို သိမ်းပိုက်စွဲလမ်းမှု) ချုပ်ငြိမ်း၏။ ဥပါဒါန်ချုပ်ငြိမ်းခြင်းကြောင့် ဘဝ (လောက) ချုပ်ငြိမ်း၏။ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဇာတိ (ဘဝသစ်) ချုပ်ငြိမ်း၏။ ဇာတိချုပ်ခြင်းကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသများ ချုပ်ငြိမ်းကြ၏။ ဤသို့အားဖြင့် ဒုက္ခချုပ်ငြိမ်း၏။

ဤဒုက္ခချုပ်ငြိမ်းမှုသည်ပင်လျှင် ဗုဒ္ဓအဘိဓမ္မာအရပ်ရပ်၏ ဗဟိုချက်မဖြစ်၏။

(ဃ) ဒုက္ခချုပ်ငြိမ်းမှုလမ်းကြောင်း– ဒုက္ခချုပ်ငြိမ်းမှုဘက်သို့ ဆောင်ကြဉ်း သွားသောလမ်းကားအဘယ်နည်း။ အရိယအဋ္ဌင်္ဂိကမဂ်တည်း။ ၎င်းတို့ကို ရှေ့ပိုင်းတွင် ရေတွက်ခဲ့ပြီးလေပြီ။ အရိယအဋ္ဌင်္ဂိကမဂ်၏ ရှစ်ပါးသော မဂ်တို့ကို အသိ (ပညာ)၊ သူတော်ကျင့် (သီလ) နှင့် ယောဂ (သမာဓိ) ဟူ၍ ၃ ပိုင်း (ခန္ဓ) ပိုင်းပုံမှာ အောက်ပါအတိုင်းဖြစ်၏။

ဃ။ ပညာ

၁။ အမြင်မှန် (သမ္မာဒိဋ္ဌိ)

၂။ အတွေးမှန် (သမ္မာသင်္ကပ္ပ)

ဃ။ သီလ

၃။ အပြောမှန် (သမ္မာဝါစာ)

၄။ အလုပ်မှန် (သမ္မာကမ္မန္တ)

၅။ အသက်မွေးမှုအမှန် (သမ္မာအာဇီဝ)

ဃ။ သမာဓိ

၆။ ကြိုးပမ်းမှုအမှန် (သမ္မာဝါယာမ)

၇။ အောက်မေ့မှုအမှန် (သမ္မာသတိ)

၈။ စိတ်စွဲမှုအမှန် (သမ္မာသမာဓိ)

ဃ။ ပညာ

၁။ အမြင်မှန်

မှန်သော (သမ္မာ) အမြင် (ဒိဋ္ဌိ) – ကိုယ်၊ နှုတ်၊ စိတ်ဆိုင်ရာအကောင်း၊ အဆိုးလုပ်ငန်းများနှင့်ပတ်သက်၍ တည့်တည့်ကျကျ အမြင်ကို အမြင်မှန်ခေါ်၏။ အကောင်းအဆိုးလုပ်ငန်းများကား ဤသို့ပြား၏။

အဆိုးလုပ်ငန်းများ

(ဒုစရိုက်များ)

ကာယက်

၁။ သတ်ခြင်း (ပါဏာတိပါတ)

၂။ ခိုးခြင်း (အဒိန္နာဒါန)

၃။ (ကျတ္ထိလိင်ဆိုင်ရာ) ကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ)

ဝစီက်

၄။ မုသားဆိုခြင်း (မုသာဝါဒ)

၅။ ကုန်းတိုက်ခြင်း: (ပိသုဏဝါစာ)
၆။ ကြမ်းကြုတ်စွာ ပြောခြင်း: (ဖရုသဝါစာ)
၇။ အကျိုးမဲ့ရောက်တတ်ရာပြောခြင်း: (သမ္ဖပ္ပလာပ)

မနောက်

၈။ လောဘ(အဘိဇ္ဈာ)
၉။ ရန်လိုခြင်း: (ဗျာပါဒ)
၁၀။ အယူမှားခြင်း: (မိစ္ဆာဒိဋ္ဌိ)

အကောင်းလုပ်ငန်းများ
(သုစရိုက်များ)

ကာယက်

၁။ မသတ်ခြင်း: (ပါဏာတိပါတ ဝိရတီ)
၂။ မခိုးခြင်း: (အဒိန္နာဒါန ဝိရတီ)
၃။ မကျူးလွန်ခြင်း: (ကာမေသုမိစ္ဆာစာရ ဝိရတီ)

ဝစီက်

၄။ မုသားမဆိုခြင်း: (မုသာဝါဒ ဝိရတီ)
၅။ ကုန်းမတိုက်ခြင်း: (ပိသုဏဝါစာ ဝိရတီ)
၆။ ကြမ်းကြုတ်စွာမပြောခြင်း: (ဖရုသဝါစာ ဝိရတီ)
၇။ အကျိုးမဲ့ရောက်တတ်ရာမပြောခြင်း: (သမ္ဖပ္ပလာပ ဝိရတီ)

မနောက်

၈။ အလောဘ (အနဘိဇ္ဈာ)
၉။ ရန်မလိုခြင်း: (အဗျာပါဒ)
၁၀။ အယူမှန်ခြင်း: (သမ္မာဒိဋ္ဌိ)

သစ္စာလေးပါး၌ အမှန်မြင်မှုကိုပင် အမြင်မှန်ဟုခေါ်၏။

၂။ အတွေးမှန်– တပ်မက်မှု၊ ညှဉ်းပန်းလိုမှု၊ ရန်လိုမှုကင်းသော အတွေးကိုပင် အတွေးမှန်ဟုခေါ်၏။

ဃး၂။ သီလ

၃။ အပြောမှန်– ဝစီကံ ဒုစရိုက်လေးပါးမှကင်းသော အပြောကို အပြောမှန်ဟု ခေါ်၏။

၄။ အလုပ်မှန်– ကာယကံ ဒုစရိုက်သုံးပါးမှကင်းသော အလုပ်ကို အလုပ်မှန်ဟု ခေါ်၏။

၅။ အသက်မွေးမှုအမှန်– မတရားအသက်မွေးဝမ်းကျောင်းကို ရှောင်၍ တရားသော အသက်မွေးဝမ်းကျောင်းဖြင့် ကိုယ်ကာယမွေးခြင်းကို အသက်မွေးမှု အမှန်ဟုခေါ်၏။ ဗုဒ္ဓဓေတ်အခါက အုပ်စိုးသူ–သွေးစုပ်သူ လူ့အဖွဲ့အစည်းက ကျေနပ်စွာ ခွင့်ပြုထားသော အသက်မွေးဝမ်းကျောင်းများ အားလုံးအနက် သက်ရှိသတ္တဝါအပေါ် ညှဉ်းပန်းမှုနှင့်ပတ်သက်သော အောက်ပါအသက်မွေးဝမ်းကျောင်းများကိုသာ ဗုဒ္ဓက မတရားသော အသက်မွေးဝမ်းကျောင်းဟုဟောဆိုခဲ့၏။ *(အင်္ဂုတ္တရနိကာယ ၅)*

"လက်နက်ကုန်သွယ်ခြင်း၊ သက်ရှိသတ္တဝါ ကုန်သွယ်ခြင်း၊ အသားကုန်သွယ်ခြင်း၊ ယစ်မျိုးကုန်သွယ်ခြင်း၊ အဆိပ်ကုန်သွယ်ခြင်း"

ဃး၃။ သမာဓိ

၆။ ကြိုးပမ်းမှုအမှန်– မျက်စိ၊ နား၊ လျှာ၊ ကိုယ်တည်းဟူသော ဣန္ဒြေများကို စောင့်ထိန်းခြင်း၊ စိတ်ဆိုး စိတ်ယုတ်များမပေါ်ရန်၊ စိတ်ကောင်းစိတ်မြတ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းမှု၊ ဖြစ်ပေါ်လာသော စိတ်ကောင်းမျိုးဆက်လက်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းမှုများကို ကြိုးပမ်းမှုအမှန်ဟုခေါ်၏။

၇။ အောက်မေ့မှုအမှန်– ကိုယ်ကာယဝေဒနာ စိတ်နှင့်မနဆိုင်ရာ ဓမ္မာရုံများ၏ တကဲ့အဖြစ်မှန်–ဂင်းတို့၏ ညစ်နွမ်းမှုခဏတိုင်း ပျက်စီးကြေပြုန်းမှုသဘော အစရှိသည်၌ အမြဲမပြတ်အောက်မေ့မှုကို အောက်မေ့မှုအမှန်ဟု ခေါ်၏။

၈။ စိတ်စွဲမှန်– စိတ်ဓာတ်၏ တည်ကြည်မှု (တစ်အာရုံတည်းတွင် စွဲဝင်နေမှု) ကို သမာဓိခေါ်၏။ *(မဇ္ဈိမနိကာယ ၁၊ ၅၊ ၄)* စိတ်၏ပျံ့လွင့်မှုကို ဖယ်ရှားနိုင်သော သဘောသည် စိတ်စွဲမှန်ဖြစ်၏။ ဗုဒ္ဓ၏အဆုံးအမတော်များကို အကျဉ်းဆုံးအားဖြင့် ချုပ်ထားသော ရှေးဟောင်းဂါထာတစ်ပုဒ်၌ ဤသို့

ဆိုထားခဲ့၏။

"အဆိုးဟူသမျှမပြုခြင်း၊ အကောင်းဟူသမျှ ပြည့်စုံအောင်ပြုခြင်း၊ မိမိစိတ်ကိုဖြူစင်အောင် စောင့်ထိန်းခြင်း၊ ဤသည်လျှင် ဗုဒ္ဓတို့၏ကျင့်ဝတ်သိက္ခာတည်း"

(သဗ္ဗပါပဿအကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တပရိယောဒါပနံ၊ ဧတံဗုဒ္ဓါနသာသနံ။)

မိမိအဆုံးအမတော်၏ မုချအကျိုးကား အဘယ်နည်းဟူသော ပြဿနာကို ဗုဒ္ဓက ဤသို့ဟောကြားဖြေရှင်းတော်မူခဲ့၏။ *(မဇ္ဈိမနိကာယ ၁၊ ၃၊ ၉)*

"ရဟန်းတို့၊ ဤဗြဟ္မစရိယ(ရဟန်းဘဝ)သည် လာဘ်၊ ပူဇော်သက္ကာ၊ ချီးမွမ်းမှုများအတွက်မဟုတ်။ သီလရရှိရေးအတွက်မဟုတ်။ သမာဓိရရှိရေးအတွက်မဟုတ်။ အသိဉာဏ်အမြင်အတွက်မဟုတ်။ မခိုင်ခံ့သော စိတ်ဓာတ်၏ လွတ်မြောက်မှုသာ ဗြဟ္မစရိယ၏ အဆုံးတည်း"

ဗုဒ္ဓ၏ အဘိဓမ္မာဆိုင်ရာ အယူအဆများကိုမပြီ ဗုဒ္ဓအတ္ထုပ္ပတ္တိ၏ ကျန်သောအပိုင်းကို လတ်စသတ်ပေးဖို့ လိုအပ်သေး၏။

ဆာရ်နာတ်တွင် မိမိ၏ တရားဓမ္မကို ပထမဆုံးဟောကြား၍ ထိုအရပ်မှာပင် ဝါဆိုတော်မူ၏။ ဝါကျွတ်သောအခါ ထိုအရပ်ကို စွန့်ခွာ၍ ပထမ ၄ လအတွင်းရရှိသော မိမိ၏တပည့် ၆၀ ကို ဗုဒ္ဓက ဤသို့ ထုတ်ဖော်ညွှန်ကြားတော်မူ၏။ *(သံယုတ္တနိကာယ ၄၊ ၁၊ ၄)*

"ရဟန်းတို့၊ လူအများအကျိုးစီးပွားအတွက်၊ လူအများချမ်းသာရေးအတွက်၊ လောကအပေါ် ကြင်နာမှုအတွက်၊ နတ် လူတို့၏ အကျိုးစီးပွားချမ်းသာအတွက် လှည့်လည်သွားလာကြကုန်လော . . . ငါလည်း . . . ဥရုဝေလာ . . .သေနာနီရွာသို့ တရားဟောရန် သွားပေအံ့"

ထို့နောက် ဗုဒ္ဓသည် ၄၄ နှစ်ကာလပတ်လုံး အသက်ရှည်တော်မူ၏။ ထို ၄၄ နှစ်အတွင်း ဝါတွင်းသုံးလအချိန်များကို ချန်ထား၍ ထိုထိုအရပ်သို့ မပြတ်ပင် လှည့်လည်တော်မူကာ လောကကြီးအား မိမိ၏ ဘာသာတရားနှင့် အဘိဓမ္မာများကို ဟောကြားတော်မူ၏။ ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ရောက်ပြီးနောက် ၄၄ ဝါကို အောက်ပါဌာနများ၌ ကပ်ဆိုတော်မူခဲ့၏။

ဝါဆိုစဉ်

	အရပ်	ခုနှစ် (ဘီစီ)
	(လုမ္ဗိနီ-မွေးဖွား)	၅၆၃
	(ဗောဓဂယာ-ဘုရားဖြစ်)	၅၂၈
၁	ဣသိပတန(ဆာရ်နာတ်)	၅၂၈
၂-၄	ရာဇဂြိုဟ်	၅၂၇-၂၅
၅	ဝေသာလီ	၅၂၄
၆	မကုလတောင် (ဗိဟာရ်)	၅၂၃
၇	(ဘာဝတီသာ?)	၅၂၂
၈	သုံသုမာရဂိရိ (ကျူနာရ်)	၅၂၁
၉	ကောသမ္မီ (ဣလာဟာဗာဒ်)	၅၂၀
၁၀	ပါရိလေယျက (မိရ်ဂျာပုရ်)	၅၁၉
၁၁	နာလာ (ဗိဟာရ်)	၅၁၈
၁၂	ဝေရဉ္ဇာ (ကနွေးက်ဂျာနှင့် မထုရာအကြား)	၅၁၇
၁၃	စာလိယတောင် (ဗိဟာရ်)	၅၁၆
၁၄	သာဝတ္ထီ (ဂေါဏ္ဍာ)	၅၁၅
၁၅	ကပိလဝတ္ထု	၅၁၄
၁၆	အာလဝီ (အာရ်ဝလ်)	၅၁၃
၁၇	ရာဇဂြိုဟ်	၅၁၂
၁၈	စာလိယတောင်	၅၁၁
၁၉	စာလိတောင်	၅၁၀
၂၀	ရာဇဂြိုဟ်	၅၀၉
၂၁-၄၅	သာဝတ္ထီ	၅၀၈-၄၈၄
၄၆	ဝေသာလီ	၄၈၃

(ကုသိနာရာတွင် ပရိနိဗ္ဗာန်စံဝင်သည်-၄၈၃)

ဗုဒ္ဓလှည့်လည်တော်မူသော ဌာနများမှာ များသောအားဖြင့် ယူ-ဗီ-နယ် နှင့် ဗိဟာရ်နယ်တစ်ဝိုက်အတွင်းသာ သတ်မှတ်ပိုင်ခြားအပ်၏။ ၎င်းတို့မှ အပြင် ဘက်သို့ ဗုဒ္ဓသည် တစ်ခါတစ်ရံမှ မထွက်ခဲ့ပေ။

၂း၂။ ဇနတန္တဝါဒ(ဒီမိုကရေစီဝါဒ)

ဗုဒ္ဓသည် တစ်ဖက်တွင် ကာမစည်းစိမ်နှင့်ချည်း အလွန်အကြူးဖြစ်နေသောဘဝကို ဆန့်ကျင်၍ အခြားတစ်ဖက်တွင်ကား ကိုယ်ကာယအား ညှဉ်းခြောက်သွားအောင် ညှဉ်းပန်းခြင်းကို မိုက်မဲသည်ဟု အမှတ်အသားပြု၏။ ကံခန်း (ကမ္မကဏ္ဍ)၊ ဆည်းကပ်မှုများထက် အသိဉာဏ်နှင့်ဆင်ခြင်တုံဝါဒဘက်သို့ ဗုဒ္ဓက ပိုမိုညွတ်ယိုင်လေသည်။

ဗုဒ္ဓအဘိဓမ္မာနှင့်ပတ်သက်၍ ထူးခြားချက်ကို ကျွန်ုပ်တို့ ဆိုလတ္တံ့ဖြစ်၏။ အဆိုပါ အဘိဓမ္မာ၏ ထူးခြားချက်အားလုံးကြောင့် မိမိသက်တော်ထင်ရှားရှိစဉ်မှာသော်လည်းကောင်း၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်မှာသော်လည်းကောင်း၊ ဗုဒ္ဓသည် အထက်တန်းစား ထက်မြက်သော ပုဂ္ဂိုလ်များကို ဆွဲဆောင်နိုင်ခဲ့လေသည်။ မဂဓတိုင်းမှ သာရိပုတ္တ၊ မောဂ္ဂလ္လာယန၊ မဟာကဿပတို့သာမဟုတ်၊ ဝေးလံလှစွာသော ဥဇ္ဇေနီပြည် မင်းပုရောဟိတ် မဟာကစ္စာယနကဲ့သို့သော ဗြာဟ္မဏပညာရှိများပင် ဗုဒ္ဓ၏တပည့်များဖြစ်ကြ၏။ အဆိုပါတပည့်များသည် ဗြာဟ္မဏတို့၏ ဘာသာရေးနှင့် ကိုယ်ကျိုး ကိုယ်စီးပွားအား ဆန့်ကျင်နေသော ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ဗြာဟ္မဏများတွင် မခံမရပ်နိုင်ခြင်း (အထူးသဖြင့် ပထမပိုင်း ရာစုနှစ်များ၌)မှ တားဆီးခဲ့ကြလေသည်။

မဂဓဘုရင် ဗိမ္ဗိသာရသည် ဗုဒ္ဓ၏နောက်လိုက် (သာဝက)ဖြစ်၏။ ကောသလဘုရင် ပသေနဒီ(ဒီ)သည် ဗုဒ္ဓလည်း ကောသလခတ္တိယမျိုး၊ သူလည်း ဂေါတမသလခတ္တိယမျိုးဟူသော အစွဲဖြင့် အလွန်စိတ်ကြီးဝင်ခဲ့၏။ ပသေနဒီသည် ဗုဒ္ဓနှင့် ပိုမိုရင်းနှီးစေရန် သာကီဝင်မင်းသမီးတစ်ဦးနှင့် ထိမ်းမြားခဲ့၏။ သက္ကၠ၊ မလ္လ၊ လိစ္ဆဝီ ဒီမိုကရေစီနိုင်ငံများတွင် ဗုဒ္ဓ၏သာဝက အမြောက်အများရှိခဲ့၏။ ဗုဒ္ဓသည် ဒီမိုကရေစီနိုင်ငံတစ်ခု(မလ္လ)တွင် ပရိ နိဗ္ဗာန်စံခဲ့၏။ ဗုဒ္ဓသည် ဒီမိုကရေစီစနစ်ကို အဘယ်မျှ ချစ်မြတ်နိုးသနည်းဆိုသော် အဇာတသတ်မင်းနှင့် ရင်းနှီးစွာ ဆက်ဆံမှုရှိသော်လည်း အဇာတသတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လိစ္ဆဝီတို့ကို ချီးမွမ်းထောမနာပြုလျက် နိုင်ငံတော်၏ မရဏမနိမ့်ကြောင်း အောက်ပါအချက် ခုနစ်မျိုး(အပရိဟာနီယ တရား

ခုနစ်ပါး)ကို ဟောကြားခဲ့၏။ (ဒီဃနိကာယ ၂၊ ၃၊ မဟာပရိနိဗ္ဗာနသုတ္တ)

(၁) မပြတ်မလပ်စည်းဝေး၍ စုပေါင်းဆုံးဖြတ်ချက်ချခြင်း

(၂) (ဆုံးဖြတ်ချက်နှင့်အညီ) ကိစ္စကို တစ်ပေါင်းတည်း ဆောင်ရွက်ခြင်း၊

(၃) စနစ်(ဥပဒေနှင့် စည်းမျဉ်း)ကို စောင့်ရှောက်ခြင်း

(၄) လူကြီးသူမများအား အရိုအသေပြုခြင်း၊

(၅) အမျိုးသမီးများအား အနှိုင်အထက် မနှိပ်ကွပ်ခြင်း

(၆) လူမျိုးဆိုင်ရာ ဓလေ့ထုံးစံကို စောင့်ရှောက်ခြင်း

အဆိုပါ ခုနစ်ချက်တွင် စုပေါင်းဆုံးဖြတ်ချက်ချမှု၊ စုပေါင်း၍ ကိစ္စကို ဆောင်ရွက်မှု၊ အမျိုးသမီး လွတ်လပ်မှုများသည် တိုးတက်မှုနှင့် ဆီလျော်သော အယူအဆများဖြစ်၏။ သို့သော် ကျန်သောအကြောင်းအရာများ၌ ညွှန်ကြားဆော်သြပေးခြင်းမှာကား ထိုခေတ် လူမှုစနစ်တွင် ဗုဒ္ဓက လက်ဝင်မရှိချင်သော သဘောကိုသာ ဖော်ပြပေ၏။ ပုဂ္ဂိုလ်စွဲ တဏှာ၏ ဆိုးဝါးသော အကျိုးသာတည်း။ ဒုက္ခတို့၏အကြောင်းကား ပုဂ္ဂိုလ်စွဲတဏှာသာတည်း။ ဒုက္ခများကို သရုပ်ဖော်လျက် ဗုဒ္ဓက ဟောတော်မူခဲ့၏။ (သံယုတ္တနိကာယ၊ ၁၄)

"ကြာမြင့်စွာသောကာလမှ သင်တို့သည် အမိ၊ အဖ၊ သားသမီးများ၏ သေကျေပျက်စီးမှုကို သည်းခံခဲ့ကြရလေပြီ။ စည်းစိမ်ဥစ္စာပျက်စီးမှု၊ ရောဂါဝေဒနာ ဖိစီးမှုများကို သည်းခံခဲ့ကြလေပြီ။ ချစ်သူ ချစ်အပ်သောအရာနှင့် ကွေကွင်းရခြင်း၊ မချစ်သူ မချစ်အပ်သောအရာနှင့်ပေါင်းဆုံရခြင်းတို့ကြောင့် ငိုကြွေးမြည်တမ်းရင်း ထွက်ကျစီးယိုခဲ့ရသော မျက်ရည်မှာ သမုဒ္ဒရာလေးစင်း ရေထက်ပင်များခဲ့၏"

ဤဒေသနာတော်၌ ဒုက္ခနှင့် ဒုက္ခအရင်းအမြစ်ကို လူ့အဖွဲ့အစည်းတွင် အမှတ်အသားမပြုဘဲ ပုဂ္ဂိုလ်တွင် ကြည့်ရှုရန် ကြိုးစားတော်မူခဲ့၏။ ဗုဒ္ဓ၏ အလိုတော်အရ သက်ရောက်သော အဓိပ္ပာယ်မှာ–ဆူးငြောင့်ခလုတ်များမှ ကာကွယ်ရန် မြေပြင်တစ်ခုလုံး ဖုံးအုပ်မထားနိုင်။ မိမိ၏ ခြေထောက်များကို သားရေဖြင့် အုပ်ဖုံး၍ ဆူးငြောင့်ခလုတ်များမှ ကာကွယ်နိုင်သည်ဟူ၍ ဖြစ်၏။ ထိုစဉ်အခါကား ဗုဒ္ဓကဲ့သို့ လက်တွေ့ဝါဒသမား အဘိဓမ္မာဆရာများသည် လူ့အဖွဲ့အစည်းတွင် ဖြစ်ပွားလျက်ရှိသော မကောင်းမှုများကို လူ့အဖွဲ့အစည်းဆိုင်ရာ ကုစားမှုဖြင့် ဖယ်ရှင်းနေသောအချိန်လည်း မဟုတ်ပေ။ သို့

သင်တို့ဖြေကြမည်။

တစ်ဖန်အမေးရှိပြန်၏။ ပျက်စီးမှုသည် ထင်းနှင့် ကွဲပြားသလော၊ အတူတူပင်လော။ အတူတူပင်ဟုပင် ဝန်ခံလျှင် ပျက်စီးမှုကိုပြုသောမီးသည် ထင်းပင်ဖြစ်ခဲ့၏။ သို့ဖြစ်လျှင် "ပျက်စီးမှု" ဟူသည့်အဓိပ္ပာယ်မှာ ထင်းဖြစ်ခဲ့၏။

တူပင်လော။ အတူတူပင်ဟုပင် ဝန်ခံလျှင် ပျက်စီးမှုကိုပြုသောမီးသည် ထင်းပင်ဖြစ်ခဲ့၏။ သို့ဖြစ်လျှင် "ပျက်စီးမှု" ဟူသည့်အဓိပ္ပာယ်မှာ ထင်းဖြစ်ခဲ့၏။ ထင်း၏ပျက်စီးမှုမဟုတ်ဟု ဆိုလိုသည်။ သို့ဖြစ်လျှင် ထင်း၏ပျက်စီးမှုမဖြစ်သဖြင့် ထင်းကိုမြင်ရခြင်းဖြစ်သင့်၏။ "အကယ်၍ မီးကြောင့်ဖြစ်သောထိုအရာဝတ္ထုသည် ထင်း၏ ပျက်စီးမှုပင်တည်း။ ထို့ကြောင့် ထင်းကို မြင်ရမှုမဖြစ်နိုင်တော့ပေ" ဟု ဆိုခဲ့ကြားအံ့။ တစ်ဖန် အမေးထွက်လာပေရာ၏။ ပျက်စီးခြင်းတည်းဟူသော အရာဝတ္ထုတစ်ခု၏ ပျက်စီးမှု အဘယ်သို့လျှင်ဖြစ်အံ့နည်း။ ပျက်စီးမှုသည် ဘာဝသဘောရှိသော အရာတခုကဖြစ်လျှင် ထင်းကို

ပျက်စီးမှုတည်းဟူသော ဘာဝဝတ္ထုသည် ထင်းကိုသတ်တတ်သော သဘောဖြစ်နေ၏။ ရာမသည် သာမကိုသတ်၏ (=ဖျက်ဆီး၏) ထိုအခါ တရားသူကြီးသည် ရာမကို ကြိုးပေး၏ဟု အကယ်၍ဆိုငြားအံ့။ သို့သော်လည်း ရာမကို ကြိုးပေးပြီးသော် –"သတ်သူပျက်စီးသွားသော" အခါ လည်း သေသူ(ပျက်စီးသွားသောသာမ)၏ တစ်ဖန်အရှိသဘောသို့ ရောက်မလာတော့သကဲ့သို့ ဤအရာတွင်လည်း ပျက်စီးတတ်သောသဘောရှိသည့် ပျက်စီးမှုအရာဝတ္ထုပျောက်ဆုံးသွားသော်လည်း ထင်းသည် တစ်ဖန်အရှိသဘောသို့ ရောက်မလာတော့ပေ။

သို့သော်လည်း ဥဒါဟရဏ်သည် အမှားမဟုတ်လော။ ရာမသာမ၏ ပျက်စီးမှုတွင် သတ်သူ (=ရာမ) သည် သာမ၏ သေခြင်းမဟုတ်။ စင်စစ်သော်ကား သာမ၏ သေခြင်းသည် သူ၏အသက်၊ ဣန္ဒြေစသည်၏ ပျက်စီးမှုသာဖြစ်၏။ အကယ်၍ သာမ၏အသက် ဣန္ဒြေစသည်ပျက်စီးမှုကို ဖယ်ထုတ်လိုက်လျှင် သာမသည်မချွတ်မလွဲအရှိသဘောသို့ ရောက်လာပေလိမ့်မည်။ သို့သော် ဤနေရာ၌ သင်တို့သည် ပျက်စီးမှုအရာဝတ္ထု"ထင်း၏သေခြင်း"ကို အသိအမှတ်ပြုကြ၏။ ထို့ကြောင့် ပျက်စီးမှုအရာဝတ္ထုပျောက်ကွယ်သွားသောအခါ ထင်းသည် တစ်ဖန်အရှိသဘောသို့ ပြန်လည်ရောက်ရှိလာသင့်၏။

– ပျက်စီးမှုသည် မကွဲပြားသော ဘာဝဝတ္ထုတစ်ခုဖြစ်သည်ဟု ယူဆလျှင်လည်း အရာရောက်မည်မဟုတ်ပေ။ ပျက်စီးမှုတည်းဟူသော ဘာဝဝတ္ထုသည် ထင်းနှင့်မကွဲပြားသော အရာဝတ္ထုတစ်ခုဟု ယူဆခဲ့သော် ပျက်စီးမှုသည် ထင်းဖြစ်၏။ သို့ဖြစ်လျှင် ထင်းသည်=ပျက်စီးမှုသည် အဘာဝတရားဖြစ်၏။ ထို့ကြောင့်ပင် ဖျက်ဆီးတတ်သောမီးသည် ပျက်စီးမှု၏ အကြောင်းမဖြစ်နိုင်ပေ။

ပျက်စီးမှုကို အဟေတုကဟု ယူဆသော် ထိုပျက်စီးမှုသည် နိစ္စဖြစ်ရာ၏။ သို့ဖြစ်လျှင် ထင်း၏ ဘာဝသဘောနှင့် ပျက်စီးမှုသဘော ၂ မျိုးကို တစ်ပေါင်းတည်းတည်ရှိနေသည်ဟု ယူဆရာကျပေလိမ့်မည်ဟု အကယ်၍ ဆိုခဲ့ငြားအံ့။ သို့ဆိုခဲ့သော် ဤသို့သော ယုံမှားသံသယသည်ပင် အမှားအခြေခံပေါ်တွင် တည်ရှိ၏။ အကြောင်းသော်ကား ပျက်စီးမှုသည် အဘာဝတရားဖြစ်၏။

ထိုအဘာဝတရား၏ နိစ္စသဘောအဘယ်သို့ဖြစ်ပေအံ့နည်။ နိစ္စ၊ အနိစ္စ ပြဿနာသည် ဘာဝဝတ္ထုအတွက်ဖြစ်၏။ မြဲဦးချို–အဘာဝဝတ္ထုအတွက် မဟုတ်ပေ။

ကာရဏ သမ္ဘဟဝါဒ–အကျိုးသည် တစ်ခုတည်းသော အကြောင်း ကြောင့်မဖြစ်။ အကြောင်းများစွာ ပေါင်းဆုံမှုဖြစ်၏။ အကြောင်းများစွာ ပေါင်းစပ်၍ အကျိုးတစ်ခုကို ဖြစ်ပေါ်စေ၏ဟု ဆိုလိုသည်။

ဤသဘောတရားအားဖြင့် ဗုဒ္ဓအဘိဓမ္မာဆရာများသည် ကမ္ဘာတွင် အလုပ်သဘောအားဖြင့် ပြီးသောအရာဝတ္ထု၏ တည်တံ့မှုကို ဖွင့်ဆိုကြရာဝယ် ဣသရ၏ ဖန်ဆင်းမှုကိုလည်း ပယ်ဖျက်ကြ၏။ ထာဝရဝါဒသည် ပရမာဏုတို့၏ ထာဝရသဘောဖြစ်ကြ၏။ ဣသရ၏ ထာဝရသဘောဖြစ်စေ၊ အကြောင်းများစွာပေါင်းဆုံမှုကို အရှိသဘောသို့ မဆောင်ယူနိုင်ပေ။ ဘာဝ တရားတို့၏ ခဏိက သဘော–ဒေသနှင့် ကာလတိုင်းတွင် ဆက်လက်သွား နေမှုအားဖြင့် အကြောင်းများစွာ ပေါင်းစုံမှုကိုပြုလုပ်ပေးနိုင်သောဝါဒသည် ခဏိက ဝါဒသာတည်းဟု ဆိုကြ၏။

မည်သည့်အရာဝတ္ထုမဆို အကြောင်းတစ်မျိုးတည်းကြောင့် မဖြစ်ပေါ် ပေ။ စင်စစ်အကြောင်းများစွာ ပေါင်းဆုံမိမှ အကျိုးတစ်ခုသို့မဟုတ် အများ ဖြစ်ပေါ်ကြ၏။

"အကျိုးတို့၏ သဘာဝများတွင်ရှိသော ထူးခြားမှုသည် ရှောင်တခင် ဖြစ်ပေါ်လာသော အရာမဟုတ်။ စင်စစ်အကြောင်းများစွာကြောင့်ဖြစ်ပေါ်ရ၏။ အကြောင်းများစွာမပါဘဲ အခြားတစ်ခုခုကြောင့်ဖြစ်ပေါ်သည်ဟု ယူဆ လျှင် အကျိုး သဘော(=မီးသွေး)ကို မီးကြောင့်ဖြစ်ပေါ်သည်ဟု အဘယ်သို့ လျှင် ဆိုရပေတော့အံ့နည်း"

"အကြောင်းများစွာ၏ အစွမ်းသတ္တိများသည် အထူးထူးအပြားပြားများ လှ၏။ ထို့ကြောင့် အကြောင်းများစွာ၏ အထူးထူးသော သတ္တိတို့၏ အစွမ်း အားဖြင့် ဝတ္ထုများ(=အကျိုးများ)တွင် အထူးထူးသော သဘောထင်လာရ၏။ အကြောင်းများစွာသည် အထူးထူးသော သဘောကို မပြုတတ်လျှင် ဤကမ္ဘာ

လောကကြီးသည် အမျိုးမျိုးသောသဘောမရှိဘဲ သဘောတစ်မျိုးတည်းသာ ဖြစ်လေရာ၏။

မြေအိုးထိန်းစက်၊ အိုးထိန်းသည်တို့သည် တခြားစီဖြစ်နေကြလျှင် အိုးကဲ့သို့သော တစ်စုံတစ်ခုထူးခြားမှုရှိသော အကျိုးကိုပြုရာ၌ စွမ်းနိုင်ကြမည် မဟုတ်ပေ။ စင်စစ်သော်ကား ထိုအကြောင်းတို့ပေါင်းစုံမိမှ အကျိုးဖြစ်ပေါ်လာရ၏။ ဤသဘောကို ထောက်ထား၍ ပေါင်းဆုံမိသော ခဏိကဝတ္ထုများတွင် အကြောင်းသဘောရှိ၏။ ကြာသရစသည်တွင် မရှိပေ။ အကြောင်းသော်ကား ကြာသရစသည်၌ ခဏိကသဘောမရှိသဖြင့် မကွဲမပြား တစ်မျိုးတစ်စားတည်းဖြစ်သည်ဟု သိရ၏။

(ဂ) ပမာဏစိစစ်ချက်– လူသား၏ အသိဉာဏ်၊ တိုးတက်သည်နှင့်အမျှ လူသားသည် အသိဉာဏ်၏ ကြီးကျယ်ပုံကိုသိ၏။ ထို့နောက် မိမိဘဝတာတွင် နေရာတကာ၌ ဦးနောက်ကိုပို၍ အသုံးပြု၏။ ဤဉာဏ်၏ ကြီးမားမှုသည်ပင် နောင်သောအခါ လက်တွေ့ပြီးမြောက်ခြင်းမဟုတ်ဘဲ စိတ်ကူးပြီးမြောက်ခြင်းသဘောအားဖြင့် ဘာသာရေးနှင့် ဘာသာရေး၏ အထောက်အကူအဘိဓမ္မာသဘောသို့ ပြောင်းလဲသွားခဲ့လေသည်။ ဤသဘောကို ကျွန်ုပ်တို့သည် ဥပနိသျှဒ်ခေတ်၌ တွေ့ခဲ့ကြရပြီမဟုတ်လော။ ဥပနိသျှဒ် ခေတ် အဘိဓမ္မာဆရာများ ဉာဏ်ကို အရေးပေးသည်ထက်ပင် ဗုဒ္ဓက ဘယ်နေရာမဆို ဥပနိသျှဒ်ခေတ်၌ တွေ့ခဲ့ကြရပြီမဟုတ်လော။ ဥပနိသျှဒ်ခေတ် အဘိဓမ္မာဆရာများ ဉာဏ်ကိုအရေးပေးသည်ထက်ပင် ဗုဒ္ဓက ဘယ်နေရာမဆို ဥပနိသျှဒ်ခေတ်ထက်ပင် ဉာဏ်ကိုပို၍ အရေးပေး၏။ အကြောင်းသော်ကား ဗုဒ္ဓက အဝိဇ္ဇာကို အဆိုးအပြစ်အားလုံး၏ မူလဟုအသိအမှတ်ပြု၏။ အဝိဇ္ဇာကင်းပျောက်စေရန် အရိယသစ္စာ သို့မဟုတ် အပြစ်ကင်းသော အသိဉာဏ်အလွန်အရေးကြီးသည်ဟု အသိအမှတ်ပြု၏။

လွန်ခဲ့သော ရာစုနှစ်များက အိန္ဒိယပြည်သားတို့သည် အရစ္စတော်(တလ)၏ တက္ကအတတ်ပညာနှင့် ပေါင်းဆုံခွင့်ကိုရသောအခါ ဉာဏ်နှင့် ဉာဏ်ကိုရကြောင်း ကြိယာတန်ဆာပလာများဘက်သို့ သူတို့၏စိတ်ဝင်စားမှုများ ပို၍ရောက်သွားခဲ့ကြလေသည်။ ဤအကြောင်းကို ကျွန်ုပ်တို့သည် နာဂဇုန၊ ကဏာဒ၊ အက္ခပါဒအစရှိသော ပုဂ္ဂိုလ်ကြီးများ၏ ဖွင့်ဆိုရေးသား

ချက်များတွင် တွေ့ကြရ၏။

ဝသုဗန္ဓု၊ ဒိန္နာဂ၊ ဓမ္မကိတ္တိ တို့သည် ဤဉာဏ်ကို အဓိကအကြောင်းအချက်ပြု၍ မိမိတို့၏ တက္ကကျမ်းများကို စီရင်ခဲ့ကြ၏။ ဒိန္နာဂသည် သူ၏ ပဓာနဖြစ်သော ကျမ်း၏ အမည်ကို "ပမာဏသမုစ္စယ"ဟု အဘယ်ကြောင့် မှည့်ခေါ်လေသနည်း။ ဓမ္မကိတ္တိကလည်း အလားတူပင် သူ၏ကျမ်းထူးကျမ်းမြတ်၏ အမည်ကို ပမာဏဝတ္ထိကဟု အဘယ်ကြောင့်မှည့်ခေါ်လေသနည်း။ ဤအမေးဓ၏ အဖြေကို ကျွန်ုပ်တို့သည် အထက်ပါအကြောင်းအချက်ကို စူးစူးစိုက်စိုက်စိုက်ကြည့်ရှုဆင်ခြင်လျှင် ကောင်းစွာသိနိုင်ကြပေသည်။

ပမာဏ–ပမာဏဟူသည် အဘယ်နည်း။ ဓမ္မကိတ္တိက ဖြေခဲ့၏။ "အခြားအကြောင်းများဖြင့် မသိအပ်သော အနက်ကို ဖော်ပြတတ်သော မချွတ်မယွင်းသိသော ဉာဏ်ကို ပမာဏဟုခေါ်၏။ မချွတ်မယွင်း (အဝိသံဝါဒ)ဟူသည် အဘယ်နည်း။ အသိဉာဏ်တွေးဆချက်အပေါ်တွင် မဟုတ်ဘဲ အနက်ရှိအပြုအမူအပေါ်တွင် တည်ခြင်းတည်း။ ထို့ကြောင့် တစ်စုံတစ်ခုသော ဉာဏ်၏ ပမာဏမြောက်မှု–အခိုင်အမာဖြစ်မှုသည် လက်တွေ့အလုပ်အနက်သဘော ရှိသော အပြုအမူအား ဖြင့် ဖြစ်၏"

ပမာဏအရေအတွက်– ကျွန်ုပ်တို့ တွေ့ခဲ့ပြီးလေပြီ။ အခြားအိန္ဒိယပြည်သားအဘိဓမ္မာဆရာများသည် သဒ္ဒ၊ ဥပမာန၊ အတ္ထာပတ္တိအစရှိသော အခြားပမာဏများစွာကိုလည်း အသိအမှတ်ပြုကြ၏။ ဓမ္မကိတ္တိသည် အတ္တကြိယာ–အနက်ရှိ အပြုအမူသို့မဟုတ် လက်တွေ့အလုပ်ကို ပရမတ္ထသဘောတရား၏ မှတ်ကျောက်ဟု အသိအမှတ်ပြု၏။ ထို့ကြောင့် ဓမ္မကိတ္တိသည် အတ္တကြိယာအပေါ်တွင် အမှီတကဲပြုထားသော ပမာဏများကိုသာ အသိအမှတ်ပြုနိုင်၏။

အရာဝတ္ထု–အသီးသီးခွဲထုတ်လျှင် ကိုယ်ပိုင်လက္ခဏာရှိသောအရာ–ကို သဒ္ဒအစရှိသည်ကို အသုံးမပြု မိမိပိုင် သဘောအားဖြင့် တွေ့ရ၏။ တစ်နည်းသော်ကား အရာဝတ္ထုများစွာတို့၏ တူညီမှုကို ယူလိုက်လျှင် သာမညဖြစ်သော လက္ခဏာ–အရာဝတ္ထုများစွာအနက် ၎င်းတို့၏အခြင်းအရာတူညီမှုတွင် တွေ့ရ၏။ ဤသို့အားဖြင့် အကြောင်းအရာသည် ၂ မျိုးသာရှိသောကြောင့် ပမာဏလည်း ၂ မျိုးသာရှိရလေတော့သည်။ ၎င်းတို့အနက် ပထမဖြစ်သော ပမာဏကား ပစ္စက္ခဖြစ်၍ ဒုတိယဖြစ်သော ပမာဏကား အနုမာနဖြစ်လေ

သည်။ ပစ္စက္ခ၏ တည်ရာသည် ဝတ္ထု၏ မိမိ မိမိတို့ကိုယ်ပိုင်လက္ခဏာဖြစ်၏။ ၎င်းပြင် ကိုယ်ပိုင်လက္ခဏာသည် အနက်ရှိ အပြုအမူတွင် စွမ်းနိုင်သော သဘောရှိ၏။ အနုမာန၏တည်ရာကား သာမညလက္ခဏာ–အရာဝတ္ထုများစွာ၌ တူညီမှုဖြစ်၏။ ၎င်းပြင် သာမညလက္ခဏာသည် အနက်ရှိ အပြုအမူ၌ မစွမ်းနိုင်ပေ။

(ဃ) ပစ္စက္ခ ပမာဏ–ဉာဏ်၏ ကိရိယာတန်ဆာပလာမှာ ပစ္စက္ခ–အနုမာနဟူ၍ ၂ မျိုးသာရှိ၏။ ပစ္စက္ခဟူသည် အဘယ်နည်း။ ဣန္ဒြေငါးပါး၊ မနောနှင့် အာရုံတို့ပေါင်းဆုံသောအခါ တွေးဆချက်လုံးဝကင်းရှင်းသော ဉာဏ်၊ ၎င်းပြင် အခြားသောကိရိယာတန်ဆာပလာတစ်ခုဖြင့် မသိအပ်သော အနက်ကို ထုတ်ဖော်ပြတတ်သော ဉာဏ်သည် ပစ္စက္ခဉာဏ်မည်၏။ ထို ပစ္စက္ခပမာဏသည် တွေးဆချက်မဟုတ်။ ပတိ–အက္ခ (ဣန္ဒြေနှင့် ရှေးရှုရင်ဆိုင်) အားဖြင့်သာ အခိုင်အမာဖြစ်၏။ ဤသို့အားဖြင့် ပစ္စက္ခသည် မချွတ်မယွင်းသော (အနက်ရှိအပြုအမူသို့ အစဉ်လိုက်သော) မသိအပ်သောအနက်ကို ထုတ်ဖော်ပြတတ်သောဉာဏ်ဖြစ်၏။

၎င်းဉာဏ်သည် တွေးဆချက်မဝင်မီခဏ အာရုံနှင့် ပေါင်းဆုံမိခြင်းကြောင့် ဖြစ်၏။ ဓမ္မကိတ္တိသည် ဒိန္နာဂကဲ့သို့ ပစ္စက္ခ ၄ မျိုးရှိ၏ဟု အမှတ်အသားပြု၏။ ၎င်းတို့ကား

(၁) ဣန္ဒြေယ ပစ္စက္ခ
(၂) မာနသ ပစ္စက္ခ
(၃) သသံဝေဒန ပစ္စက္ခနှင့်
(၄) ယောဂိ ပစ္စက္ခတို့တည်း။ အသင်္ဂ၏ လောကပစ္စက္ခကား မပါပေ။

ဣန္ဒြေယပစ္စက္ခ– အဘက်ဘက်မှ တွေးခေါ်မှုကို ဖယ်ရှား၍ တွေးဆချက်မှကင်းသောကြောင့် မတုန်မလှုပ်သော စိတ်နှင့် ဣန္ဒြေယပစ္စက္ခဉာဏ်ဖြစ်၏။ ဣန္ဒြေယပစ္စက္ခဖြစ်ပြီးနောက် အကြင်အခါ ထိုယောကျ်ားသည် တစ်စုံတစ်ခုကို တွေးဆ၏။ ငါ၏စိတ်၌ ဤအရာကား ထူးခြားသော အမျိုးအစားဖြစ်၍ အိုးပေတည်းဟူသော တွေးဆချက်ဖြစ်၏။ သို့သော်လည်း ဤအကြောင်းအရာသည် အဆိုပါဣန္ဒြေတို့ကြောင့်ဖြစ်ပေါ်လာသော ဉာဏ်၏

အခိုက်အတဲ့တွင် မရှိပေ။ ထို့ကြောင့် အားလုံးသောစကျစသည်ဆိုင်ရာ ဣန္ဒြိယ ပစ္စက္ခတို့သည် အသီးအခြား အကောင်အထည်အထူးနှင့်သာ သက်ဆိုင်ကုန်၏။ အထူးဝိသေသဖြစ်သော အရာဝတ္ထုတို့၏ သဘောသည် သာမညမှ လွတ်၍ ကိုယ်ပိုင်လက္ခဏာ သက်သက်မျှသာဖြစ်၏။ ထို့ကြောင့် ၎င်းအရာဝတ္ထုများတွင် သဒ္ဒါများကို မသုံးစွဲနိုင်ပေ။ "အိုးသားဝတ္ထုကို ဟောတတ်သော သဒ္ဒါကား 'အိုး' ဖြစ်၏။ ဤသို့အားဖြင့် ဝါစ္စ (ဟောအပ်) ဝါစက (ဟောတတ်) ၂ မျိုးတို့၏ ဆက်စပ်မှုသည် အိုးဌ်ထင်ပေါ်နေကြသော ဝါစ္စဝါစက ဆက်စပ်မှုဘက်သို့ စိတ်ကူးက ပြေးသွားသောအခါ အရာဝတ္ထုသည် ဣန္ဒြေတို့၏ ရှေ့မှောက်မှ ဖယ်ရှားဆုတ်ခွာနေ၏။ စိတ်သည် မိမိ၏ အထုံဝါသနာအတွင်း၌ တည်ရှိနေသော လတ်လတ်ဆတ်ဆတ်နှင့် အဟောင်းတွေးခေါ်မှုကားချပ် ၂ ခုကို ပေါင်းစပ်၍ အမည်ပေးရန် ကြိုးစားနေ၏။

"သင်္ကန်ရသာမီကဲ့သို့သော အချို့သော ဗုဒ္ဓဘာသာဝင် ပမာဏသျှတ္တရာသမားများသည် ပစ္စက္ခဉာဏ်ကို ဣန္ဒြေကြောင့်ဖြစ်၍ သဒ္ဒါအသိဉာဏ်ကင်းမဲ့သော ကလေးများ၏ ဉာဏ်ကဲ့သို့ တွေးခေါ်မှုကင်းသော ဉာဏ်ဟု ခေါ်ဆိုကြ၏။ ထို့ပြင် ကလေးငယ်များသည် ဉာဏ်ကို အလားတူပင် တွေးခေါ်မှု ကင်းရာ၌ ဝါစ္စ ဝါစက သဘောအားဖြင့် သဒ္ဒါနှင့်အနက် ဆက်စပ်မှုသင်္ကေတကို အကြောင်းဟု ဆိုကြ၏။

ဤသို့သော သဘောရှိသော ဆရာတို့၏ အယူတွင် ၎တွေးခေါ်မှုအချင်းခပ်သိမ်းကင်းသောကြောင့် ကလေးသူငယ်များဉာဏ်အားလုံးသည် ပစ္စက္ခချည်းဖြစ်လေရာ၏။ ကလေးသူငယ်များတွင် သင်္ကေတကိုသိမှတ်ရန် အကြောင်းတစ်စုံတစ်ရာမရှိသဖြင့် နောင်ကြီးပြင်းလာသောအခါလည်း သင်္ကေတဉာဏ်ဟု မဖြစ်နိုင်တော့ပေရာ။

မာနသပစ္စက္ခ–ဒိန္နာဂသည် ပမာဏသမုစ္စယ၌ မာနသပစ္စက္ခကို ဖွင့်ခဲ့၏။ "အရာဝတ္ထုကို အစွဲပြု၍ ရာဂစသော အသိဉာဏ်ဖြစ်၏။ ထိုတွေးခေါ်မှုကင်းသော အသိဉာဏ်သည် မာနသပစ္စက္ခဖြစ်၏" အကယ်၍ ပထမဣန္ဒြေများဖြင့် သိအပ်သောအနက်ကိုပင် စွဲယူထားခဲ့လျှင် မာနသပစ္စက္ခသည် လွတ်လပ်သောပစ္စက္ခမဖြစ်တော့ပေရာ၊ အကြောင်းသော်ကား ဤသို့သော အခြေအနေတွင် ပထမဣန္ဒြေတို့ဖြင့် သိအပ်ပြီးသောအနက်ကို ထုတ်ဖော်ပြတတ်

သဖြင့် မသိရသေးသော အနက်ကိုပြတတ်သော ဉာဏ်မဟုတ်တော့ပေ။ ထို့ကြောင့် ထဉာဏ်သည် ပမာဏမမြောက်တော့ပေရာ။ "အကယ်၍ ကျန်ဒြိယဉာဏ်ဖြင့် မမြင်အပ်သေးသောအရာကို မာနသပစ္စက္ခဟု ယူဆခဲ့သော် အကန်းအစရှိသော သူများကိုလည်း ရူပါရုံစသောအနက်ကိုမြင်ခြင်းဖြစ်၏ဟုယူဆရပေလိမ့်မည်" ဤအလုံးစုံကို သတိထား၍ ဓမ္မကတ္တိက မာနသပစ္စက္ခကို ဖွင့်ပြ၏။ "စက္ခုအ စရှိသော ကျန်ဒြိတို့ဖြင့် သိအပ်ပြီးသော ရူပါရုံစသည်ကို သိတတ်သောဉာဏ်မှ ထူးခြားသောအာရုံကို မာနသ ပစ္စက္ခအနေအားဖြင့် စွဲယူ၏။ ထို့ကြောင့် ထိုပစ္စက္ခသည် သိအပ်ပြီးသောအနက်ကို ထုတ်ဖော်ဖွင့်ပြခြင်း မဟုတ်တော့ပေ။ မနအားဖြင့် ပစ္စက္ခဖြစ်မည့် ရူပါရုံအစရှိသည်ကို စွဲ၍ဖြစ်သော ဝိညာဉ်သည် ကျန်ဒြိဖြင့်သိအပ်ပြီးသော အဆိုပါ ရူပါရုံစသည်တို့နှင့် စပ်၏။ ၎င်းရူပါရုံစသည်တို့ကို အကန်းများ မမြင်နိုင်ပေ။ ထို့ကြောင့် မျက်ကန်းတို့၏ ရူပါရုံကိုမြင်ခြင်းအကြောင်း မရှိလာတော့ပေ။

သသံဝေဒနုပစ္စက္ခ– ဒိန္နာဂသည် ဤလက္ခဏာများကို ဖွင့်ဆိုခဲ့၏။ "စက္ခု–ကျန်ဒြိဖြင့် ယူအပ်သော ရူပါရုံစွဲဝိညာဉ်ကို သိသော ဉာဏ်ဖြစ်ပေါ်ပြီးနောက် ရူပအစရှိသော အနက်ကို အစွဲပြု၍ မိမိ၏ အတွင်း၌ရှိသော ဒေါသအစရှိသည်ကို ခံစား၏။ တွေးခေါ်မှုကင်းသော အသိဉာဏ်သည်ပင် သသံဝေဒနပစ္စက္ခဖြစ်၏။ ဤအနက်အဓိပ္ပာယ်ကို သူ၏ ဝတ္ထိကဖြင့် ထင်ရှားစွာ ဖွင့်ပြ၍ ဓမ္မကိတ္တိကဆိုခဲ့၏။

"ရာဂ (သုခ) စသော ကျွန်ုပ်တို့ခံစားရသော သဘောသည် အခြားတစ်စုံတစ်ခုသော ကျန်ဒြိစသည်နှင့် မဆက်စပ်၊ ထို့ကြောင့် ထိုသဘောကို အစွဲပြု၍ ဝါစွဝါစက သဲကောတကို မသုံးစွဲနိုင်ပေ။ ထို့ကြောင့် မိမိတို့၏ ကိုယ်တိုင်ခံစားမှုကို ဝါစကသဒ္ဒဖြင့် ထုတ်ဖော်ခြင်းငှာ မသင့်လျော်ပေ။ ဤသို့ အားဖြင့် မသိရသေးသောအနက်ကို သိအောင်လည်း ဖော်ပြတတ်တွေးခေါ်မှုလည်းကင်း၊ ၎င်းပြင် မဣတ်ယွင်းသော သဘောဖြစ်သဖြင့် ရာဂသုခစသည် ကျန်ဒြိယပစ္စက္ခ၌ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုသော ကျန်ဒြိ၏ အာရုံတစ်ပါးပါးကိုသိသော အသိဉာဏ်ကိုရ၏။ မာနသပစ္စက္ခသည် ကျန်ဒြိယပစ္စက္ခမှ ရှေ့သို့တိုးတက်၍ ကျန်ဒြိအားဖြင့် ရအပ်သော ဉာဏ်ကို ကျွန်ုပ်တို့အား ခံစားစေ၏။ သို့အားဖြင့် ထိုခံစားသောအခါလည်း ကျန်ဒြိနှင့်အာရုံ၏ ဆက်စပ်မှု

သည်ရှိ၏။ သို့သော် သသံဝေနပစ္စက္ခဋ္ဌ ကျန္ဒြိယညာဏ်နှင့် ၎င်းညာဏ်ကိုသိသောညာဏ်မှ ရှေ့သို့တိုးတက်၍ လုံးဝကွဲပြားသော ရာဂ– ဒေါသ၊ သို့မဟုတ်၊ သုခ–ဒုက္ခကို ကျွန်ုပ်တို့ လက်တွေ့ခံစားကြ၏။

ယောဂိပစ္စက္ခ– အထက်ပါ ၃ မျိုးသော ပစ္စက္ခတို့မှတစ်ပါး ဗုဒ္ဓဘာသာဝင်များက လေးခုမြောက်သော ပစ္စက္ခကို ယောဂိပစ္စက္ခဟု အသိအမှတ်ပြု၏။ မသိအပ်သေးသောအနက်ကို ဖော်ထုတ်ပြတတ်ခြင်း၊ မချွတ်မယွင်းခြင်း–တည်းဟူသော ပစ္စက္ခ၏ ဝိသေသနများကို ဤယောဂိပစ္စက္ခတွင်လည်း ဆက်စပ်ပေးအပ်၏။ ဆက်၍လည်း ဆိုခဲ့သေး၏။ "ထိုယောဂီတို့၏ ညာဏ်သည် ဘာဝနာကြောင့်ဖြစ်ပေါ်၍ တွေးခေါ်မှု ကွန်ရက်မှ လွတ်ကင်းစွာ ထင်ထင်ရှားရှားပင်ပေါ်လွင်နေ၏။ "ထင်ထင်ရှားရှား"ဟု ဆိုရခြင်း အကြောင်းသော်ကား လိုလားတောင့်တခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ကြောက်လန့်ခြင်း၊ ရူးသွပ်ခြင်း၊ ခိုးခြင်း၊ အိပ်မက်မက်ခြင်း အစရှိသော အကြောင်းကြောင့် မှောက်မှားမှုတွင်ကျရောက်နေသော ပုဂ္ဂိုလ်များလည်း ထင်ရှားမရှိသော အရာဝတ္ထုများကိုလည်း ရှေ့မှောက်တွင် တည်နေဘိသကဲ့သို့ ထင်မြင်ကြ၏။ သို့သော် ထိုအဘာဝဝတ္ထုများသည် ထင်ထင်ရှားရှားရှိသော ဝတ္ထုများမဟုတ်ကြပေ။ တွေးခေါ်မှုရောနှောသော အသိညာဏ်သည် ထင်ရှားသော အရာဝတ္ထု၏ သဘောအားဖြင့် မထင်ပေါ်ပေ။ အိပ်မက်တွင် မြင်မက်သော အရာဝတ္ထုသည်လည်း တွေးကြည့်လျှင် ပေါ်လာ၏။

သို့သော်လည်း နိုးသောအခိုက်အတံ့တွင် တွေးခေါ်မှုကင်းစွာ အိပ်မက်ထဲကအတိုင်း အရာဝတ္ထုများကို သတိမရတော့ပေ။

သမာဓိအစရှိသော ဘာဝနာအစွမ်းဖြင့် ရအပ်သော ညာဏ်ရှိသမျှ ယောဂိပစ္စက္ခပမာဏတွင် မပါပေ။ သို့သော်လည်း ၎င်းညာဏ်အနက် ပထမ (မသိအပ်သေးသောအနက်ကို ပြတတ်ခြင်းစသည်)ကဲ့သို့ မချွတ်မယွင်းသော အရာ (အနက်ရှိအပြုအမူသို့ အစဉ်လိုက်သောအရာ) ဖြစ်ခဲ့လျှင် ထိုညာဏ်သည်သာ ဘာဝနာကြောင့်ဖြစ်ပေါ်သော ညာဏ်ဖြစ်၍ ပစ္စက္ခပမာဏအားဖြင့် အလိုရှိအပ်၏။ ကြွင်းကျန်သော အခြားဘာဝနာကြောင့်ဖြစ်သော ညာဏ်သည် ဖောက်ပြန်၏။

ပစ္စက္ခညာဏ်ဖြစ်ရန်အတွက် ၎င်းညာဏ်သည် တွေးဆချက်ကင်းရမည်။

ဤအချက်ကို အထူးပြုထား၏။ လူနွှဲယပစ္စက္ခအထိ တွေးဆချက်ကင်းမှုကို လွယ်ကူစွာပင် သိနိုင်၏။ အကြောင်းသော်ကား ရှေ့မှောက်တွင် အိုးကိုမြင်ရသောအခါ မျက်စိပေါ်တွင်ကျရောက်လာသော အိုးအရိပ်၏ ပထမ ဖိလာမှုသည် ဉာဏ်မြင်များအားဖြင့် ကျွန်ုပ်တို့၏ ဦးနှောက်သို့ကျရောက်၏။ ထိုဖိလာမှုသည် တွေးဆချက်ကင်း၏။ ဤအချက်ကို ကျွန်ုပ်တို့ တွေ့ကြရပေသည်။ ပထမဖိမှု၏နောက်၌ အရိပ်ထင်ချက်တစ်ခုသည် ဦးနှောက်၌ ကျရောက်၏။ တစ်ဖန် ဦးနှောက်၌ အထုံဝါသနာသဘောအားဖြင့် ပထမထင်ခဲ့သော အိုး၏အရိပ်များ (အိုးရိပ်အစဉ်အတန်း) သည် ထင်ရှားရှိ၏။ ထိုအရိပ်ဟောင်းများနှင့် မပြတ်ကျရောက်နေသော အရိပ်သစ်အစဉ်အတန်းပေါင်းစပ်၏။ ထိုအခါ တွေးဆချက်စတင်လေတော့သည်။ တစ်ဖန် အရိပ်သစ်နှင့်ပေါင်းစပ်သောအရိပ်ဟောင်း၏ ဝါစကဖြစ်သောအမည်ကို သတိရ၏။ ထို့နောက် ဤအရိပ်သစ်ရှိသော အရာဝတ္ထုများ၏ အမည်ကို မှည့်ခေါ်အပ်၏။ ဤအချက်တွင် ဘယ်အထိတွေးဆချက်ကင်းသော ဉာဏ်ရှိနေသည်၊ အဘယ်မှ တွေးဆချက်စလာသည်ဟူသော အကြောင်းသိမှုသည် ပထမတွေးဆချက်ကင်းသော ဖိနိပ်မှုအားဖြင့် လွယ်ကူ၏။

"အကြင် (အာရုံဝတ္ထု) ၌ အကြင် (ဉာဏ်သည် အခြားသောဝတ္ထုများမှ သီးခြားပြုတတ်သော) သဒ္ဒ–အတ္တ ဆက်စပ်မှုကို ဆွဲယူတတ်၏။ ထိုဉာဏ်သည် ထိုအာရုံ၌ တွေးဆချက်ဖြစ်၏။ ဝတ္ထု၏ မိမိသဘောသည် သဒ္ဒတ္ထ (သဒ္ဒါ၏အာရုံ) မဟုတ်ပေ။ ထို့ကြောင့် ထိုအာရုံဆိုင်ရာ ဉာဏ်အားလုံးသည် ပစ္စက္ခဖြစ်၏။

ဤသို့အားဖြင့် ဉာဏ်၏အာရုံသည် အပြင်အပအရာဝတ္ထုဖြစ်စေ၊ သို့မဟုတ် အတွင်းဝိညာဉ်ဖြစ်စေ၊ တူညီမှု မတူညီမှုကို အကြောင်းပြု၍ အသုံးကျသော သဒ္ဒါ၏အနက်သည် အကြင်မျှလောက် အခွင့်မရသေး။ ထိုမျှလောက် ထိုဉာဏ်၏ အာရုံသည် ပစ္စက္ခနယ်ပယ်အပိုင်းအခြားအတွင်းမှာသာ တည်ပေ၏။

(ပစ္စက္ခာဘာသ=ပစ္စက္ခ အတုအယောင်) လေးမျိုးပြားသော ပစ္စက္ခဉာဏ်ကို ဆိုခဲ့ပြီးလေပြီ။ သို့သော် ပစ္စက္ခပမာဏမဟုတ်ဘဲ ကြည့်လိုက်လျှင် ပစ္စက္ခနှင့် စပ်နေသော ဉာဏ်မျိုးလည်း ရှိ၏။ ကျွန်ုပ်တို့ လမ်းမှားသို့ ကျ

ရောက်မသွားစေရန် ပစ္စက္ခအတုအယောင်မျိုးကိုသိထားဖို့အရေးကြီး၏။ ဒိန္နာဂသည် ဤသို့သဘောရှိသော ပစ္စက္ခအတုအယောင်များ၏ အရေအတွက်ကိုလေးမျိုးရှိ၏ဟု ဆိုခဲ့၏။

(၁) ဘန္တိဉာဏ်
(၂) သမ္မုဇ္ဇိဉာဏ်
(၃) အနုမာနာနနာနိကသတျာဘိလာပိကဉာဏ်
(၄) တေမိရိဉာဏ်

ဘန္တိဉာဏ်– သဲကန္တာရအတွင်း သဲများကို ရေဟုသိသောဉာဏ်။

သမ္မုဇ္ဇိဉာဏ်– အတုဖြစ်သော ဒဗ္ဗ၏ဂုဏ်စသည်ကို ဤကား ဤမည်သောဒဗ္ဗ၊ ဤကား ဤမည်သောဂုဏ်ဟု သိသောဉာဏ်။

အနုမာနာနုမာနိကသတျာဘိလာပိကဉာဏ်= အနုမာန(=လိင်္ဂ–မီးခိုး) အာနုမာနိက(=လိင်္ဂီ–မီး) ၏ သင်္ကေတကို ပြောတတ်သောသတိ၏ စကား အနက်ရှိသော "ဤကားအိုးတည်း"ဟု သိတတ်သောဉာဏ်။

တေမိရိဉာဏ်– အသားဝါရောဂါရှိသောသူသည် အရာဝတ္ထုအား လုံးကိုပင် ဝါသည်ဟု ထင်မြင်ခြင်းကဲ့သို့ ဣန္ဒြေတွင် အမျိုးမျိုးချို့တဲ့ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်သော အသိဉာဏ်။

၎င်းတို့အနက် ပထမ ၃ မျိုးသော ပစ္စက္ခအတုတို့သည် တွေးဆချက်နှင့်ယှဉ်သော ဉာဏ်များဖြစ်ကြ၏။ (၎င်းတို့ကို တွေးဆချက်နှင့်ယှဉ်သောကြောင့်ပင် ပစ္စက္ခအတွင်းသို့ သွတ်သွင်း၍ မရေတွက်နိုင်တော့ပေ။ တစ်ခုသော တေမိရိ–ဉာဏ်သည် တွေးဆချက်ကင်း၏။ သို့သော် တည်ရာ(ဣန္ဒြေ)၌ ဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်သော ဉာဏ်ဖြစ်သောကြောင့် ပစ္စက္ခဉာဏ်တွင် မဝင်နိုင်ပေ။ ဤ ၄ မျိုးတို့ကား ပစ္စက္ခအတုအယောင်များပေတည်း။

အနုမာန ပမာဏ– မီးကို သိမှုသည် ၂ မျိုး ၂ စားအားဖြင့် ဖြစ်နိုင်၏။ တစ်မျိုးကား သူ့သဘာဝအားဖြင့် ဖြစ်၏။ ဥပမာသော်ကား ပစ္စက္ခအားဖြင့် တွေ့ခြင်းတည်း။ အခြားတစ်မျိုးသော်ကား အခြားသော သဘောတစ်မျိုးအားဖြင့်ဖြစ်၏။ ဥပမာသော်ကား မီးခိုးကိုမြင်လျှင် အခြား စားဖိုအိမ်မှ မီးတစ်မျိုး၏ သဘောကို သတိရလာ၏။ ဤသို့လျှင် အခြားသဘောတစ်မျိုးအားဖြင့် မီးခိုးတည်းဟူသော အမှတ်အသားရှိသော မီးကို သိခြင်းဖြစ်ပေါ်

လာ၏။ ဤကား အနုမာနတည်း။ အရာဝတ္ထု၏ မိမိသဘောနှင့် သူတစ်ပါး သဘော (သရူပနှင့် ပရရူပ) နှစ်မျိုးအားဖြင့်သာ အသိဉာဏ်ဖြစ်၏။ ထို့ကြောင့် ပမာဏ၏အကြောင်းအရာအပြားသည် ၂ မျိုးသာရှိ၏။ တစ်မျိုးကား ပစ္စက္ခပမာဏ၏ အကြောင်းအရာဖြစ်၍ အခြားတစ်မျိုးကား အနုမာန၏ အကြောင်းအရာဖြစ်၏။

သို့သော် သူ့သဘောအားဖြင့်ဖြစ်သော အနုမာနဉာဏ်သည် ဝတ္ထုတည်ရှိသောအတိုင်းမယူ။ ထို့ကြောင့် အခြားတစ်မျိုးတစ်မည်ဖြစ်သော အသိဉာဏ်သည် ဖောက်ပြန်မှုသာတည်း။

အရာဝတ္ထု၏ သူ့သဘောအားဖြင့်မဟုတ်ဘဲ တစ်ပါးသောအားဖြင့် အသိဉာဏ်ဖြစ်ခဲ့သော် ၎င်းအသိဉာဏ်သည် ဖောက်ပြန်မှုဖြစ်၏။ ဖောက်ပြန်မှုကို ပမာဏဟု မဆိုနိုင်သည် မဟုတ်တုံလော။ (အကြောင်းသော်ကား ၎င်းဖောက်ပြန်မှုသည် မချုတ်မယွင်းရှိရင်းအတိုင်း မဟုတ်ပေရာ) ဤသို့ အမေးရှိ၏။

အဖြေကား လိုအပ်သော အရာဝတ္ထု မချုတ်ယွင်းလျှင် တစ်ပါးသော သဘောဖြင့် ရအပ်သော်လည်း လိုအပ်သောအရာဝတ္ထုသည် တွေးဆချက် မဟုတ်။ ထို့ကြောင့် ဖောက်ပြန်သော အသိဉာဏ်ကိုလည်း ပမာဏဟု မှတ်သားနိုင်၏။ အခိုးထနေသော တောင်ထိပ်မီးကိုသိသောအသိဉာဏ်ကို ကျွန်ုပ်တို့သည် သူ့သဘောအားဖြင့် ရခြင်းမဟုတ်။ စားဖိုအိမ်၌ ရှိသောမီး၏ သဘောအားဖြင့်ရခြင်းဖြစ်၏။ သို့သော်လည်း ကျွန်ုပ်တို့၏ ဤအနုမာနဉာဏ်ဖြင့် ရအပ်သောအနက်ဖြစ်သည့် တောင်ထိပ်မီးနှင့် စဖိုအိမ်ကမီးသည် ဆန့်ကျင်ခြင်းမရှိပေ။

အနုမာနအရေးကြီးပုံ–ဝတ္ထုပစ္စည်း၏ မိမိသဘောလက္ခဏာ၌ တွေးဆချက်ကင်းသော ပစ္စက္ခပမာဏအရေးကြီးကြောင်း ဆိုခဲ့ပြီးလေပြီ။ သို့သော်လည်း အရာဝတ္ထုများစွာ၏ အတွင်း၌ရှိသော သာမညသဘောကို တွေးဆချက်ကင်း၍ မစွဲယူနိုင်ပေ။ ထို့ကြောင့် သာမညဉာဏ်၏ အနုမာနကို လိုအပ်ပေ၏။

တစ်စုံတစ်ခုသော အဆက်အစပ်ရှိသည့် အရာဝတ္ထု(မီးခိုးနှင့် ဆက်စပ်နေသောမီး)၏ အမှတ်အသား(မီးခိုး) အားဖြင့် အမှတ်အသားရှိသော ဝတ္ထု

(မီး)ကို မျက်ကွယ်အားဖြင့် သိ၏။ ထိုအသိဉာဏ်သည် အနုမာနပေတည်း။

တောင်ပေါ်၌ရှိသော မီးခိုးကို အဝေးကပင် ကျွန်ုပ်တို့ မြင်ကြ၏။ ကျွန်ုပ်တို့သည် စားဖိုအိမ်သို့မဟုတ် အခြားနေရာများ၌ မြင်ဖူးသောမီးကို သတိရလာ၏။ ထို့ပြင် ဘယ်နေရာမဆို မီးခိုးထလျှင် မီးရှိ၏ဟုလည်း သိ၏။ ထို့နောက် မီးခိုးကို အကြောင်းပြု၍ တောင်ပေါ်တွင် မီးရှိ၏ဟု ကျွန်ုပ်တို့ သိကြ၏။ တောင်ပေါ်၌ ရှိသောမီးကား မျက်ကွယ်တည်း။ ထို့ကြောင့် ထိုအသိဉာဏ်သည် လက်တွေ့မီးကဲ့သို့ သူ့သဘောအားဖြင့် မဟုတ်။

တစ်နည်းအားဖြင့်ကား ကျွန်ုပ်တို့၌ပေါ်လာသော အသိဉာဏ်သည် ချက်ချင်းဖြစ်ပေါ်လာသော ဉာဏ်မဟုတ်ဘဲ ထိုမီးအပေါ်၌ သတိရခြင်း၊ တွေးဆခြင်းများကို အမှီတကဲပြုရပေ၏။

(ပမာဏ ၂ မျိုးသာ) ပမာဏ၏ အစွမ်းအားဖြင့် ဥယျ(=ပမေယ) အရာဝတ္ထုကို သရူပ(=တွေးဆချက်မဲ့) ပရရူပ(=တွေးဆချက်ရှိ) နှစ်မျိုးအားဖြင့်သာ သိရ၏။ ၎င်းနှစ်မျိုးအနက် ပထမအမျိုးကို ပစ္စက္ခအနေအားဖြင့် သိရ၏။ ဒုတိယအမျိုးကိုကား ပရောက္ခ(ပစ္စက္ခမဟုတ်သောအနေ) အားဖြင့် သိရ၏။ ပစ္စက္ခနှင့် ပရောက္ခကို ချန်ထားလိုက်လျှင် အခြားတတိယဖြစ်သော ပမေယမရှိနိုင်ပေ။ ထိုသို့ ပမေယျနှစ်မျိုးသာရှိသောကြောင့် ပမာဏလည်း ၂ မျိုးသာ ရှိရ၏။ ပမေယနှစ်မျိုးကို တွေ့ရသဖြင့် ပမာဏအရေအတွက် ကို တိုး၍ သို့မဟုတ် လျှော့၍ ၁ ခုပြုလုပ်ခြင်းလည်း မှား၏။

အနုမာနအပြား– ကဏာဒ၊ အက္ခပါဒသည် အနုမာနတစ်မျိုးသာ ဟု သတ်မှတ်၏။ ထို့ကြောင့် သူတို့ရှေ့သွား 'ဂ္ဂသိကြီးများ' ၏ လမ်းစဉ် ကို လိုက်၍ ပသတ္ထပါဒကဲ့သို့သော ခြွင်းချက်ပုဂ္ဂိုလ်အနည်းငယ်မှအပ ယနေ့ အထိ ဗြာဟ္မဏတက္ကဆရာများသည် အနုမာနကို တစ်မျိုးတည်းသာ သတ်မှတ်လာခဲ့ကြ၏။

(၁) သတ္ထာနုမာန(၂) ပရတ္ထာနုမာန ဟူသော အနုမာန ၂မျိုးကို ပထမဦးစွာ ဒိန္နာဂက ခွဲပြခဲ့၏။ ၂ မျိုးပြားသော အနုမာနများအနက် ပထမဖြစ်သော သတ္ထာနုမာနဟူသည်မှာ ဟေတုသုံးမျိုးအားဖြင့် တစ်စုံတစ်ခုသော ပမေယကို သိသောဉာဏ်ကို မိမိအတွက် ဖြစ်ပေါ်စေ၏။ ပရတ္ထာနုမာန၌ အဆိုပါဟေတု ၃ မျိုးအားဖြင့် သူတစ်ပါးအတွက် ပမေယကို သိသော ဉာဏ်

ကို ဖြစ်ပေါ်စေ၏။

ဟေတု(=လိင်္ဂ) ဓမ္မ–အရာဝတ္ထု၏ အသွင်(ဓမ္မ)ကို ကျွန်ုပ်တို့ ကြည့်ရှု၍ တွေးဆချက်အားဖြင့် အရာဝတ္ထု၏ ရှိမှုကို ကျွန်ုပ်တို့ခန့်မှန်းကြ၏။ ထိုအသွင်သည် ဟေတုဖြစ်၏။ ထိုဟေတုသည် ပက္ခ(=မီး)၏ အစိတ်(=ဓမ္မအခိုး) ဖြင့် ပျံ့နှံ့နေ၏။

ဟေတုသည် သုံးမျိုးသာရှိ၏။ ၎င်းတို့ကား

(၁) ကာရိယဟိတ်

(၂) သဘာဝဟိတ်နှင့်

(၃) အနုပလဒ္ဓိဟိတ်တို့ပေတည်း။

"တောင်ပေါ်တွင် မီးခိုးရှိသောကြောင့် မီးရှိ၏" ဤကဲ့သို့လျှင် ကျွန်ုပ်တို့သည် တစ်စုံတစ်ခုသော အရာဝတ္ထုကို ၎င်း၏ အကျိုးအားဖြင့် ခန့်မှန်းကြ၏။ ဤဥဒါဟရဏ်၌ မီးခိုးသည် မီး၏အကျိုးတည်း။ ဤကဲ့သို့ အကျိုးအားဖြင့် ၎င်း၏အကြောင်း(=မီး)ကို ကျွန်ုပ်တို့ ခန့်မှန်းကြ၏။ ထို့ကြောင့် "မီးခိုးရှိသောကြောင့်" ဟူသော ဟိတ်သည် ကာရိယဟိတ်ဖြစ်၏။

ဤရှေ့မှောက်တွင်ရှိသော အရာကား 'သျှိသျှမ်'ပင်ဖြစ်သောကြောင့် သစ်ပင်တည်း။ ဤဥဒါဟရဏ်၌ 'သျှိသျှမ်' ပင်ဖြစ်သောကြောင့်ဟု ဟိတ်ခတ်၏။ သစ်ပင်သည် သျှိသျှမ်ပင်အားလုံး၏ သဘာဝဖြစ်၏။ ရှေ့မှောက်တွင်ရှိသော အရာဝတ္ထုကို ကျွန်ုပ်တို့သည် သျှိသျှမ်ပင်ဟု သိလျှင် ၎င်းအပင်ကို ဤကဲ့သို့သော သဘာဝဟိတ်ကို အကြောင်းပြု၍ သစ်ပင်ဟူ၍လည်း သိရ ဒပလိမ့်မည်။

"စားပွဲပေါ်တွင် ဖန်ခွက်မရှိ" "ရအပ်ရသင့်သော သဘောရှိပါလျက် မရသောကြောင့်" ဤကား အနုပလဒ္ဓိဟိတ်၏ ဥဒါဟရဏ်တည်း။ ဖန်ခွက်ဟူသည်မှာ ရှိလျှင်မြင်ရသော အရာဝတ္ထုပေတည်း။ မမြင်ရခြင်း(မရခြင်း)၏ အဓိပ္ပာယ်သော်ကား ဖန်ခွက်သည် စားပွဲပေါ်၌ မရှိ။ ဖန်ခွက်မတွေ့ရခြင်းကို အကြောင်း(ဟိတ်)ပြု၍ ဖန်ခွက်မရှိခြင်းကို အခိုင်အမာပြုပေ၏။

အနုမာနအားဖြင့်တစ်စုံတစ်ခုသော အကြောင်းအရာကို အခိုင်အမာပြုရန်အတွက် အကျိုး(ကာရိယ)၊ သဘာဝ၊ မတွေ့ရခြင်း(အနုပလဒ္ဓိ) အားဖြင့် ၃ မျိုးပြားသောဟိတ်များရှိကုန်၏။ ရှိရခြင်းအကြောင်းသော်ကား ဟိတ်ရှိ

ကုန်သော အဆိုပါ ဓမ္မတို့နှင့်ကင်း၍ ဓမ္မီ(=သာဓု၊ မီး) သည် ဘယ်သော အခါမှ မရှိ။ ဓမ္မနှင့်ဓမ္မီ၏ ဆက်စပ်မှုကား ခွဲ၍ မရစကောင်းပေ။ "မီးခိုး ထနေသော နေရာတိုင်းတွင် မုချမီးရှိ၏" ဟု ကျွန်ုပ်တို့ သိကြ၏။ "သျှိ သျှမ်ပင် မှန်သမျှ မုချသစ်ပင်ဖြစ်၏" "မျက်စိဖြင့် မြင်ရသော ဖန်ခွက်သည် ရှိလျှင် မုချမြင်ရ၏။ မမြင်ရခြင်း၏ အဓိပ္ပာယ်သော်ကား မရှိခြင်းပေတည်း"

မနနှင့် သရီရ

(က) တစ်ခုကို တစ်ခုက မှီနေ၏။ မနနှင့် သရီရ (ကိုယ်)သည် တကွဲတပြားစီလော၊ သို့မဟုတ် တစ်ခုတည်းသာလော။ ဤအမေးနှင့် ပတ်သက်၍လည်း ဓမ္မကိတ္တိက မိမိ၏အယူအဆကို ထင်စွာ ဖော်ပြခဲ့၏။ ဗုဒ္ဓအမြင်နှင့်ပတ်သက်၍ ရေးသားစဉ်က ကျွန်ုပ်တို့ဆိုခဲ့ပြီးသော အတိုင်း ရှေ့သို့လည်း ဆက်လက်ဆိုလတ္တံ့သောအတိုင်း၊ ဗုဒ္ဓဘာသာဝင်များ သည် အတ္တကိုလက်မခံကြပေ။ အတ္တ၏နေရာ တွင် စိတ္တ၊ မနနှင့် ဝိညာဏ်ကို လက်ခံကြ၏။ ၎င်းတို့ ၃ မျိုးကား ပရိယာယ် (စကားလုယ်)များပေတည်း။ မနသည် သရီရ(ကိုယ်) မဟုတ်။ သို့သော် ကွဲပြားသည်နှင့်အမျှပင် "မနသည် ကာယကို မှီတင်းပေ၏" ဣန္ဒြေများသည် ကာယတွင်ရှိကြောင်း ကျွန်ုပ်တို့ သိကြ၏။ ဣန္ဒြေများနှင့်ကင်း၍ အသိဉာဏ်မဖြစ်သည်နှင့်အမျှ ဣန္ဒြေများ လည်း အသိဉာဏ်နှင့် ကင်း၍မဖြစ် နိုင်ပေ။ ဤသို့လျှင် ၂ မျိုးသည် (ဣန္ဒြေ များနှင့် အသိဉာဏ်) အညောညဟေတုကဖြစ်၏။ (=တစ်ခုကို တစ်ခုမှီ၏) ဤသို့အားဖြင့် (မနနှင့်ကာယ) ၏ အချင်းချင်းမှီတင်းမှုပြီးမြောက်ထင်ရှား၏။

(ခ) မနသည် သရီရမဟုတ်–မနနှင့် သရီရတစ်ခုကိုတစ်ခု မှီတင်းမှု နှစ်မျိုးတွင် ခွဲ၍မရစကောင်းသော ဆက်စပ်မှုသည် ကျွန်ုပ်တို့အား ဤဆို လတ္တံ့သောအကျိုးသဘောသို့ ပို့ဆောင်ပေး၏။ မနသည် သရီရမှ အချင်းခပ် သိမ်း ကွဲပြားသော တရားမဟုတ်။ မနသည်သရီရ၏ အစိတ်အပိုင်းတစ်ခု သာ ဖြစ်၏။ တစ်နည်းသော်ကား မနနှင့် သရီရ ၂ မျိုးသည် ထိုသရီရရှိ ရပ် တရားတို့၏ တိုးတက်ပွင့်ကားမှုသာဖြစ်၏။ ထို့ကြောင့် ဓာတ်သားအနေအား ဖြင့် မနနှင့်သရီရတွင် ကွဲပြားမှုမရှိ။ ရပ်တရားကြောင့်သာ စိတ်သဘောဖြစ် ၏။ စိတ်သဘောလည်း ရပ်တရားသာတည်း။ ဓမ္မကိတ္တိသည် အခြားသော

ဗုဒ္ဓဘာသာဝင်များကဲ့သို့ ဘုတစေတညဝါဒ(=ရုပ်ဝါဒ)ကို ပယ်ဖျက်လျက် ဆိုခဲ့၏။ "ဝင်သက်ထွက်သက် ကွန်ဒြေများနှင့် အသိဉာဏ်(=မန)၏ ဖြစ်ပေါ်မှုသည် မိမိနှင့်တူသော (မျိုးတူ) ရှေးရှေးအကြောင်းမပါဘဲ ကိုယ်ကာယသက်သက်ကြောင့်ဖြစ်ပေါ်လာသည်မဟုတ်။

အကယ်၍ သရီရသက်သက်ကြောင့် ဇာတိဖြစ်ပေါ်လာပါက ဝင်သက်ထွက်သက်၊ ကွန်ဒြေ၊ အသိဉာဏ်ရှိသော သရီရကြောင့် ဖြစ်ပေါ်သော စဉ်လာထုံးတမ်းမရှိတော့ပေရာ။ အမှတ်မထင် ရုပ်ဝတ္ထုကြောင့် အသက်–ဝင်သက်၊ ထွက်သက်၊ ကွန်ဒြေ၊ အသိဉာဏ်ရှိသော သရီရဖြစ်ပေါ်လေရာ၏။

အသက်ဇီဇရှိသော အရာဝတ္ထုကြောင့်သာလျှင် အခြားသော အသက်ဖြစ်ပေါ်လာရ၏။ ဤအချက်သည်လည်း မနသည် ရုပ်တရားသက်သက်ကြောင့် ဖြစ်ပေါ်လာသောအရာမဟုတ်ဟူသော အကြောင်း၏ အထောက်အထားဖြစ်၏။

ရံဖန်ရံခါအသက်ဇီဇမရှိဘဲလည်း အသက်ဖြစ်ပေါ်လာတတ်၏။ မိုးရေတွင် ပိုးကောင်ကလေးများကဲ့သို့တည်း။

"သံသေဒဇသတ္တဝါစသည် မပေါက်ဖွားနိုင်သော မြေ ရေ အစိတ်အပိုင်းတစ်ခုမှမရှိ။ ထိုအချက်ကိုထောက်၍ ရုပ်တရားကြောင့် ဖြစ်ပေါ်လာဟန်ရှိသော အရာဝတ္ထုအားလုံး ဇီဇသဘောရှိပြီးသားများဖြစ်ကြောင်းသိရ၏။"

အကယ်၍ မိမိနှင့်မျိုးတူ (အသက်လွတ်အကြောင်း)မပါဘဲ ကွန်ဒြေစသည်ဖြစ်ပေါ်မှုကို လက်ခံယူဆပါမူ တစ်ခုသော နေရာမှ ရုပ်ဝတ္ထုသည် အသက်သဘောသို့ ပြောင်းလဲသွားသင့်၏။ အကြောင်းသော်ကား ပထမအသက်ဓာတ်ကင်းခြင်းအားဖြင့် အားလုံးအတူတူချည်းပင်ဖြစ်သောကြောင့်တည်း။ သို့သော်လည်း မြေကြီးအိုးခြမ်းကွဲအားလုံး သက်ရှိသတ္တဝါသဘောသို့ ပြောင်းလဲသွားမည်ကို မတွေ့မြင်ကြရပေ။

မီးစာ၊ (ဆီ) အစရှိသည်တို့ကဲ့သို့ (သလိပ်၊ သည်းခြေစသော) ဒါဒသများကြောင့် ကိုယ်ကာယပျက်စီးသေဆုံးသွားရသည်ဟု ဆိုလျှင် မမှန်ပေ။ ဤအတိုင်းမှန်လျှင် သေဆုံးပြီးနောက်လည်း (သလိပ်၊ သည်းခြေ) စသော ဒါဒသများ၏ ငြိမ်းပျောက်သွားမှုဖြစ်ရာ၏။ တစ်ဖန်တုံ ဒါဒသများငြိမ်းပျောက်သွားသဖြင့် ပျက်စီးသေဆုံးမှုကင်းသွားသောကြောင့် အသေကောင်သည်

တစ်ဖန်ပြန်၍ ရှင်လာသင့်၏။

မီးမြိုက်လောင်ကျွမ်း၍ မီးငြိမ်းသွားသည့်အခါလည်း ထင်း၏ ဖောက်ပြန်မှု(မီးသွေး သို့မဟုတ် ပြာ) မှ ဆုတ်နစ်မှု (ပထမ ထင်းသဘော ပြန်ရောက်မှု) မဖြစ်တော့ပေ။ ထို့အတူ အသေကောင်တွင် သလိပ်စသည် ငြိမ်းသွားသော်လည်း သက်ရှိသဘောသို့ ပြန်မရောက်တော့ပေဟု အကယ်၍ ဆိုငြားအံ့။ ဤစကားလည်း မမှန်ပေ။ အကြောင်းသော်ကား ဆေးဝါးပေးသွင်းခြင်းအားဖြင့် ဒေါသများကင်းစင်သွားသော် ပကတိအတိုင်း ကျန်းမာသွား၏။

သို့သော် ဤကိုယ်ကာယ၏ ဇီဝသဘောကား သည်အတိုင်း သည်အတိုင်းသာတည်း။

ဒေါသများကြောင့်ဖြစ်သော ဖောက်ပြန်မှုများ၏ ဆုတ်နစ်မှု၊ မဆုတ်နစ်မှုသည် နေရာတကာတွင် အတူတူမဟုတ်ပေ။ အချို့သော အရာဝတ္ထုသည် ရံဖန်ရံခါမူရင်းမပြန်တော့သော ဖောက်ပြန်မှုများကို ဖြစ်စေတတ်၏။ ဥပမာ မီးသည် ထင်းနှင့်ပတ်သက်ရာ၌ မူရင်းမပြန်တော့သော ဖောက်ပြန်မှုကို ဖြစ်စေတတ်၏။ ပထမ–ထင်း၌စွဲလောင်သောမီးသည် မည်းသွားခြင်းစသော အနည်းငယ်မျှသာ ဖောက်ပြန်မှုကိုပြုစေကာ တဖန်ပြန်၍ မူရင်းသို့ မရောက်အောင် ပြုတတ်၏။ သို့သော် ဒုတိယ ရွေကျိုသော မီး၌ ရှိသော မူရင်းသို့ ပြန်နိုင်သည့်ဖောက်ပြန်မှုကား တစ်ဖန် ရှေးအတိုင်း ရွေသားပကတိ ဖြစ်နိုင်၏။

ကုစား၍မရနိုင်သော ရောဂါဆိုသမျှ အနာရောဂါများနှင့် သေခြင်း၏ အကြောင်း သလိပ်ဒေါသစသည်ကို တားမြစ်တတ်သော ဆေးဝါးရခဲ့မှု ကြောင့်၊ တစ်နည်း သက်တမ်းကုန်ခန်းမှုကြောင့်ဟု ဆိုအပ်၏။ အကယ်၍ (ရုပ်ဝါဒီတို့၏ အလိုအတိုင်း) သက်သက်ရုပ်ဒေါသများသာလျှင် သေခြင်း၏ အကြောင်းဖြစ်ခဲ့သော် ဤကဲ့သို့သော ဒေါသများကို ဖယ်ရှားပစ်ခြင်းသည် လုပ်၍မဖြစ်နိုင်သော အရာမဟုတ်ပေ။

မြွေကိုက်သောအခါ အသက်မထွက်သေးသမျှ အဆိပ်သည် တစ်ကိုယ်လုံးပျံ့နှံ့နေ၏။ သို့သော် အသက်ထွက်သွားသောအခါ အဆိပ်သည်မြွေကိုက်ရာဌာနတွင် စုဝေးသွား၏။ ဤသို့လျှင် အကယ်၍ ရုပ်သည်ပင် စေတနာ (စိတ်) ဖြစ်ခဲ့လျှင် အသက်ထွက်သွားသောအခါ အဆိပ်အစရှိသည်တို့၏

(ကိုယ်ကာယ အခြားနေရာများမှာ ရွေ့လျားခြင်း တစ်နေ့တည်းတွင်) စုဝေးသွားခြင်းကြောင့် ကိုယ်ကာယ၏ ကျန်သောနေရာများ တစ်နည်းသော်ကား ကိုက်မိသောနေရာတွင် ကိုက်မိခြင်းကြောင့် (ကျန်သောကိုယ်ကာယ၌ သက်မဲ့တည်း ဟူသော) ဖောက်ပြန်မှု၏ ဟိတ် (အဆိပ်) ရွေ့လျောသွားခဲ့လျှင် ဤကိုယ်ကာယသည် အဘယ်ကြောင့် အသက်မရှူတော့သနည်း။ ဤအချက်ကို ထောက်ထား၍ စေတနာ (စိတ်) သည် ရုပ်တရားမဟုတ်။ စင်စစ်ရုပ်တရားနှင့် တသီးတခြား ကွဲပြားသောအရာသာ ဖြစ်၏။ သို့သော် ၂ မျိုး၊ တစ်မျိုးနှင့် တစ်မျိုးမှီတင်းနေကြသောကြောင့် တသီးတခြားစီမနေနိုင်ကြပေဟု သိရ၏။

ရုပ်ကြောင့် စိတ်ဖြစ်သည်ဟုယူဆလျှင် ရုပ်သည် ဥပါဒါန (နီးကပ်သော အကြောင်း) ဖြစ်၍ စေတနာ (စိတ်) သည် ၎င်း၏အကျိုးဖြစ်ရာ၏။ သို့ဖြစ်လျှင် ဥပါဒါန (သရီရ) မဖောက်ပြန်ဘဲ ဥပါဒေယ (စေတနာ) ဖောက်ပြန်မှုကို မပြုနိုင်ပေ။ ဥပမာ– မြေမဖောက်ပြန်ဘဲ မြေအိုး၊ မြေခွက် စသည်၌ ဖောက်ပြန်မှုကို မပြုနိုင်ပေ။ တစ်စုံတစ်ခုသောအရာဝတ္ထု၏ ဖောက်ပြန်မှုနှင့် မယှဉ်ဘဲ အကြောင်အရာဝတ္ထုသည် ဖောက်ပြန်၏။ ထိုအရာဝတ္ထု ပစ္စည်းဝတ္ထု၏ ဥပါဒါန မဖြစ်နိုင်ပေ။ ဤသို့လျှင် မနှင့် သရီရကိုလည်း မှတ်သားအပ်၏။ ၂ ခုအနက် တစ်ခု၏ဖောက်ပြန်မှုနှင့် မယှဉ်ဘဲ အခြားတစ်ခု၏ ဖောက်ပြန်မှုကို တွေ့ရ၏။

မန၏သရုပ်– သဘာဝအားဖြင့် မနသည် ပြိုးပြုံးပြက်ပြက် (ဖောက်ပြန်မှုမရှိ) ဖြစ်၏။ မနတွင် ရောက်လာသောအညစ်အကြေးများသည် အာဂန္တုကများ (ကောင်းကင်၌အမိုက်တိုက်နှင့် မြူအစရှိသည်တို့ကဲ့သို့ အရင်းခံနှင့် ကွဲပြားသောအရာများ) ဖြစ်ကြ၏။

*

၆။ အခြားသောအဘိဓမ္မာဆရာများအား ပယ်ဖျက်ခြင်း

ဓမ္မကိတ္တိသည် မိမိ၏ကျမ်းစာဖြစ်သော ပမာဏဝတ္ထိကဋ္ဌ သူ၏အဘိဓမ္မာဆိုင်ရာ သဘောတရားများကို အခိုင်အမာပြု၍ အထောက်အထားပေးခဲ့ရုံသာမက ဓမ္မကိတ္တိသည် သူ၏ခေတ်အထိ ဟိန္နူအဘိဓမ္မာဆရာများ၏ တိုးတက်မှုကိုလည်း ဝေဖန်စိစစ်ခဲ့၏။ ၎င်းအဘိဓမ္မာဆရာများအနက် ဥဇ္ဇောတကရန့်၊ ကုမာရိလကဲ့သို့သော ထိပ်တန်းပြဟ္မဏအဘိဓမ္မာဆရာများလည်း ပါဝင်၏။ ကျွန်ုပ်တို့သည် ပုနရုတ္တိ (စကားထပ်) နှင့်ဂန္ထဝိတ္ထာရ (ကျမ်းကျယ်မှု) ဖြစ်မည်စိုးသဖြင့် ၎င်းဆရာများအကြောင်းနှင့် ပတ်သက်၍ သီးခြားမရေးတော့ပေ။ သို့သော် ဤနေရာ၌ ဓမ္မကိတ္တိ၏ဝေဖန်ချက်အားဖြင့် ၎င်းဆရာများ၏ အယူဝါဒများကို ကျွန်ုပ်တို့ သိနိုင်ကြ၏။

(၁) နိစ္စဝါဒီတို့အား သာမညသဘောအားဖြင့် ပယ်ဖျက်ခြင်း– တစ်ဦးထက် ပိုသောအဘိဓမ္မာဆရာများအဖွဲ့က လက်ခံသောအယူဝါဒများကို ပထမကျွန်ုပ်တို့ သုံးသပ်ရပေမည်။

(က) နိစ္စဝါဒကို ပယ်ဖျက်ခြင်း– အနိစ္စဝါဒ (ခဏိကဝါဒ)၏ထက်သန်သော ဘက်တော်သားဖြစ်သဖြင့် ဗုဒ္ဓအဘိဓမ္မာသည် နိစ္စဝါဒ၏ပြင်းထန်သော ဆန့်ကျင်ဘက်ဖြစ်၏။ အိန္ဒိယပြည်ရှိ ဗုဒ္ဓမှကြွင်းကျန်သော အဘိဓမ္မာ ဆရာအား လုံးပင် တစ်နည်းနည်းအားဖြင့် နိစ္စဝါဒကို လက်ခံကြ၏။ ဂျိန်းနှင့် မီမံသော ဆရာများကဲ့သို့သော အတ္တဝါဒီများသာမက စာရ်ဗာက်ကဲ့သို့သော ရုပ်ဝါဒီ များပင်သော်လည်း ရုပ်၏အသိမ်မွေ့ဆုံးသော

အစိတ်အပိုင်းကို ခဏိက (အနိစ္စ) ဆိုဖို့အတွက် အသင့်မရှိကြပေ။ ပမာဆိုသော် လွန်ခဲ့သော ရာစုနှစ်အထိ ဥရောပတိုက်သား စက်မှုရုပ်ဝါဒီများသည် ကမ္ဘာ၏ မူလအုတ်ချပ်များ ပရမာဏုမြူများကို ခဏိကဆိုရန်အတွက် အသင့်မရှိကြပေ။

ဒိန္နာဂက ဆိုခဲ့၏။ "အကြောင်းသည်(ကိုယ်တိုင်) ဖောက်ပြန်ခြင်းသို့ ရောက်ပြီးမှသာ အခြားသော အရာဝတ္ထု၏ အကြောင်းဖြစ်နိုင်၏"

ဓမ္မကိတ္တိက ဆိုခဲ့၏။ "အကြင်အရာဝတ္ထုဖြစ်ပြီးနောက် အကြင်အရာဝတ္ထုဖြစ်ပေါ်လာ၏။ တစ်နည်း အကြင်အရာဝတ္ထုဖောက်ပြန်မှုနှင့် ယှဉ်ပြီးနောက် အခြားအရာဝတ္ထုတွင် ဖောက်ပြန်မှုဖြစ်၏။ ထိုအရာဝတ္ထုသည် ထို(နောက်ဖြစ်သော) အရာဝတ္ထု၏ အကြောင်းဖြစ်သည်ဟု ဆိုကြ၏"

ဤသို့အားဖြင့် ဖောက်ပြန်မှုရှိသော တရားသာအကြောင်းဖြစ်နိုင်၏။ "နိစ္စ(ဝတ္ထု)တွင် ဤကဲ့သို့ အကြောင်းဖြစ်မှုမရှိနိုင်ပေ။ ထို့ကြောင့် ဣသရစသော နိစ္စအရာဝတ္ထုများမှ တစ်စုံတစ်ခုသော အရာဝတ္ထုဖြစ်ပေါ်မလာနိုင်ပေ"

"အနိစ္စဟု မခေါ်ဆိုနိုင်သော အရာဝတ္ထုသည် မည်သည့်အရာဝတ္ထု၏ အကြောင်းမှ မဖြစ်နိုင်ပေ။ (နိစ္စဝါဒီ) ပညာရှင်တို့သည် မပျောက်မပျက်သော သဘာဝကို နိစ္စဟု ခေါ်ဆိုကြသည်။ အနက်ရှိအပြုအမူ၌ စွမ်းနိုင်သောအရာဝတ္ထုကို ပရမတ္ထသဘောတရားဟု ဓမ္မကိတ္တိက ယူဆကြောင်း ရေးသားပြီးခဲ့လေပြီ။ နိစ္စတရား၌ ဖောက်ပြန်မှု အချင်းခပ်သိမ်းမရှိသောကြောင့် ကြိယာအပြုအမူရှိကိုမရှိနိုင်ပေ။ အတ္တ၊ ဣသရသည် ဣန္ဒြေစသည်ဖြင့် အာရုံမယူနိုင်သော အရာများဖြစ်ကြ၏။ နိစ္စဖြစ်သောကြောင့် အပြုအမူမရှိသောအရာလည်း တစ်ဆက်တည်းဖြစ်၏။ ထိုသို့ဖြစ်ပါလျက် အတ္တ၊ ဣသရတို့၏ အရှိသဘောကို ကြွေးကြော်ခြင်းမှာ ရဲတင်းမှုမျှသာတည်း။

(ခ) အတ္တဝါဒကို ပယ်ဖျက်ခြင်း–စာရ်ဗာက်နှင့် ဗုဒ္ဓအဘိဓမ္မာကို ချန်ထား၍ အိန္ဒိယအဘိဓမ္မာအားလုံးပင် အတ္တကို နိစ္စသက်ဝင်သဘော တစ်ခုအဖြစ် အသိအမှတ်ပြုကြ၏။ ဗုဒ္ဓဝါဒီများကား အနတ္တဝါဒီတို့ပေတည်း။ အတ္တကို အသိအမှတ်မပြုကြဟု ဆိုလိုသည်။ အတ္တကို အသိအမှတ်မပြုသော်လည်း ခဏတိုင်းပြောင်းလဲနေသော စေတနာအစဉ်(ဝိညာဉ်အစဉ်)သည်

ကိုယ်ကာယတစ်ခုမှ တစ်ခုသို့ ဆက်နေသည်(ပတိသန္ဓေယူသည်)ဟု ကျွန်ုပ်တို့ ပထမဦးစွာ ဆိုခဲ့ပြီးလေပြီ။ စေတနာ(မန–ဝိညာဉ်)သည် အမြဲတမ်းကိုယ်ကာယကို မှီတင်းနေသည်။ ကိုယ်ကာယတစ်ခုနှင့် အခြားကိုယ်ကာယတစ်ခု ဆက်စပ်မှုသည် လုံးဝနီးကပ်လျက်ချည်းမဟုတ်ပေ။ သေလွန်သော "က" ကိုယ်ကာယသည် မြေပြင်လောကဌ်ရှိ၏။ ထိုကိုယ်ကာယ၏ နောက်ဌ် ရှင်လာပြန်သော "ခ" ကိုယ်ကာယသည် အင်္ဂါကြိုဟ်လောကဌ်ဖြစ်၏။ ဤသို့သော အခြေအနေတွင် "က"ကိုယ်ကာယကို စွန့်လွှတ်၍ "ခ" ကိုယ်ကာယတိုင်အောင် ပို့ဆောင်ရာဌ် အလယ်အလတ် ကြားအခိုက်အတံ့တစ်ခုရှိရာ၏။ ထိုကြားအခိုက်အတံ့ဌ် ဝိညာဉ်ကို ကိုယ်ကာယမှ သီးခြားကင်းလွတ်နေသည်ဟု ယူဆရပေမည်။ သို့ဖြစ်လျှင် "မနသည် ကာယကို မှီနေ၏" ဟူသောစကား မှားရာ၏။ ဤပြဿနာ၏အဖြေကို ဗုဒ္ဓဘာသာဝင်များက ဖြေဆိုနိုင်၏။ ကျွန်ုပ်တို့သည် မနကို တစ်ခုတည်းမဟုတ်ဘဲ စင်စစ် အလျဉ်–အစဉ်အတန်းဟု ယူဆကြ၏။ အလျဉ်–အစဉ်အတန်း၏ အနက်ကား အကြားမရှိ–မပြတ်ဖြစ်သွားသော အရာဝတ္ထုတစ်ခုမဟုတ်။ စင်စစ်သော်ကား ခဏတိုင်း မိမိသဘောအားဖြင့် ပြတ်စဲသော အချင်းခပ်သိမ်း ပျက်စီးသော သဘောဟူ၍ဖြစ်၏။ ထိုရှေ့ဖြစ်သော မန၏နောက်ဌ် ထိုမနနှင့် အလားတူ၊ သို့သော် လုံးဝအသစ်ဖြစ်သော အရာဝတ္ထု၏ဖြစ်ပေါ်မှု၊ ထို့နောက် ဤ ပျက်ဖြစ် ပျက် ဖြစ် အစဉ်အားဖြင့် ပြတ်တောက်သော အလျဉ်၏ ဆက်မှုတည်း။

စေတနာ အလျဉ်သည် ဤနည်းအတိုင်းသွားသော ပြတ်တောက်သည့် အလျဉ်ဖြစ်၏။ ၎င်းအလျဉ်သည် အသက်အရေးအကြောင်းအဟန်ထင်၏။ သို့သော် အသက်ဗိန္နများ၏ အစဉ်အတန်းသာဖြစ်၏။ သို့ဖြစ်၍ အလျဉ်ကို ပြတ်တောက်သည်ဟု ယူဆခဲ့ရသော် 'မနသည် ကာယအပေါ် မှီ၏' ဟူသော စကား၏ အဓိပ္ပာယ်မှာ မန၏ ဗိန္နတစ်ခုစီကို ချန်ထား၍ ကာယ၏ဖြစ်မှု မရှိသင့်ဟု ဖြစ်၏။

ကိုယ်တိုင် ခဏတိုင်းပြောင်းလဲ၍ ကိုယ်ကာယကို တည်ဆောက်တတ်သော မူလဗိန္နများ၏ ပြတ်တောက်သောအစဉ်ဟုဆိုအပ်သည့် "က" ကိုယ်ကာယ၏ နောက်ဆုံး စိတ်ဗိန္နသည် ပျက်စီးပျောက်ကွယ်၏။ ၎င်း၏ အမွေခံသည် "ခ" ကိုယ်ကာယနှင့် တကွဖြစ်၏။ "က" ကိုယ်ကာယ (အလျဉ်)

၏ နောက်ဆုံးနှင့် "ခ" ကိုယ်ကာယ (အစဉ်) ၏ အစဖြစ်သောစိတ် ဗိန္နဲတို့ (က–စိတ္တ၊ ခ–စိတ္တ)၏ အလယ်၌ တစ်စုံတစ်ခုသော "ဂ" စိတ်ဗိန္နဲကို အသိအမှတ်ပြုသော် ထိုအခါ "ဂ" စိတ်ဗိန္နဲသည် ကာယနှင့်ကင်း၏ဟု မစွပ်စွဲနိုင်တော့ပေ။ ဤသို့အားဖြင့် ထာဝရ (နိစ္စ–စိရဋ္ဌာယီ) မဟုတ်။ စင်စစ်သော်ကား လျှပ်စစ်လက်သည်ထက် ပို၍လျင်မြန်သောအသွားဖြင့် "မျက်စိတစ်မှိတ်" စိတ်အစဉ် (အနုတ္တသဘော) ကို လက်ခံသော်လည်း ဗုဒ္ဓဝါဒီများသည် တစ်ခုထက် ပိုလွန်သော ကိုယ်ကာယများ (ကိုယ်ကာယအစဉ်များ) သို့ ဆက်သွယ်ကြောင်း အခိုင်အမာပြုခဲ့ကြ၏။

နိစ္စ အတ္တမရှိ– အတ္တကိုနိစ္စဟု ယူဆကြသော ပုဂ္ဂိုလ်များသည် ထိုကဲ့သို့ နိစ္စဟု ယူဆရခြင်း၏ အကြီးဆုံးသော အကြောင်းမှာ– အတ္တနှင့်ကင်း၍ နှောင်ဖွဲ့ခြင်း– ဇာတိမရဏာတွင် ကျရောက်၍ ဒုက္ခကို ခံစားရခြင်းနှင့် လွတ်မြောက်ခြင်း– ဒုက္ခတို့မှ ကင်းလွတ်၍ တကယ့်ချမ်းသာရှင်ကြီးဖြစ်ကာ လှည့်လည်ကျက်စားခြင်း ၂မျိုးစလုံးမဖြစ်နိုင်ပေဟု ယူဆကြသောကြောင့် ပေတည်း။

ဤအချက်နှင့်ပတ်သက်၍ ဓမ္မကိတ္တိက ဖြေဆိုထားခဲ့၏။ "ဒုက္ခဖြစ်မှု၌ အကြောင်း(ကံ)သည် အနှောင်အဖွဲ့ဖြစ်၏။ သို့သော် နိစ္စဖြစ်သော တရားသည် အပြုအမူကင်းသောတရားဖြစ်သောကြောင့် အတ္တသည် ဤကဲ့သို့သော (အကြောင်း)အဘယ်မှာ ဖြစ်နိုင်ပေအံ့နည်း။ ဒုက္ခဖြစ်မှု မရှိရာ၌ အကြောင်းသည် ကဲကြောင့်ဖြစ်သော အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းဖြစ်၏။ နိစ္စဖြစ်သောတရားသည် ဤကဲ့သို့သော (အကြောင်း) အဘယ်မှာ ဖြစ်နိုင်ပေအံ့နည်း။ အမှန်စင်စစ်အားဖြင့် အနိစ္စခဏိက မခေါ်နိုင်သောတရားသည် မည်သည့်အရာဝတ္ထု၏အကြောင်းမှ မဖြစ်နိုင်ပေ။ မပျောက်မပျက်သောသဘောကို အနိစ္စဟုခေါ်၏။ ဤရှုက်ဖွယ်ကောင်းသော အယူ (နိစ္စသဘောတရား) ကို စွန့်၍ အတ္တကို အနိစ္စဟု ဆိုပါလေလော့။

နိစ္စ အတ္တ အယူအဆ (သက္ကာယဒိဋ္ဌိ) သည် အဆိုးအားလုံးတို့၏ အရင်းအမြစ်ဖြစ်၏။ "ငါချမ်းသာလို၏။ မဆင်းရဲလို" ဤသို့တောင့်တလျက် သတ္တဝါအား "ငါ" ဟူသော အစွဲအသိသည် ဖြစ်၏။ ဤသည်ကား ဖြစ်လွယ်သော အတ္တဝါဒ=သဟဇ အတ္တဝါဒပေတည်း။ အတ္တ၌ (ဤသို့သဘောရှိသော) အစေးအညှော်မပါဘဲ သုခကို တောင့်တသူအဖြစ် (တစ်ခုသော

ကိုယ်ဝန်တည်ရာဌာနသို့) ပြေးသွားခြင်းမပြုနိုင်ပေ။

အတ္တနှင့်ပတ်သက်သော ချစ်ခြင်းမကုန်သမျှ သတ္တဝါသည် မိမိကိုယ်ကို ဒုက္ခမကင်းသူအဖြစ် အမှတ်အသားပြုနေရပေမည်။ ကြောင့်ကြမကင်းနိုင်ပေ။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို လွတ်မြောက်အောင် မလုပ်သော်လည်း "ငါ" "ငါ၏ဥစ္စာ" ကဲ့သို့သော အယူအစွဲ အမှားများကိုဖယ်ရှားရန် ကြိုးစားအားထုတ်ရ၏။

ဝတ္ထု၏ ထာဝရသဘောအစရှိသော သဘာဝဖောက်ပြန်မှုဖြင့် ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်သော အယူအစွဲကား ခဏိကမန - သရိရအစဉ်မှတစ်ပါး တခြားဖြစ်သော အတ္တကို စွဲယူမှုပေတည်း။

အတ္တအယူအစွဲသည် မိုက်မဲမှုသက်သက်သာတည်း။ ထိုအတ္တအစွဲသည်ပင် အဆိုးအပြစ်အားလုံး၏ အရင်းအမြစ်ဖြစ်၏။

ဂင်းမိုက်မဲမှုသည် သက္ကာယဒိဋ္ဌိဖြစ်၏။ စိတ်အညစ်အကြေးမှန်သမျှ၏ မူလကား မောဟသာတည်း။ ဘာသာတရားကို လက်ခံယုံကြည်ကြသော သူများအတွက်လည်း အတ္တဝါဒ (သက္ကာယဒိဋ္ဌိ) သည် ဆိုးဝါးသောအရာဖြစ်၏။ ဤအကြောင်းကို ဖွင့်ဆိုခဲ့၏။

"အကြင်သူသည် (နိစ္စ) အတ္တကို လက်ခံယုံကြည်၏။ ထိုသူတွင် "ငါ" ကဲ့သို့သော ရာဂသည် အမြဲတမ်းရှိနေ၏။ ရာဂကြောင့် သုခတဏှာဖြစ်၏။ တဏှာသည် အပြစ်အားလုံးကို ဖုံးအုပ်ပေး၏။ အပြစ်ဖုံးသွားသောအခါ ဂုဏ်ကျေးဇူးများကို တွေ့မြင်၏။ ဂုဏ်ကျေးဇူးကို မြင်တတ်သော တဏှာဖြစ်သောအခါ 'ငါ၏သုခ'ဟူ၍ တွယ်တာ၏။ သုခကိုရရန် သုခရကြောင်း (ဘဝသစ်) အစရှိသည်ကို စွဲယူ၏။ ဤကဲ့သို့ သက္ကာယဒိဋ္ဌိဖြင့် အတ္တဟူ၍ စွဲနေသမျှ ထိုသူသည် သံသရာ (ဘဝသမုဒ္ဒရာ) တွင် ကျရောက်နေ၏။ "ငါ" စွဲရှိနေသောအခါ "သူ" စွဲရှိလာ၏။ ငါ- သူတစ်ပါးကွဲပြားမှုရှိခဲ့သော်သိမ်း ပိုက်မှု၊ စွန့်ပစ်မှု (ရာဂဒေါသ) ဖြစ်၏။ ဤသိမ်းပိုက်မှု စွန့်ပစ်မှုများဖြင့် နောင် ဖွဲ့ထားအပ်သောသူသည် အပြစ်အားလုံး (ကွသအစရှိသည်) ကိုဖြစ်ပွားစေ၏။ အကြင်သူသည် အမြဲတစေအားဖြင့် အတ္တအစွဲရှိနေ၏။ ထိုသူသည် အတ္တနိယ (သုခရကြောင်း) များဖြင့် ရာဂကင်းသူမဖြစ်နိုင်ပေ"

"အတ္တစွဲသည် အချင်းခပ်သိမ်း တကိုယ်ကောင်းအစွဲကို ခိုင်မာစေတတ်

၏။ အတ္တနိယများကို အကြောင်းပြု၍ဖြစ်သော အစွဲဗီဇရှိခဲ့သော် ထိုသူသည် အပြစ်များကို မူမပျက်ဆက်လက်ဖြစ်ပွားစေလိမ့်မည်သာဖြစ်၏"

"အမှန်စင်စစ်အားဖြင့် အတ္တဟူ၍မရှိ၊ အနတ္တတည်း။ သို့သော် အနတ္တ၌ မှားယွင်းဖောက်ပြန်သောအားဖြင့် အတ္တဟူသောအစွဲဖြစ်ပေါ်ခဲ့သော် အတ္တနိယသုခအစရှိသောအရာဝတ္ထုများ ထင်မှတ်သောသူသည် ဘာကိုရရ ရသမျှနှင့်ပင် အလုပ်ဖြစ်အောင် လုပ်လေတော့၏။ အကြီးအကျယ်မရသည်ရှိသော် အသေးအဖွဲလာဘ်ကလေးကိုပင်သော်လည်း မစွန့်တော့ပေ။ မိန်းမအချောအလှကိုမရသောအခါ တဏှာရူးယောကျ်ားသည် တိရစ္ဆာန်နှင့်သော်လည်း ကာမကို ဖြေဖျောက်၏။

ဤသို့အားဖြင့် နိစ္စအတ္တသည် ယုတ္တိအားဖြင့် အခိုင်အမာပြုပေးနိုင်သော အရာမဟုတ်၊ အတ္တကိုလက်ခံသဖြင့် ဘာသာရေး၊ ပရလောက၊ မုတ္တိ(နိဗ္ဗာန်) အရာတွင်လည်း အဆီးအတားဖြစ်သည်သာတည်း။

ဣဿရဝါဒီတို့သည် ဣဿရကို နိစ္စဟူ၍လည်းကောင်း၊ ကမ္ဘာပြုဟူ၍လည်းကောင်း အမှတ်ပြုကြ၏။ ဓမ္မကိတ္တိသည် ဣဿရရှိမှုကို ပယ်ဖျက်လျက် ဆိုခဲ့၏။

"သဘာဝအားဖြင့် ဣဿရသည် ကမ္ဘာကို ဖန်ဆင်းသောအခါ၌ အကြောင်းဝတ္ထုဖြစ်သကဲ့သို့ သဘာဝအားဖြင့် ဖန်ဆင်းခြင်းမပြုမီ ဣဿရည် အကြောင်းမဟုတ်သော အရာဝတ္ထုလည်း ဖြစ်ခဲ့၏။ နောက်ဆုံး သဘာဝသည် တစ်မျိုးတည်းဖြစ်သောကြောင့် အခိုက်အတံ့ ၂ မျိုးအားဖြင့် ဣဿရတွင် ကွဲပြားမှုမဖြစ်နိုင်ပေ။ ဣဿရကို အကြောင်းဟု ယူဆသောအခါ အဘယ်အထောက်အထားဖြင့် ထိုကဲ့သို့ အကြောင်းဟု ယူဆရပါသနည်း။ အကြောင်းမဟုတ်ဟု ယူဆရမည်မဟုတ်ပါလော။

ပြုတတ်သူနှင့် ပြုတတ်သူမဟုတ်ဟူသော အခိုက်အတံ့ ၂ မျိုးတွင် တစ်သဘောတည်းဖြစ်နေသော ဣဿရကို အကြောင်းဟု ခေါ်ဆိုသည်ရှိသော် အမေးရှိလာ၏။ ရာမ၏ကိုယ်ကာယ၌ လက်နက်ထိသဖြင့် အနာဖြစ်၍ ဆေးသိပ်သဖြင့် အနာကျက်လာသည်ကို တွေ့မြင်ရ၏။ လက်နက်နှင့် ဆေးသည် ခဏိကဖြစ်သဖြင့် အပြုအမူကို ပြုစွမ်းနိုင်၏။ ထို့ကြောင့် အနာနှင့်ဆေးတို့အတွက် ထိခြင်း၊ ကျက်စေခြင်းသဘောသည် ဖြစ်နိုင်၏။ သို့

သော် နိစ္စဖြစ်သောကြောင့်ပင် အပြုအမူကင်းမဲ့သော ကျသရကိုပြုတတ်သူ (ကာရက)ဟု ယူဆခဲ့သော် အပြုအမူ(ကြိယာ) စသော အဆက်အစပ်ကင်းသော သစ်ငုတ်တိုဌ် ကမ္ဘာ၏ အကြောင်းဟု စွဲယူစရာ အဘယ်မှာ ရှိပေအံ့နည်း။

ကျသရတွင် ဖန်ဆင်းမှုကို ပြုတတ်သော အခိုက်အတံ့နှင့် ဖန်ဆင်းမှုကို မပြုတတ်သော အခိုက်အတံ့ကွဲပြားမှုရှိသည်ဟု အကယ်၍ ဆိုခဲ့ငြားအံ့။ အမေးရှိလာ၏။ ဤကဲ့သို့ ကွဲပြားမှုမရှိခဲ့လျှင် ကျသရသည် သဘာဝအားဖြင့် ဖောက်ပြန်ပြောင်းလဲသွားပေလိမ့်မည်။ အကြောင်းသော်ကား သဘာဝအားဖြင့် ဖောက်ပြန်မှုမရှိဘဲ ကျသရသည် ပြုတတ်သူမဖြစ်နိုင်ပေ။ နိစ္စဖြစ်သဖြင့် ကျသရသည် တစ်စုံတစ်ခုသော ဗျာပါရ (ကြိယာ) ကို မပြုနိုင်ပေ။ ၎င်းပြင် အကြင်အရာဝတ္ထုသည် နိစ္စဖြစ်၏။ ထိုအရာဝတ္ထုသည်သီးခြားမဟုတ်။ အမြဲတမ်းထိုအရာဝတ္ထုဌ် ထင်ရှားရှိနေ၏။ အမြဲတမ်းတန်ခိုးသတ္တိရှိနေပါလျက် တစ်ချိန်မှာသာ တန်ခိုးပြနိုင်၍ အခြားအချိန်တွင် မပြနိုင်ဘူးဟု ကျသရ၏ တန်ခိုးနှင့်ပတ်သက်၍ သိမှတ်ရန် ခဲယဉ်းလှပေ၏။

အကြင်အကြောင်းများရှိသောအခါ အကြင်အကျိုးဖြစ်ပေါ်၏။ ထို အကြောင်းများမှ တစ်ပါးသောအရာကို ထိုအကျိုး၏အကြောင်းဟု ယူဆခဲ့သော် (အကြောင်းရှာသောအခါကျသရအထိသာရောက်၍ ရပ်သွားမည်မဟုတ်။ စင်စစ်) နေရာတကာမှာပင် အကြောင်းတို့၏ အဆုံးဟူ၍ပင် မရှိပေရာ(ကျသရအရင် အရင့် အရင် အကြောင်းများကိုလည်း ရှာရပေလိမ့်မည်)

"အကျိုးကို ဖြစ်ပေါ်စေသော အချိန်ဌ် သဘာဝအားဖြင့် ဖောက်ပြန်သော အရာသည်သာ အကြောင်းဖြစ်၏။ မြေကြီးစသည်သည် အညွှန့် အညောက်ကို ဖြစ်စေရာဌ် အကြောင်းသည် သူ၏သဘာဝဖောက်ပြန်မှုကို ဖြစ်ပေါ်စေ၏။ အကြောင်းသော်ကား ထိုမြေအစရှိသည်တို့၏ ပြုပြင်မှုကြောင့် အညွှန့်အညောက်တွင် ထူးခြားမှုကို တွေ့ရ၏။ (ကျသရသည် မိမိသဘာဝဖောက်ပြန်မှုကို မပြုဘဲ အကြောင်းမလုပ်နိုင်ပေ။ သဘာဝဖောက်ပြန်မှုကို ပြုသောအခါလည်း ကျသရသည် နိစ္စဖြစ်မနေနိုင်တော့ပေ)

ကျသရဝါဒီတို့သည် ကျသရကို အခိုင်အမာပြုရန်အတွက် ဤဆိုလတ္တံ့သော အချက်ကို အားကောင်းသော ယုတ္တိဟု အသိအမှတ်ပြုကြ၏။

စုဝေးနေသော အရာဝတ္ထုကို မြင်သဖြင့် စီရင်ဖန်ဆင်းသူကို ခန့်မှန်းရ၏။ ဥပမာသော်ကား စုဝေးနေသော အိုးကိုမြင်ရ၍ အိုးကိုပြုလုပ်သော အိုးထိန်းသည်ကို ခန့်မှန်းရ၏။ ၎င်းကိုပြန်လည်ချေပ၍ ဓမ္မကိတ္တိက ဆိုခဲ့၏။

တစ်စုံတစ်ခုသော အရာဝတ္ထု(အိုး)နှင့်ပတ်သက်၍ ယောကျ်ားရှိခြင်းကြောင့် စုဝေးမှုဖြစ်ခြင်း၊ အကယ်၍ ထင်ရှားခဲ့လျှင် စုဝေးခြင်းဖြစ်သည် ယောကျ်ားရှေ့သွားရှိ၏ဟူသော စကားတူကို သုံးခြင်းအားဖြင့် အိုးထိန်းသည်အလား ကွဿရကို ခန့်မှန်းခြင်းသည် မမှန်။ ဥပမာသော်ကား နေရာတစ်နေရာတွင် ရံခါမီးခိုးရောင်ရှိသော မီးခိုးကို မြင်ရ၍ သင်တို့သည် မီးကို ခန့်မှန်းကြ၏။ သို့ဖြစ်၍ နေရာတိုင်းတွင် မီးခိုးရောင်ကို မြင်၍ မီးကို ခန့်မှန်းကြပါစို့။ အကယ်၍ ဤအတိုင်း မယူဆလျှင် အိုးထိန်းသည်သည် မြေအိုးအစရှိသော တစ်စုံတစ်ခုကို ပြုလုပ်၏။ ထို့ကြောင့် ခြတို့၏ တောင်ပို့ကို အိုးထိန်းသည်၏ လက်ရာအဖြစ် အခိုင်အမာလုပ်ပေးရလိမ့်မည်။

ပထမ သာမဂ္ဂိကာရဏဝါဒနှင့် ပတ်သက်၍ ဆိုစဉ်အခါက ဓမ္မကိတ္တိ ဆိုခဲ့ဖူးသောအတိုင်း အရာဝတ္ထုတစ်ခုခုက အကျိုးကို မဖြစ်စေတတ်၊ အရာဝတ္ထုများစွာ ပေါင်းစပ်မှ သို့မဟုတ် အကြောင်းများစွာ ပေါင်းဆုံမိမှ အကျိုးကို ပြုရာတွင် စွမ်းနိုင်၏။

(၂) နျာယ– ဝိသေသိကအယူကို ပယ်ဖျက်ခြင်း– ဝိသေသိကနှင့် နျာယ အဘိဓမ္မာ၌ ကမ္ဘာကို အပြင်အပမှ ပြောင်းလဲဖောက်ပြန်သည်ဟု ယူဆလျက် ဂရိတ်အဘိဓမ္မာဆရာများ– အထူးအားဖြင့် အရစ္စတော် (တလ) ၏ အဘိဓမ္မာနောက်သို့ အစဉ်လိုက်လျက် အပြင်အပပြောင်းလဲမှုများ၏ အတွင်း၌ နိစ္စသဘောတစ်မျိုးတည်းတည်ရှိနေသော ပရမတ္ထများ– စေတနာ နှင့်ရုပ်တည်းဟူသော မူလတရားများကို အခိုင်အမာပြုရန် ကြိုးပမ်းခဲ့ကြ၏။

ဗုဒ္ဓအဘိဓမ္မာသည် ခြွင်းချက်မရှိ ခဏိကသဘော၏ အခိုင်အခဲ့အလုံးစုံပျံ့နှံ့သော စည်းကမ်းကို ဝန်ခံလျက် ထာဝရသဘောကို ပြီးစေတတ်သော မည်သည့်သဘောတရားကိုမှ လက်ခံရန် အသင့်မရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် "ပမာဏဝတ္ထိက"၌ ဓမ္မကိတ္တိက အရေးတကြီးအားဖြင့် ဤကဲ့သို့သော

အယူဝါဒများကို အပြင်းအထန်ပယ်ဖျက်ခဲ့ကြောင်းကို တွေ့သိရ၏။

ဝိသေသိကသည် ထာဝရဝါဒီသဘောတရားအရ သူ၏

(၁) ဒဗ္ဗ

(၂) ဂုဏ

(၃) ကမ္မ

(၄) သာမည

(၅) ဝိသေသ

(၆) သမဝါယ–တည်းဟူသော အရာဝတ္ထု ၆ မျိုးကို ဝန်ခံခဲ့၏။ ၎င်းတို့နောက် ဗုဒ္ဓဘာသာဝင်များ ရှေ့တိုးနောက်ငင်ရှိမည့် သဘောတရားများမှာ ကမ္မနှင့် ဝိသေသတို့သာလျှင်ဖြစ်၏။ အကြောင်းသော်ကား ကမ္မ သို့မဟုတ် ကြိယာသည် ခဏိကဝါဒ၏ အခြင်းအရာရှိ ပရမတ္ထသဘာဝသာလျှင်ဖြစ်သောကြောင့်တည်း။ ဟေတု သာမဂ္ဂီနှင့် အပေါဟ(ဌင်းနှင့်ပတ်သက်၍ ရှေ့တွင်သဒ္ဒပမာဏအကြောင်း အချေအတင်ငြင်းခုံသောအခါ ရေးသားမည်) သဘောတရားများကို လက်ခံသူများဖြစ်သဖြင့် ဝိသေသကိုလည်း ဗုဒ္ဓဘာသာဝင်များလက်ခံကြ၏။

ကျန်သော– (၁) ဒဗ္ဗ

(၂) ဂုဏ

(၃) သာမည

(၄) သမဝါယတို့ကိုကား ဗုဒ္ဓဘာသာဝင်များက တွေးဆချက်အပေါ်တွင် အမှီပြုသော ဝေါဟာရသစ္စာအနေအားဖြင့်သာ လက်ခံနိုင်ကြ၏။

(က) ဒဗ္ဗဂုဏာစသည်ကို ပယ်ဖျက်ခြင်း– ဗုဒ္ဓဘာသာဝင်တို့၏ ပရမတ္ထသစ္စာနှင့် ဝေါဟာရသစ္စာအခေါ်အဝေါ်နှင့် ပတ်သက်၍ ရှေးဦးစွာဆိုခဲ့ပြီးလေပြီ။ အခေါ် အဝေါ်နှင့်ပတ်သက်၍ ဆိုခဲ့ရာတွင် ဗုဒ္ဓဘာသာဝင်တို့သည် ပရမတ္ထသဘော၏ မှတ်ကျောက်အဖြစ် အနက်ရှိအပြုအမူ (အတ္ထကြိယာ) ကို ထားကြ၏။ ကမ္မာ တွင် အကြင်အရာဝတ္ထုသည် ထင်ရှားရှိ၏။ ထိုအရာဝတ္ထုသည် အနက်ရှိ

အပြုအမူနှင့် ပျံ့နှံ့နေ၏။ အကြင်အရာဝတ္ထုသည် အနက်ရှိအပြုအမူကို မပြုတတ်။ ထိုအရာဝတ္ထုသည် ပရမတ္ထသဘောတရားမဖြစ်နိုင်။ ကမ္မာနှင့် ကမ္မာ "ဝတ္ထုပစ္စည်း" များနှင့်ပတ်သက်၍ ဤသို့ယူဆလျက် ဗုဒ္ဓဘာသာဝင်များသည် တကယ့်အနေအားဖြင့် "ဝတ္ထု" ဟူသော အခေါ်အဝေါ်အားဖြင့် လူသာမန် တို့တွင် စိတ်တွင် ထာဝရအရာဝတ္ထုဟု ထင်မှတ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အဘိဓမ္မာဆရာများသည် "ဝတ္ထု"အစား "ခန္ဓ" ဟူ၍သော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာ ထာဝရသစ္စာဟူ၍သော်လည်းကောင်း မယူကြဘဲ စင်စစ်အားဖြင့် ပြတ်တောက်သော အလျဉ်၏ ခဏတိုင်းပျက်၊ ခဏတိုင်းဖြစ်နေ၍ အရာဝတ္ထုအသွင်အားဖြင့်သာ ထင်မှတ်ရသော ဓိန္နုများဟူသော အနက်အားဖြင့်သာ ယူကြ၏။ အရာဝတ္ထု၏ တည်နေမှုသည် "ဖြစ်၏"ဟူသော အဓိပ္ပာယ်မရှိဘဲ "ဖြစ်ခြင်း" ဟူသော အဓိပ္ပာယ်ရှိသောကြောင့် ဗုဒ္ဓဘာသာဝင်များက "ဘာဝ" (ဖြစ်ခြင်း) ဟူသောအသုံးကို နှစ်သက်ကြ၏။

ကမ္မာကြီးသည် "ဖြစ်၏" ဟု ကျွန်ုပ်တို့ သုံးစွဲရအောင် ထာဝရအရာဝတ္ထုများ၏ အပေါင်းမဟုတ်။ စင်စစ်သော်ကား ကမ္မာကြီးသည် ခဏမလပ် ဖြစ်ပျက်နေသော အဖြစ်အပျက်၏အပေါင်းဖြစ်၏။ ဝိသေသိက ကျမ်းဆရာ၏ ဒဗ္ဗ၊ ဂုဏ်များကို ကြံဆချက်သည် "ဘာဝ"၏နောက်တွင် ဖုံးကွယ်နေသော "ပြတ်တောက်သောအလျဉ်" အယူအဆနှင့် ဆန့်ကျင်၏။

ဝိသေသိက ကျမ်းဆရာ၏အဆိုကား ဒဗ္ဗနှင့် ဂုဏ၂ မျိုးသည် အရာဝတ္ထုတစ်ခုခုအပေါ် မှီတင်းနေသော အရာပေတည်း။ ကျွန်ုပ်တို့သည် အနုံ့ကို အမြဲတမ်း ပထဝီဓာတ်အခြေခံပေါ်တွင် တွေ့ကြရ၏။ ထိုကဲ့သို့ပင် ပထဝီဓာတ် ရှိရာဌာနမှန်သမျှ ၎င်းပထဝီဓာတ်၏ အာဓေယ(=အာရုံ–မီတတ်သောအရာ)ဂုဏ်ကိုလည်း တွေ့ရ၏။ ဤသို့အားဖြင့် ဂုဏ်အတွက် အာဓာရ(=မှီရာ)တစ်ခုရှိသင့်၏။ ဤအယူအဆသည် ကျွန်ုပ်တို့အား ဒဗ္ဗသဘောကို လက်မခံ ခံအောင် ပြုလုပ်ပေး၏။ ၎င်းပြင် ဒဗ္ဗသည် အမြဲတမ်း မိမိ၏ အာဓေယဂုဏ်နှင့်တကွ တည်နေ၏။ ဤအယူအဆသည် ကျွန်ုပ်တို့အား ဂုဏ်သဘောကို လက်မခံခံအောင် ပြုလုပ်ပေး၏။

ဗုဒ္ဓဘာသာဝင်တို့၏အဆိုကား ပကတိ(သဘာဝ)သည် ဤဒဗ္ဗ၊ ဂုဏ

ကွဲပြားမှုကို မသိတတ်။ သိလွယ်စေခြင်းငှာသာ ကျွန်ုပ်တို့က ခွဲခြား၍ ခေါ်ဆိုကြ၏။ ပကတိသည် သရက်သီးဆယ်လုံးတွင် တစ်လုံးကို ပထမ၊ နောက်တစ်လုံးကို ဒုတိယ၊ ဤသို့ နံပါတ်တပ်၍ ကျွန်ုပ်တို့ရှေ့တွင် ထင်ရှားပေါ်ပေါက်လာအောင် လုပ်မပေးပေ။ သရက်သီးအလုံးတိုင်း တစ်လုံးနှင့်တစ်လုံး ကွဲပြားခြားနား၏။ ပကတိကား ဤမျှလောက်သာသိ၏။ "ဘာဝ" များကား ခဏတိုင်း ပျက်စီးနေ၍ ဘာဝတို့၏ အလျဉ်သည် ခဏတိုင်း ပျက်စီးမှုနှင့် ယှဉ်သောဖြစ်စဉ်အားဖြင့် ဤဖြစ်စဉ်သည် အမြဲတမ်းအကြောင်းရှိကြောင်း အခိုင်အမာဖြစ်၏။ ဤသို့အားဖြင့် အာသယ(=အာဓာရ)ဟူသည်ကို ဘာဝတိုင်း၏ ရှေ့တွင် ဘာဝအစဉ်သည် ထင်ရှားရှိနေ၏ဟူသော အနက်အားဖြင့်သာ ယူဆသင့်၏။ ဤသို့အားဖြင့် ကွဲပြားသော အနက်အားဖြင့် (အာသယဟူ၍လည်းကောင်း၊ အာဓာရဟူ၍သော်လည်းကောင်း၊ ဒဗ္ဗဟူ၍သော်လည်းကောင်း ယူဆခြင်းသည်) ယုတ္တိမရှိပေ။

ရေ၏တည်ရာ အိုးကို ယူဆသကဲ့သို့ အနုံ၏တည်ရာ ပထဝီဓာတ်ကို ယူဆသည်ဟူသောစကားမှာ မမှန်ပေ။ "ရေစသည်အတွက် တည်ရာလို အပ်သည်ဆိုသော် ဖြစ်နိုင်၏။ အကြောင်းသော်ကား ရွှေ့လျားတတ်သော သဘောရှိသောရေ၏ ရွှေ့လျားမှုကို အိုးက ဆီးတားရ၏။ ဂုဏသာမည (=ဇာတိ)နှင့် ကမ္မသော်ကား သင်တို့၏ အယူအားဖြင့် ရွှေ့လျားမှုကင်းသော ဒဗ္ဗအတွင်းတွင် စွဲဝင်နေ၏။ သို့ဖြစ်လျှင် ဤသို့ ရွှေ့လျားမှုကင်းသော ဂုဏသာမညနှင့် ကမ္မတို့ကို အာဓာရက ဘာများလုပ်ပေးရဦးမည်နည်း။

ဤသို့အားဖြင့် အာဓာရတွေးဆချက် မှားယွင်းကြောင်း အခိုင်အမာဖြစ်ပြီးနောက် အာဓေယဖြစ်သော ဂုဏစသည်ကို သီးခြားအရာဝတ္ထုများ ဖြစ်သည်ဟူသော မှတ်သားမှုလည်း မှားယွင်းသောအမှတ်အသားပေတည်း။ ဂုဏသည် အမြဲတမ်း ဒဗ္ဗတွင် တည်နေ၏။ ဆိုလိုသည်ကား ဒဗ္ဗနှင့် ဂုဏ ၂ မျိုးအကြားတွင် သမဝါယ(=နိစ္စဖြစ်သော) ဆက်စပ်မှုရှိ၏။ ဒဗ္ဗသည် ဂုဏ၏ သမဝါယီ(နိစ္စဆက်စပ်မှုရှိသော) အကြောင်းဖြစ်၏။

ဤသို့ သမဝါယနှင့် သမဝါယီအကြောင်းကို အမှတ်အသားပြုခြင်းသည်လည်း ရှေးက ပယ်ဖျက်ပြီးသော ဒဗ္ဗ၊ ဂုဏ တွေးဆချက်ပေါ်တွင် အမှီပြုနေသဖြင့် မှားယွင်း၏။

(ခ) သာမညကို ပယ်ဖျက်ခြင်း– နွားပေါင်း ကုဋေကုဋာရှိ၏။ ကျွန်ုပ်တို့သည် ထိုနွားများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလရှိ တစ်ကောင်စီ အပေါ်တွင် စဉ်းစားကြည့်လိုက်သော် နွားများ မရေမတွက်နိုင်လောက်အောင် ပင် ထင်ရ၏။ ထို မရေမတွက်နိုင်သော နွားတစ်ကောင်စီ၌ အကြောင်းအရာ တစ်ခုကို ကျွန်ုပ်တို့ အမြဲတမ်းတွေ့ရ၏။ ၎င်းကား နွားတစ်ကောင်စီ သေကုန်သော်လည်း အသစ်အသစ်မွေးလာသောနွားတိုင်းတွင် တွေ့ရသည့် နွားအဖြစ် နွားဇာပေတည်း။ များစွာသော တစ်ကောင်စီတွင် တစ်မျိုးတည်းကဲ့သို့ တွေ့ရသော အရာကား သာမည သို့မဟုတ် ဇာတိဖြစ်၏။ ၎င်းသည် နိစ္စကာလ သုံးပါးစလုံးနှင့်ယှဉ်သောအရာဖြစ်၏။

ဤဆိုခဲ့ပြီးသော ယုတ္တိကား သာမညကို အခိုင်အမာပြုရန်အတွက် ဝိသေသိကဆရာပေးသော အကြောင်း ယုတ္တိပေတည်း။ ၎င်းယုတ္တိနှင့် ပတ်သက်၍ ရှေးက ရေးသားခဲ့ပြီးသော်လည်း အရာဌာနကို နားလည်လွယ်စေရန် ကျွန်ုပ်တို့က ဤနေရာတွင် တစ်ဖန်ထပ်၍ ဆိုလိုက်ရပေ၏။

အနုမာနအရာ၌ ဓမ္မကိတ္တိဆိုခဲ့ပြီးသောအတိုင်း သာမညသည် အနုမာန၏ အရာဖြစ်၏။ ၎င်းပြင် သာမညသည် "ဝတ္ထုရှိ" အရာမဟုတ်ပေ။ စင်စစ်သော်ကား တွေးဆချက်အပေါ်တွင် မှီတင်းနေ၏။ ဤသို့လျှင် ဝေါဟာရသစ္စာနှင့် ဆက်စပ်သမျှကို လက်ခံသဖြင့် ဓမ္မကိတ္တိက မပယ်ခဲ့ပေ။ ထို့ကြောင့် ဓမ္မကိတ္တိက ဆိုခဲ့၏။

အပြင်အပအနက် (အရာဝတ္ထု) ကို မငဲ့ဘဲ၊ အရာဝတ္ထု၌ ဝါစကအဖြစ် အသိအမှတ်ပြု၍ ဆိုသူများက အကြင် သဒ္ဒါကို သတ်မှတ်ကြ၏။ ထိုဆိုသူများသတ်မှတ်သော အတိုင်း ဝါစကသဒ္ဒါဖြစ်ရ၏။

မိန်းမတစ်ဦးတည်းအတွက်ပင်သော်လည်း သက္ကတဘာသာ၌ ဗဟုဝုစ်အားဖြင့် "ဒါရာ" ဟု ဆို၏။ မြို့ ၆ မြို့ဖြစ်၍ ဗဟုဝုစ်ရှိသော အနက်အတွက် ဧကဝုဒ်အားဖြင့် ဆန္နဂရီ (ဆနဂရီ) ဟု ဆို၏။ ဤကဲ့သို့သော သဒ္ဒရုပ်များတွင် ဧကဝုစ် ဗဟုဝုစ်စည်းမျဉ်း၏ အကြောင်းကား အဘယ်နည်း။ တစ်နည်းသော်ကား (သာမညသည် တစ်ခုစီဖြစ်သော အရာဝတ္ထုများစွာ၌ တစ်မျိုးတည်းသာဖြစ်၏)ကောင်းကင်သည် သုညသဘောသက်သကဲတစ်ခုသာတည်း။ သို့ဖြစ်လျက် ကောင်းကင်၏ သဘောဖြစ်သော ကောင်းကင်အ

ဖြစ်ကို သာမညကို အဘယ်ကြောင့် မှတ်သားရသနည်း။

ဆိုခဲ့ပြီးသော စကား၏အဓိပ္ပာယ်မှာ ဤသို့သာတည်း။ သဒ္ဒါများကို သုံးစွဲရာ၌ အရာဝတ္ထုကို အရေးတကြီးမလုပ်ဘဲ ဆိုသူတို့က နေရာများစွာတွင် လွတ်လပ်မှုကို ပြကြ၏။ နွားဇာတ်အစရှိသည်ကဲ့သို့ ဆိုသူတို့၏ "လွတ်လပ်သော" တွေးဆချက်ဖြစ်၏။ ထိုလွတ်လပ်သော တွေးဆချက်အပေါ်တွင် အခြေပြု၍ ဝတ္ထု၏ တည်ရှိမှုကို ဆုံးဖြတ်ခြင်းသည် မှားပေလိမ့်မည်။

(အချင်းခပ်သိမ်း တစ်ခုနှင့်တစ်ခု) ကွဲပြားမှုရှိနေသော ဘာဝများ(ဝတ္ထုများ)ကို အကြောင်းပြု၍ တစ်ခုသောအနက် (နွားအဖြစ်)ကို သိတတ်သော အကြင်အသိဉာဏ်အားဖြင့် ထို(ဘာဝများ)၏ (တကယ် ဝတ္ထုရှိ) သဘော ဖုံးကွယ်သွား၏။ (ထို့ကြောင့်) ဤသို့သဘောရှိသော ဉာဏ်ကို သမ္မုဋိ (တကယ့်ဝတ္ထုရှိသဘောကို ဖုံးအုပ်ပေးတတ်သောအရာ) ဟု ခေါ်ကြ၏။

ဤသို့ သဘောရှိသောသမ္မုဋိကြောင့် (ဘာဝများ=နွားများ)၏ ထူးခြားမှုဖုံးအုပ်သွား၏။ (ထို့ကြောင့်) ဘာဝများ (=နွားများအချင်းချင်း) ကွဲပြားသော် (လည်း) တစ်စုံတစ်ခု (ကြဲဆအပ်သော) သဘောအားဖြင့် မကွဲမပြားသော သဘောရှိသကဲ့သို့ ထင်ရ၏။

ထိုသမ္မုဋိ (ဝါ) တွေ့ဆချက်ပါသော အသိဉာဏ်၏ အဓိပ္ပာယ်ကို အကြောင်းပြု၍ သာမညကို ဘာဝ (အရှိသဘော) ဟု ခေါ်ဆို၏။ အကြောင်းသော်ကား သာမညသည် အဘာဝဖြစ်၍ ထို(သမ္မုဋိဉာဏ်) ဖြင့် ကြဲဆထားအပ်သောအရာဖြစ်သောကြောင့်တည်း။

နွားအဖြစ်သည် အားလုံးသည် တစ်ကောင်စီ၌ရှိသော ဝတ္ထုရှိသဘော တစ်ခုဖြစ်၏ဟူသော အသိအမှတ်အသားသည် မှား၏။ အကြောင်းသော်ကား-

တစ်ကောင်ချင်း(အသီးသီးကွဲပြားသောနွားများသည် တစ်ကောင်က တစ်ကောင်သို့) မလိုက်ပေ။ (ထို့ပြင်) ထိုတစ်ကောင်ချင်းကွဲပြားသော နွားများ၌ အစဉ်လိုက်တတ်သော အရာဝတ္ထုကို မတွေ့မြင်ရပေ၊ မြင်ရသော အရာများကား အသီးသီးကွဲပြားသော နွားတစ်ကောင်စီသာတည်း။ ဉာဏ်အားဖြင့် မကွဲမပြားဖြစ်နေသော သာမဉ်ညသည် အဘယ်သို့လျှင် တစ်ခုသော အရာဝတ္ထုဖြင့် အခြားတစ်ခုသော အရာဝတ္ထုကို ရရောက်နိုင်အံ့နည်း။

"ထို့ကြောင့် (များစွာသော အရာဝတ္ထုများတွင် တူညီသောသဘော (= သာမည) ကို စွဲယူခြင်းသည် မှားယွင်းသော ကြံဆချက်ဖြစ်၏။ (မှားယွင်းသောကြံဆချက်) ၏မူလကား (တစ်ကောင်စီ၏) အချင်းချင်း ကွဲပြားမှုဖြစ်၏။ ထိုကွဲပြားမှုအတွက် (ဂေါတ္တ–နွားအဖြစ်အစရှိသော) အမည် (သဒ္ဒါကို သုံးစွဲခြင်း) ဖြစ်၏။

"အကယ်၍ အမည်များ–သဒ္ဒါများဖြင့် အရာဝတ္ထုတို့၏ ကွဲပြားသော အဟန်ထင်သည်ရှိသော ကွဲပြားမှုသည်သာ သဒ္ဒါတို့၏ အကျိုးဖြစ်၏။ သို့ဖြစ်လျှင် ထိုအရာဝတ္ထုများအပါတွင် သာမည (သို့မဟုတ်) အခြားတစ်ခုသော အရာဝတ္ထုများကို ကြံဆသဖြင့် သင်တို့အား အဘယ်အကျိုးရှိအံ့နည်း"

အမှန်စင်စစ်အားဖြင့် နွားအဖြစ် အစရှိသော သာမညဟောသဒ္ဒါများကို ပညာရှိတို့က ဝေါဟာရ လွယ်ကူစေရန်အတွက် ပြုလုပ်ထားကြ၏။

အကျိုးတစ်မျိုးကို ဖြစ်စေတတ်သော ဘာဝများ(=ဝတ္ထုများ)တွင် ၎င်းဝတ္ထုများ၏ အကျိုးကိုသိစေရန် ခွဲခြားမှုကို ပြုတတ်သော သညာကို အလိုရှိအပ်၏။ ဥပမာ နို့နှင့် အားကိုပေးခြင်းအစရှိသော တြိယာများကို ပြုတတ်သော နွားမများတွင် ၎င်းတို့၏အကျိုးကို ဖော်ပြရန်အတွက် ကွဲပြားမှုကို ပြုတတ်သော သညာကိုလည်း အလိုရှိအပ်သကဲ့သို့တည်း။ သို့သော် နွားတစ်ကောင်စီမရေမတွက်နိုင်အောင် များသဖြင့် တစ်ကောင်စီအသီးသီး အမည်သညာတပ်နေရလျှင် နာမ်ပုဒ်များအလွန်ပင် များပြားလေရာ၏။ ထိုသို့ အသီးသီးအမည်တပ်မှုသည်ဖြစ်လည်း ဖြစ်နိုင်မည်မဟုတ်ပေ။ အမည်တပ်ရန် ကြိုးပမ်းမှုလည်း အချည်းအနှီးသာဖြစ်လေရာ၏။ ထို့ကြောင့် (ဝေါဟာရအရာ၌ လိမ္မာသော) ပညာရှိများက ထိုနွားနှင့်ပတ်သက်သော အကျိုးမှကွဲပြားစေလိုသော သဘောဖြင့် တစ်ခုသောသဒ္ဒါ (နွားဟူသောအမည်) ကို အသုံးပြုခဲ့၏။

အမေးထွက်လာပြန်၏။ နိစ္စဟုခေါ်ဆိုအပ်သော သာမည (နွားအဖြစ်) သည် တစ်စိတ်တစ်ဒေသတွင်တည်ရှိသလော။ အလုံးစုံပျံ့နှံ့သလော။

တစ်စိတ်တစ်ဒေသတွင် တည်သည် (ဧကဒေသီ) ကို မိမိနှင့်စပ်သော နွားတစ်ကောင်ချင်းအပါမှာသာတည်သည်ဟု အကယ်၍ ဆိုငြားအံ့။ သို့ဆိုခဲ့သော်–

"(နွားတစ်ကောင်တွင် တည်ရှိသော သာမညသည် ထိုနွားတစ်ကောင်သေ၍ အခြားနွားတစ်ကောင်မွေးသောအခါ တစ်ကောင်မှ အခြားတစ်ကောင်သို့) မပြောင်းမကူး။ ထိုနွားမွေးဖွားသော နေရာတွင် စောစောစီးစီးကလည်း ရှိမနေနှင့်။ အကြောင်းသော်ကား သာမညသည် တစ်ကောင်စီသက်သက်မှာ သာရှိ၏။ နွားတစ်ကောင်မွေးပြီးနောက်တွင်ကား မုချရှိ၏။ (အကြောင်းသော်ကား သာမညနှင့်ကင်း၍ အကောင်မဖြစ်နိုင်။ အကယ်၍ (သာမည) ကို အစိတ်ရှိသောအရာဟု ယူဆခဲ့သော် သာမည၏တစ်ခုသော အစိတ်=အစွန်းအနားသည် ပထမအကောင်၊ ၎င်းပြင် ဒုတိယမြောက်နောက်ဖြစ်သော အကောင် နှင့် ဆက်စပ်ပေရာ၏။ အစိတ်ကင်းမဲ့သောအရာဟု ယူဆလျှင် သာမညသည် ရှေးဦးစွာဖြစ်ပေါ်ပြီးနောက် ပျက်စီးသွားသောတည်ရာ (=အာဓာရ)ကို စွန့်သွားသည်ဟု မဆိုနိုင်ပေ။

အကြောင်းသော်ကား ဤသို့အစိတ်ကင်းမဲ့သော အရာဟုယူဆခဲ့လျှင် နိစ္စဖြစ်သော သာမညကဒေသ၊ ကာလ၏ထူးခြားမှုကို ဖြတ်ကူးမည် ရှိသော အခါ သာမညကို အကောင်နှင့်သီးခြားဖြစ်သောအရာဟုလည်း ယူဆရပေလိမ့်မည်။ ဤသို့အားဖြင့် သနားစရာကောင်းသော သာမညဝါဒီတို့အတွက် အခက်အခဲမှာ အဆုံးရှိတော့မည်မဟုတ်ပေ။

အခြားတစ်နေရာတွင် လက်ရှိဖြစ်နေသော သာမည၏ မိမိတည်ရာ ဌာနမှ လွှဲပျောက်မှုမရှိဘဲ ထိုပထမနေရာမှ အခြားတစ်နေရာတွင် ဖြစ်ပေါ်လာသော အစိုင်အခဲပေါ်သို့ ရောက်ရှိမှုသည် ယုတ္တိယုတ္တာရှိသော အကြောင်းမဟုတ်ပေ။

အကြင်ဒေသ၌ ထိုနွားတည်းဟူသော ဘာဝသည် ထင်ရှားရှိနေ၏။ ထိုဒေသနှင့် သာမညဖြစ်သော နွားအဖြစ်သည်လည်း ဆက်စပ်ခြင်းမရှိပေ။ အကြောင်းသော်ကား သာမညသည် ဒေသတွင်းမဟုတ်။ အကောင်အထည်ပေါ်တွင် တည်သည်ဟု သင်တို့ယူဆကြ၏။ ဒေသတွင်ရှိနေသော ထိုဒေသနှင့် စပ်နေသော နွားအကောင်အထည်တွင် ပျံ့နှံ့နေ၏ဟု သင်တို့ ဆိုကြပြန်၏။ ဤစကားမှာ အလွန်ထူးခြားဆန်းကြယ်သော စကားတစ်ရပ်ပေတကား။

"အကယ်၍ သာမညကို တစ်စိတ်တစ်ဒေသ၌တည်သော အရာမဟုတ်။ အလုံးစုံပျံ့နှံ့နေသော အရာဟု ယူဆခဲ့လျှင် တစ်နေရာတွင် နွားတစ်ကောင်

အပေါ် ပျံ့နှံ့သွားပြီးလျှင် သာမညကို အလုံးစုံသောနေရာတွင် တွေ့မြင်သင့်၏။ အကြောင်းသော်ကား အလုံးစုံပျံ့နှံ့သော သာမညတွင် ကွဲပြားမှုမရှိတစ်ခုတည်းဖြစ်သဖြင့် အကောင်ကို ငဲ့ဖွယ်မလိုတော့ပေ။

ထို့ပြင် အထက်ပါ အကြောင်းအချက်များဖြင့် နွားအဖြစ်သည် နေရာအနှံ့တည်း၏ဟူသောအချက်သည် အခိုင်အမာဖြစ်နေခဲ့လေရာ၏။ သို့ဖြစ်လျက် သာမညကို အဘယ်ကြောင့် မတွေ့ရလေသနည်းဟု မေးသောအခါသင်တို့က ဖြေကြား၏။ ထိုသာမညအတွက် ဗျူဟ (=ထင်ရှားပြတတ်သော) အကောင်-နွား-ကို အလိုရှိအပ်၏။ ထို့ကြောင့် မတွေ့ရတဲ့ ထိုအဖြစ်၏ အဓိပ္ပာယ်ကား ပထမ ဗျူဟကဖြစ်သော နွားအကောင်အထည်ကို သိတတ်သော အသိဉာဏ်မပါဘဲ ဗျဂ္ဃ်ံ (သာမည)ကို အသေအချာမသိရပေ။ သို့ဖြစ်လျက် သာမည(=နွားအဖြစ်) နှင့် သာမညရှိသောအရာ (နွားအဖြစ်ရှိသော နွားအကောင်အထည်) ၏ ဆက်စပ်မှုတွင် အဘယ်ကြောင့် ပြောင်းပြန်အသိအမှတ်ပြုရပါသနည်း။ ဆိုလိုသည်မှာ နွားအဖြစ် သာမညသည် နွားအကောင်အထည်၏ ရှေးမဆွကပင် အဘယ်ကြောင့် ရှိနှင့်နေရပါသနည်း။

ထို့ကြောင့် သာမညဟူသည် ရှိကို မရှိ။

"အကြောင်းသော်ကား (အကောင်အထည်မှ တသီးတခြား) ဇာတ်-သာမည သက်သက်ကို မတွေ့မြင်ရပေ။ ထို့ပြင် (နွား) အကောင်အထည်ကို စွဲယူသော အခါလည်း ထိုအကောင်အထည်၏ နာမဝါစီ-အမည်ဟော ဖြစ်သော သဒ္ဒရုပ် (နွား) မှ တစ်ပါး တခြားတစ်စုံတစ်ရာ မတွေ့ရပေ"

ထို့ကြောင့် သာမညသည် ဝတ္ထုရုပ်မဟုတ်။ ၎င်းပြင် သာမညသည် ရုပ်များ (နွားအကောင်အထည်များ) အပေါ်တွင် အမှီတကဲပြု၍ ကြဲဆအပ်သောအရာမဟုတ်၊ စင်စစ်သော်ကား သာမညသည် အကောင်အထည်တို့၏ အပြုအမူနှင့် ဆက်စပ်နေသော ထိုထိုထူးခြားချက်များကို ဖော်ပြရန်အတွက် သဒ္ဒါတို့၏ အစွမ်းအားဖြင့် ပြအပ်သော အရာသာတည်း။

ဤသို့သဘောရှိသော သာမညဌ် ဝတ္ထုရုပ်၏ အရိပ်အယောင် ၎င်းပြင် သာမညအနေဖြင့် အနက်(အရာဝတ္ထု နွား အကောင်အထည်)ကို စွဲယူခြင်းသည် ဖောက်ပြန်မှုသာတည်း။ ထိုဖောက်ပြန်မှုသည် ကြာမြင့်စွာသော ကာလကပင် ရှိနေတိုင်းဖြစ်သောအသုံးကို တွေ့ကြုံနေကြသဖြင့် ဖြစ်ပေါ်လာရ၏။

အရာဝတ္ထုအကောင်အထည်များစွာအနက် အသီးသီးသော အကောင်အထည်မှ သီးခြားသဘောရှိသော သာမည၊ သာမညဏ်အရာ၌ သဒ္ဒါနှင့် အနက်ဆက်စပ်မှုသင်္ကေတရှိသော သဒ္ဒါများတွင် ဘယ်အရာမှ ဝတ္ထုရုပ်မဟုတ်ပေ။ အကြောင်းသော်ကား ထိုအရာများသည် သဒ္ဒဝေါဟာရ လွယ်ကူမှုအတွက် ကြဲဆထားအပ်သော အရာသာဖြစ်၏။

(ဂ)အပေါင်း (အဝယဝီ)ကို ပယ်ဖျက်ခြင်း– အကွပါဒသည် အဝယဝ (အင်္ဂါ– အစိတ်)များ၏ အတွင်း၌၊ သို့သော် အစိတ်များမှ သီးသန့်ဖြစ်သော အလွတ်အရာဝတ္ထုတစ်ခုကို အဝယဝီ (အင်္ဂီ–အပေါင်း) ဟု အဘယ်ပုံ အသိအမှတ်ပြုကြောင်း ကျွန်ုပ်တို့ ဆိုခဲ့ပြီးလေပြီ။

ဓမ္မကိတ္တိသည် သာမညအလားတူ အဝယဝများကို ဝေါဟာရ (=သမ္မုဋိ) သစ္စာအနေအားဖြင့် လက်ခံရန်အသင့်ရှိသော်လည်း အဝယဝတို့မှ တစ်ပါးသော အဝယဝီကို ပရမတ္ထသစ္စာအနေအားဖြင့် လက်မခံပေ။

အကြင် အခြင်းအရာနှင့်စပ်၍ အသိဉာဏ်ဖြစ်၏။ ထိုအခြင်းအရာကို အသိဉာဏ်၏ စွဲယူရာ (ဂါဟ)ဟု ခေါ်၏။

ကျွန်ုပ်တို့သည် အသိဉာဏ်ဖြင့် အစိတ်–အစိတ်၏ သရုပ်ကိုသာ တွေ့မြင်ကြ၏။ ထိုအစိတ်အစိတ်တွင် အပေါင်း၏ သရုပ်ကို မတွေ့ရပေ။ အသီးသီးသော အစိတ်များ၏ ပစ္စက္ခဉာဏ်များကို တစ်ပေါင်းတည်းစု၍ တွေးဆချက်၏ အထောက်အပံ့ဖြင့် ကျွန်ုပ်တို့က အပေါင်းကို စိတ်ကူးထဲတွင် ဖန်ဆင်းကြ၏။ ၎င်းသည် စိတ်ကူးချက်မှအပ တကယ့်ဝတ္ထုရုပ်မဖြစ်နိုင်ပေ။

အပေါင်းကိုလည်း စွဲယူရာ၏ဟု အကယ်၍ဆိုခဲ့သော် အမေးရှိလာလိမ့်မည်။

"တစ်ပြိုင်နက် တစ်ချက်တည်းဖြင့် အသီးသီးသော အစိတ်များနှင့်အတူ အပေါင်းကို အဘယ်သို့လျှင် စွဲယူနိုင်အံ့နည်း"

ပါးပျဉ်း၊ ဦးချိုအစရှိသော အစိတ်များကို မမြင်ဘဲ နွား (–အပေါင်း)ကို မမြင်နိုင်ပေ။

ဝါကျကို ဖတ်သောအခါ ပထမဦးစွာ တစ်လုံးတစ်လုံးသော အက္ခရာဖတ်ပြီးသည်နှင့်တစ်ပြိုင်နက် ဝါကျ၏အနက်မထင်သေး။ စင်စစ်သော်ကား တစ်လုံးတစ်လုံးသော အက္ခရာသည် ကျွန်ုပ်တို့ရှေ့မှ ဖြတ်ကျော်သွားလျက်

သကော်တအားလျော်စွာ ထူးခြားသော ရိုက်ခတ်မှုသည် ကျွန်ုပ်တို့ဦးနှောက်သို့ ကျရောက်ကျရောက်သွားကြ၏။ ထိုရိုက်ခတ်မှုများကို ပေါင်းစပ်၍ စိတ်ကူးဉာဏ်ဖြင့် တစ်ဝါကျလုံး၏ အနက်ကို အသင့်ဖြစ်အောင် ပြုလုပ်ရ၏။ ထိုနည်းတူစွာ ကျွန်ုပ်တို့သည် နွားဏ္ဍား၏ ဦးချို၊ ပါးပျဉ်း၊ အမြီးကို တစ်လှည့်စီမြင်၍ ကျရောက်လာသော ရိုက်ခတ်မှုအားလျော်စွာ နွားအပေါင်းကို ကြဲဆကြ၏။ စင်စစ် သာမညသည် အကောင်အထည်မှတစ်ပါး အခြားတစ်စုံတစ်ခုသော ဝတ္ထုရုပ်မဟုတ်သကဲ့သို့ အပေါင်းလည်း ဝတ္ထုရုပ်မှတစ်ပါး အခြားတစ်စုံတစ်ခုသောဝတ္ထုရုပ်မဟုတ်ပေ။ အကယ်၍ အပေါင်းသည် အကယ်စင်စစ်အားဖြင့် သီးခြားဝတ္ထုတစ်ခုဖြစ်ခဲ့လျှင်–

"လက်အစရှိသည်တို့အနက် တစ်ခုခုသော ကိုယ်အင်္ဂါလှုပ်သဖြင့် တစ်ကိုယ်လုံးလှုပ်လေရာ၏။ အကြောင်းသော်ကား တစ်ဆက်တည်း အပိုင်းအပြတ်မရှိသောအပေါင်းတွင် လှုပ်မှုနှင့် လှုပ်မှု၏ ဆန့်ကျင်ဘက် မလှုပ်မှု ၂ ခု အတူမနေနိုင်ပေ။ ဤကဲ့သို့ မဟုတ်လျှင် လှုပ်မှုရှိသော အစိတ်နှင့် မလှုပ်မှုရှိသော အပေါင်းသည် သီးခြားဖြစ်၏၊ ဟူသော စကား အခိုင်အမာဖြစ်လေရာ၏။

အစိတ်များကို ပေါင်းသဖြင့် အပေါင်းဟူသော သီးခြားအရာဝတ္ထုတစ်ခုပေါ်လာ၏ဟု ယူဆလျှင် အစိတ်တို့နှင့်တကွ "အပေါင်း"ကိုပါရောပေါင်းလျှင်

(၁) အစိတ်
(၂) အစိတ်
(၃) အစိတ်–များ၏ အလေးချိန်ထက်
(၁) အစိတ်
(၂) အစိတ်
(၃) အစိတ်
(၄) အပေါင်း– များ၏ အလေးချိန်က ပို၍ စီးသင့်၏။

အကြောင်းသော်ကား အကယ်၍ အစိတ်တို့၏ အလေးချိန်နှင့် ထို အလေးချိန်အားလျော်စွာ ချိန်တွယ်ရာ စဉ်းချိန်အောက်သို့ ကျသွားသည်ရှိသော် အစိတ်တို့နှင့်တကွ အပေါင်းကိုပါ ရောပေါင်း၍ ချိန်သည်ရှိသော်

စဉ်းချိန်သည် ပို၍ အောက်သို့ကျသင့်၏။

အစဉ်အတိုင်း သိမ်မွေ့သော အစိတ်များကိုတိုးစေလျက် အစိတ်ပေါင်းများစွာနှင့်ယှဉ်သော မြူမှုန်အစုတွင် တစ်ချိန်တည်း၌ အသီးသီးသော အစိတ်များနှင့် ထိုအစိတ်တို့နှင့် ယှဉ်သော အပေါင်း၏ အလေးချိန်တွင် ကွဲပြားမှုဖြစ်သင့်၏။ ဤကဲ့သို့ အလေးချိန် ကွဲပြားမှုကြောင့် ရွှေ၊ သို့မဟုတ် ငွေ၏ သေးငယ်သောအစိတ်အပိုင်းများကို အသီးသီးချိန်တွယ်ရာတွင်လည်းကောင်း၊ ထိုအစိတ်အပိုင်းများကို ကျို၍ အစိုင်အခဲတစ်ခုပြုလုပ်၍ ချိန်တွယ်ရာတွင်လည်းကောင်း၊ ရွှေ၏ ပဲအစရှိသော အလေးချိန်တူညီမှုမဖြစ်သင့်ပေ။

တပဲအလေးချိန်ရှိသော ရွှေကို သီးခြားချိန်တွယ်ရာ တပဲသာရှိ၏။ သို့သော် ၉၆ ပဲရှိသော ရွှေကိုကျို၍ အတုံးအခဲတစ်ခုပြုလုပ်ပြီးသော် ထိုအတုံးအခဲ၌ ၉၆ ပဲအလေးချိန်ရှိသော အစိတ် ၉၆ စိတ်အပြင် ၉၆ စိတ်ကြောင့် ဖြစ်သော အပေါင်းလည်း ရောက်လာ၏။ ထို့ကြောင့် ထိုအချိန်တွင် ၉၆ ပဲထက်ပိုလွန်သင့်၏။

ဝိသေသိက ကျမ်းဆရာသည် သချိုဟ (အရေအတွက်) သံယောဂ (ပေါင်းစပ်ခြင်း) ကမ္မ (အလုပ်) ဝိဘာဂ (ခွဲခြမ်းဝေဖန်ခြင်း) အစရှိသော ဂုဏ်များကို ဝတ္ထုရှိအနေအားဖြင့် လက်ခံ၏။ ၎င်းတို့ကို ဓမ္မကိတ္တိက ဝေါဟာရသစ္စာအနေမျှဖြင့်သာ လက်ခံရန်အသင့်ရှိ၏။ ထို့နောက် ဓမ္မကိတ္တိက ဆိုခဲ့၏။

"သချိုဟ သံယောဂ ကမ္မအစရှိသော သရုပ်သဘောသည် ထိုသရုပ်သဘောရှိသော ဒဗ္ဗသရုပ်သဘောအားဖြင့် တစ်နည်းဒဗ္ဗ၏ ကွဲပြားမှုနှင့်တကွ ဆိုသဖြင့် အသိဉာဏ်တွင် ထင်မလာပေ။ ထို့ကြောင့် ထင်မလာသော်လည်း ဝတ္ထုရှိဟု ယူဆမှုသည် မှား၏။

သဒ္ဒအသိဉာဏ်အားဖြင့် အိုးတစ်လုံးဟူ၍ ကြံဆအပ်သောအနက်၌ ဝတ္ထုတို့၏ အချင်းချင်းကွဲပြားမှုကို အစဉ်လိုက်တတ်သော တစ်ခုစီအားဖြင့် သချိုအစရှိသည်ကို အသုံးပြုမှုသည် ဂုဏ်အစရှိသည်ကို သုံးသကဲ့သို့တည်း။ (အဆင့်အတန်းအားဖြင့် "တစ်ခုသောကြီးမားသော ဇာတ်ဟူရာ၌ "တစ်ခုသော" လည်းဂုဏ် "ကြီးမားသော" လည်းဂုဏ်၊ သို့သော် ဂုဏ်တွင် ဂုဏ်မရှိနိုင်သဖြင့် "တစ်ခု" သချိုနှင့်တကွ ကြီးသော အတိုင်းအရှည်ကို အသုံးပြုခြင်းမဖြစ်သင့်ပေ) တစ်နည်းသော်ကား ပျက်စီးလေပြီးသော သို့မဟုတ်

ယခုအချိန်အထိ မဖြစ်ပေါ်သေးသော အရာဝတ္ထုများတွင် (တစ်၊ နှစ် အများပင် ကွယ်လွန်ခဲ့လေပြီ။ သို့မဟုတ် "မွေးလိမ့်မည်" ဟု ဆိုမှုမဖြစ်သင့်ပေ။ အမှန်စင်စစ်အားဖြင့် သေပြီးသော သို့မဟုတ် မမွေးရသေးသော အရှိသဘော ကင်းသည့် အာဓာရ၏ အာဓည်ဂုဏ်နှင့် အလားတူသည့် တစ်၊ နှစ် သချိ်ာသည် ကြဲဆချက်မှတစ်ပါး ဝတ္ထုရုပ်မဟုတ်နိုင်ပေ။

(ဃ)သချိ်ာအဘိဓမ္မာကို ပယ်ဖျက်ခြင်း – သချိ်ာအဘိဓမ္မာသည် နာမ်တရား နှင့် ရုပ်တရား ၂ ပါးစလုံးကို လက်ခံ၏။ ၎င်း ၂ ခုအနက် နာမ် (စေတနာပုရိသ)သည် အပြုအမူကင်းမဲ့သော သက်သေခံမျှသာတည်း။ သို့သော် ထိုနာမ်နှင့် ပေါင်းစပ်သဖြင့် ရုပ်တရား (=ပဓာန) သည် တစ်ကမ္ဘာ လုံးကို မိမိ၏ သဘာဝပြောင်းလဲမှုအားဖြင့် ဖန်ဆင်း၏။ သချိ်ာအဘိဓမ္မာသည် ပဓာနဌ် ကွဲပြားမှုရှိသည်ဟု မယူဆ၊ တစ်ဆက်တည်း သက္ကာရိယဝါဒ (=အကျိုးတွင် ရှေးယခင်ကပင် အကြောင်း အပြည့်အစုံရှိနှင့်သည်ဟူသော ဝါဒ)ကိုကား လက်ခံ၏။ ဓမ္မကိတ္တိက ဆိုခဲ့၏။

"အကယ်၍ အများ (မျိုးစေ့၊ ရေ၊ မြေစသည်) သည် တစ်ခု (ပဓာန–ပကတိ) သဘောဖြစ်လျက် တစ်ခုသောအကျိုး (အညောက်) ကို ဖြစ်စေသည်ဆိုသော် ထိုသဘော (=ပဓာန) သည် ထစ်ခုသောအရာ (မျိုးစေ့) ၌ အခြားနေရာ၌ ဖြစ်သကဲ့သို့အလားတူပင်ဖြစ်၏။ ထို့ကြောင့် အခြားသော တွဲဖက်အကြောင်း ရေ၊ မြေ စသည် အချည်းနီးဖြစ်ရာ၏"

ရေ၊ မြေစသည် တွဲဖက်အကြောင်း မရှိသော်လည်း မျိုးစေ့ရှိသဖြင့် ထို (ပဓာန–မူလရုပ်ဓာတ်သည်) မကွဲမပြားဖြစ်၏။ ၎င်းပြင် ထိုပဓာနသည် ရေ မြေ ဖြစ်သွားသော်လည်း သူ၏ ရှေးသဘောကို မစွန့်။ အကြောင်းသော်ကား ထိုပဓာနသည် နိစ္စဖြစ်၏။ ၎င်းပြင် ဝိသေသ (=ရေ မြေစသည်) သည် ပျက်စီးတတ်၏။ သို့သော် တစ်ခုသောအရာ (တွဲဖက် ရေ၊ သို့မဟုတ် မြေ) မရှိသော်အကျိုး (=အညောက်) မဖြစ်သည်ကို ကျွန်ုပ်တို့မြင်ကြ၏။ ထို့ ကြောင့် ထိုအညောက်သည် ပဓာနကြောင့်မဟုတ်။ စင်စစ်သော်ကား ဝိသေသများ (ရေ မြေ စသည်) ကြောင့် ဖြစ်ကြောင်း သိရ၏။

အနက်ရှိ အပြုအမူကို ပြုတတ်သော အရာသည် ပရမတ္ထသဘောရှိသော အရာဝတ္ထုသာတည်း။ မြေ၊ ရေ အစရှိသော ဝိသေသသည် ဤသို့

သဘောရှိသော အနက်ရှိ အပြုအမူကိုပြုတတ်၏။ ၎င်းပြင် ဝိသေသသည် အချင်းချင်းကွဲပြားသဖြင့် အကျိုး–အညှောက်၌ တစ်မျိုးတည်းသော သဘော မရှိပေ။ တစ်မျိုးသော သဘောရှိသည်ဟု သင်တို့ဆိုထားသော ပဓာနမှ (အညှောက်) အကျိုးမဖြစ်နိုင်ပေ။ အကြောင်းသော်ကား သက္ကာရိယဝါဒအား လျော်စွာ ပဓာနသည် မိမိ၏သဘောတွင်ဖြစ်သကဲ့သို့ အစရှိသည်ဖြစ်သော အခါလည်း အလားတူပင်ဖြစ်၏။

ပဓာနကို အခြေအနေတိုင်းမှာပင် တစ်သဘောတည်း ယူဆခဲ့သော် မျိုးစေ့ မြေ ရေ အားလုံး ပဓာနတုံး ပဓာနခဲဖြစ်၍ တစ်သဘောတည်း ဖြစ်လေရာ၏။ သို့ဖြစ်လျှင် တစ်ခုတည်းသော ဗီဇရှိနေလျှင် မြေ ရေ စသည် ရှိသော်လည်း အညှောက်ပေါက်မှုတွင် တစ်စုံတစ်ခုအနှောင့်အယှက်မရှိ သင့်ပေ။ သို့သော် ကျွန်ုပ်တို့သည် ဤသို့သောသဘောကို တွေ့မြင်ကြ၏။ ထိုအကြောင်းသဘောအားဖြင့် မျိုးစေ့၊ မြေ၊ ရေ စသည် အချင်းချင်းကွဲပြားရာတွင် တစ်စုံတစ်ခုသော မျိုးစေ့ မြေ အစရှိသည်သည် အညှောက်၏ အကြောင်းဖြစ်၏။ အခြားသော မီး ရွှေစသည်သည် အကြောင်းမဟုတ်ပေ။ အကယ်၍ မျိုးစေ့ မြေ မီးစသော ဝိသေသတို့၏ ကွဲပြားခြင်းမဖြစ်သော် အညှောက်၏ မီးကြောင့် ပျက်စီးခြင်း၊ မျိုးစေ့စသည်ကြောင့်ဖြစ်ခြင်း ၂ မျိုးသည် အတူတကွဖြစ်လေရာ၏။

အနက်ရှိ အပြုအမူကို ပြုတတ်သော အရာများကို အကျိုးအကြောင်း ဟုခေါ်ကြ၏။ ထိုအရာများသာ မိမိလက္ခဏာနှင့် တကွသော ဝတ္ထုရှိ တရား ဖြစ်၏။ ထိုဝတ္ထုရှိ သဘောတရားကို စွန့်ပယ်ရန် ရရှိရန် "ပုရိသ" တို့၏ အမျိုးမျိုးသော အကျိုးသဘောအားဖြင့် အစဉ်တစိုက်ဖြစ်ရာ၏။

သင်္ချာဆရာယူဆထားသော မူလရုပ် ဓာတ်ပဓာနမှ ဖြစ်သော ရုပ်ဝတ္ထု အားလုံး မြေ မျိုးစေ့ ရေတို့သည် မီး၌ မကွဲမပြားတစ်မျိုးတည်း တူနေသော်လည်း အားလုံးသော မျိုးစေ့ ရေ မီးတို့သည် ပဓာနတုံး ပဓာနခဲဖြစ်၍ အားလုံးသော အညှောက် အိုးစသော အကျိုးဖြစ်စေရာ၌ ကိရိယာတန်ဆာပလာ မဖြစ်ကုန်ပေရာ။ ထို့အတူ ခဏိကဖြစ်သော ပရမာဏု၊ သို့မဟုတ် ရုပ်ဝတ္ထု တို့၏ ရှေးရှေးအကြောင်းများသည် မြေ မျိုးစေ့ ရေ မီးစသော နောက် နောက်ဖြစ်သော အကျိုးအားလုံး၌ ကွဲပြားမှု တစ်ဆက်တည်းသဘောတူ

သော်လည်း အားလုံးသောအကြောင်းများသည် အားလုံးသော အကျိုးတို့ကို ဖြစ်စေရာ၌ ကိရိယာတန်ဆာပလာမဟုတ်ကြတော့ပေ။

ဤမျှသာမကသေး၊ သက္ကာရိယဝါဒနှင့် ဆန့်ကျင်၍ အကြောင်းနှင့် အကျိုးကို ကွဲပြားသည်ဟု မှတ်ယူသည်ရှိသော် အားလုံးမဟုတ်၊ တစ်ခုခုသော အရာဝတ္ထုသာလျှင် မိမိ၏ထူးခြားမှု (သဘာဝ) အားဖြင့် တစ်ခုတစ်ခုသော အကျိုး၏ အကြောင်းဖြစ်နိုင်ပေရာ၏။

သို့သော်လည်း သက္ကာရိယဝါဒအားလျော်စွာ အကြောင်းနှင့် အကျိုးကို မကွဲပြားဟု မှတ်ယူခဲ့သည်ရှိသော် အရာဝတ္ထုအားလုံးပင် မကွဲမပြားဖြစ်ကုန်ရာ၏။ သို့ဖြစ်လျက် ၎င်းတို့အနက်တစ်ခုတည်း၏ တစ်နေရာတွင် အကျိုးကို ဖြစ်စေခြင်းနှင့် တစ်နေရာတွင် အကျိုးကို မဖြစ်စေခြင်း ၂ မျိုးသည် အချင်းချင်း ဆန့်ကျင်ဘက်အကြောင်းများဖြစ်ကြ၏။

ဤသို့အားဖြင့် သချာ်ကျမ်း၏ သက္ကာရိယဝါဒ–အရင်းခံအားဖြင့် ကမ္ဘာနှင့် ကမ္ဘာဝတ္ထုပစ္စည်းများသည် အကြောင်းနှင့် အကျိုးအခိုက်အတံ့များတွင် တစ်စုံတစ်ရာကွဲပြားမှုမရှိ (ပဓာန=ရေ၊ ပဓာန=မီး၊ ပဓာန=သကြား၊ ပဓာန (=ငရုတ်သီး) သည် မှား၏။

ဗုဒ္ဓဘာသာဝင်တို့၏ အသက္ကာရိယဝါဒသာမှန်၏။ ၎င်းဝါဒအရ အကြောင်းသည် တစ်ခုတည်းမဟုတ်၊ အကြောင်းသည် များစွာဖြစ်၏။ အကျိုးတိုင်းပင် မိမိ၏အကြောင်းနှင့် လုံးဝကွဲပြားသော အရာဝတ္ထုများဖြစ်ကြ၏။ သို့သော်လည်း အသစ်အသစ်ဖြစ်ပေါ်သော အကျိုးတိုင်းပင် မိမိ၏အကြောင်းနှင့် လုံးဝကွဲပြားသော အရာဝတ္ထုများဖြစ်ကြ၏။ သို့သော်လည်း အသစ်အသစ်ဖြစ်ပေါ်သော အကျိုးတိုင်း မိမိတို့၏ အကြောင်းနှင့် တူကြ၏။ ဤသို့တူသဖြင့် "ဤအကျိုးသည် ထိုအကြောင်းပင်တည်း" ဟု မှောက်မှားမှုဖြစ်၏။

(၄) မိမံသာအယူကို ပယ်ဖျက်ခြင်း– မိမံသာ အယူဝါဒများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ရှေ့ဝိုင်းက ရေးသားပြီးခဲ့လေပြီ။ ပစ္စက္ခအနုမာန အစရှိသော ပမာဏရှေ့တွင် ထင်ရှားရှိနေသော အရာဝတ္ထုများကိုလည်း အဟုတ်တကယ်အားဖြင့် အဘယ်အရာဟု မပြောဆိုနိုင်ပေဟု မိမံသာဆရာက ဆိုခဲ့၏။ ၎င်းပြင်

ပရလောကနတ်ပြည် ငရဲပြည်အတွက် အစရှိသော ကွန်ဒြေဖြင့် မယူနိုင်သော (ဝါ)လက်တွေ့မပြနိုင်သော အရာဝတ္ထုများကို ဉာဏ်စေစားရာတိုင်းလည်း ငင်းတို့သည် လုံးဝမစွမ်းနိုင်ပေ။

ထို့ကြောင့် ပရလောက စသည်နှင့် ပတ်သက်၍ အားအကောင်းဆုံးသော မိုင်မြဲမှုမှာ သဒ္ဒပမာဏ-ဝေဒ-အပေါ်တွင် တည်လေသည်။ ၎င်း တို့က ဝေဒကို တစ်စုံတစ်ယောက်သောသူ (လူ၊ နတ် သို့မဟုတ် ဘုရားသခင်) က ဖန်ဆင်းစီရင်ခဲ့သော အရာမဟုတ် အသစ်တ နိစ္စတရားဟု ယူဆကြ၏။

ဗုဒ္ဓဝါဒီတို့သည် ပစ္စက္ခနှင့် အစိတ်အပိုင်းအားဖြင့် ပစ္စက္ခ(ဝါ) အနုမာန မှတစ်ပါး မည်သည့်တတိယပမာဏတစ်ခုကိုမျှ အမှတ်အသားမပြုကြကုန်။ ပစ္စက္ခ-အနုမာန မှတ်ကျောက်တွင် တင်သဖြင့် ဝေဒကျမ်း၊ ၎င်း၏ သတ်ဖြတ်ညှဉ်းဆဲမှုအပြီးပါသော ယဇ်-ကမ္မကဏ္ဍစသည်သာလျှင် မဟုတ်သေး။ အခြားသော ညာဝါးလှည့်ပတ်ချက်များနှင့် ပုရောဟိတ်တို့၏ အလှူတော်လောဘကြောင့် စီရင်ခဲ့သော အကြောင်းများလည်း မှားယွင်းကြောင်း အခိုင်အမာဖြစ်လေတော့၏။ ဤကဲ့သို့သော အခြေအနေတွင် အားလုံးသော ဘာသာရေး နောက်လိုက်များ အလားတူ ဝေဒဆိုင်ရာပုရောဟိတ်များအတွက် မီမံသာကဲ့သို့သော ကျမ်းဂန်များကို စီရင်၍ သဒ္ဒပမာဏကိုသာ အမြတ်ဆုံးသော ပမာဏအဖြစ် အခိုင်အမာပြုပေးဖို့အရေးကြီးလှပေသည်။

ဗုဒ္ဓမှစ၍ နာဂဇုန္နတိုင်အောင် ဗြာဟ္မဏပုရောဟိတ်တို့၏ ထက်မြက်ပြင်းထန်သော လက်နက်ဖြစ်သည့် ဝေဒ၏ ကမ္မကဏ္ဍနှင့် ဉာဏကဏ္ဍအပေါ် ပြင်းထန်သော ရိုက်ခတ်မှုဖြစ်နေပေသည်။

ယုတ္တိ(တက်ကျမ်းအတတ်)အထောက်အကူဖြင့် ဉာဏကဏ္ဍကို ကယ်ဆယ်ရန် အကွပါဒနှင့် ၎င်း၏ကျမ်းကို အဖွင့်ရေးသော ဝစ္ဆာယနတို့ ကြိုးစားကြ၏။ ထိုကျမ်းများသည် ဒိန္နာဂ၏ ပြင်းထန်သော တက္ကမြားသင့် ရောက်ခြင်းကို ကယ်ဆယ်ရန် ပါသုပတာစရိယဥဒ္ဒေါတကရ ဘာရဒွါဇ (ခရစ်နှစ် ၅၀၀)က ကြိုးစားခဲ့၏။ သို့သော် ဓမ္မကီတ္တိသည် ဥဒ္ဒေါတကရ၏ အခြေ အနေကို အဘယ်ကဲ့သို့ဖြစ်အောင် လုပ်ပစ်လိုက်သနည်းဆိုသော် ဝါစပ္ပတိ မိဿသည် ဥဒ္ဒေါတကရတည်းဟူသော နွားအိုနွားမင်းကြီးကို ထုတ်ဆောင် ရန် ခါးစည်းယူရသည်အထိ လုပ်ပစ်လိုက်လေသည်။

သို့သော် ယုတ္တိဝါဒီများ(တက္ကဆရာများ) ၏ အကူအညီဖြင့် ဝေဒိက ဉာဏ်နှင့် ကမ္မကဏ္ဍကိုယ်စားလှယ်များ၏ လုပ်ငန်းတွင်ကျယ်ပေါက်ရောက် မှုမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ဉာဏကဏ္ဍ (ဗြဟ္မဝါဒ) နှင့် ပတ်သက်၍ ဝါဒရာယဏ၊ ကမ္မကဏ္ဍနှင့် ပတ်သက်၍ ဇေမိနိတို့ ကလောင်ကို ထူကြရလေသည်။ ၎င်းကျမ်းများ၏အဖွင့်ကိုစီရင်သော သဗရသည် အသင်္ဂီ၏ ဝိညာဉ် ဝါဒကို တတ်သိနားလည်၏။ ဒိန္နာဂသည် အက္ခပါဒနှင့် ဝစ္ဆာယနကဲ့သို့ သဗရနှင့် ဇေမိနိအပေါ်လည်း ပြင်းပြင်းထန်ထန်ရိုက်ခတ်ခဲ့လေသည်။ ထိုအရေးတွင် နေယာယိကဖြစ်သော ဥဒ္ဒေါတကရဂဲ့သို့ မီမံသက ကုမာရိလဘဋ္ဋလည်း ကွင်းပြင်သို့ ထွက်ခဲ့လေသည်။

ဓမ္မကိတ္တိသည် ဥဒ္ဒေါတကရအပေါ် ရိုက်ပုတ်သည်ထက် ပိုမိုပြင်းထန်စွာ ကုမာရိလအပေါ် ရိုက်ပုတ်ခဲ့လေသည်။ ဝေဒပမာဏအပြင် မီမံသကတို့သည် "ပစ္စက္ခဘိညာ"(အခိုင်အမာအမှတ်ရမှု)ကို ခိုင်ခံ့သော ပမာဏတစ်ခုအဖြစ် အသိအမှတ်ပြုကြ၏။ ကျွန်ုပ်တို့သည် ဝေဒပမာဏနှင့် ပစ္စက္ခဘိညာ ပမာဏ ၂ မျိုးနှင့်ပတ်သက်၍ ဓမ္မကိတ္တိ၏ အယူဝါဒများကို ရေးသားပေအံ့။

(က) ပစ္စက္ခဘိညာကို ပယ်ဖျက်ခြင်း– အရာဝတ္ထု(ရာမ)ကို ရှေ့တွင်မြင်၍ "ဤသူကား ထိုသူ(ရာမ)ပင်တည်း" ဤသို့သော ပစ္စက္ခဘိညာ(အခိုင်အမာအမှတ်ရမှု)သည် ကိုယ်ထင်ပြသည့်အလား ထင်ရှားသော ပစ္စက္ခပမာဏတည်း။ ဤသည်ကား မီမံသကတို့၏ ပစ္စက္ခဘိညာတည်း။

ဗုဒ္ဓဝါဒီတို့သည် "ဤသူကား ထိုသူပင်တည်း" ဟူသော တွေးဆချက်အပေါ် မှီသဖြင့် ပစ္စက္ခဟု မယူဆကြပေ။ "ကိုယ်ထင်ပြသည့်အလား ထင်ရှားသောအရာ"နှင့် ပတ်သက်၍ ဓမ္မကိတ္တိက ဆိုခဲ့၏။

"ရိုက်ဖြတ်ပြီးနောက် ပြန်ပေါက်လာသော ဆံပင်များ၊ မြွေအလမွာယ်သမား၏ အသစ်အသစ်ထုတ်လာသော ဂေါလီလုံးများနှင့် ခဏတိုင်းပျက်စီး၍ အသစ်အသစ်မီးတောက်မီးလျှံထွက်သော ဆီမီးများ၌လည်း ဤဆံပင်၊ ဤဂေါလီ၊ ဤမီးတောက်ကား ထိုဆံပင်၊ ထိုဂေါလီ၊ ထိုမီးတောက်ပင်တည်း" ဟု ထင်ထင်ရှားရှားပြတ်သားပေါ်လွင်၏။ သို့သော် ဤကဲ့သို့ပေါ်လွင်နေသဖြင့် ထိုဆံပင်၊ ထိုဂေါလီလုံး၊ ထိုဆီမီးပင်တည်းဟုဆိုလျှင် ဟုတ်မှန်ပါအံ့လော။

ကွဲပြားမှုကို ပစ္စက္ခအားဖြင့် မြင်အပ်ပါသော်လည်း "ဒီအတိုင်းပါပဲ" ဟု (တစ်ခုတည်းဟု မှောက်မှားစွာ မကွဲမပြား)သိသောဉာဏ်သည် အဘယ်သို့လျှင် ပစ္စက္ခဖြစ်နိုင်အံ့နည်း။ ထို့ကြောင့် ပစ္စက္ခဘိညာ ဉာဏ်ဖြင့် ဆံပင်အစရှိသည်ကို တစ်မျိုးတည်းဟု ဆုံးဖြတ်ခြင်းသည် မမှန်ပေ။

(ခ) သဒ္ဒပမာဏကို ပယ်ဖျက်ခြင်း– ယထာဘူတ ဉာဏ်ကို ပမာဏဟု ခေါ်၏။ သဒ္ဒပမာဏကို အသိအမှတ်ပြုကြသော ကပိလ၊ ကဏာဒ၊ အက္ခပါဒတို့သည် ပစ္စက္ခ၊ အနုမာနအပြင် ယထာဘူတကို ဟောညွှန်တတ်သော ပုဂ္ဂိုလ်၏ စကားတော် (သဒ္ဒ) ကိုလည်း ပမာဏဟု အသိအမှတ်ပြု၏။ မီမံသကတို့သည် "အဘယ်ပုဂ္ဂိုလ်သည် ယထာဘူတကို ဟောညွှန်သနည်း" ဟု သိရန်မဖြစ်နိုင်ကြောင်း ဖော်ပြလျက် ဆိုကြ၏။

တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်စီရင်ခဲ့သည် မဟုတ်ဟူသော သဘောသည် အချည်းနှီး–ပုဂ္ဂိုလ်သည် ဟုတ်တိုင်းမှန်ရာကို ဟောညွှန်တတ်သူ ဟုတ်သလော၊ မဟုတ်လော။ ဤသို့ တစ်ထစ်ချပမာဏများကို ရခဲ့သော အခြားတစ်စုံတစ်ယောက်သောသူ၏ အမှားကို ဟောညွှန်တတ်သူ သို့မဟုတ် အမှန်ကို ဟောညွှန်တတ်သူဟု သိဖို့ရန် အလွန်ခဲယဉ်း၏။

အချို့သော စကားများ၏ မှားယွင်းရခြင်းအကြောင်းဖြစ်သော မောဟ၊ လောဘ၊ ဒေါသစသည်အပြစ်များ ပုဂ္ဂိုလ်တွင် ရှိကြ၏။ ထို့ကြောင့် ပုဂ္ဂိုလ်ပြောစကားသည် မှား၏။ ပုဂ္ဂိုလ်ပြောမဟုတ်သောစကားသာ မှန်၏။

ဂင်းစကားကို တုံ့ပြန်သော အနေအားဖြင့် ဓမ္မကိတ္တိကဆိုခဲ့၏။

"အချို့သော စကားများ၏ မှန်ကန်ရခြင်းအကြောင်းဖြစ်သော အမောဟ၊ အလောဘ၊ အဒေါသစသည် ဂုဏ်များပုဂ္ဂိုလ်တွင် ရှိကြ၏။ ထို့ကြောင့် ပုဂ္ဂိုလ်၏ စကား မဟုတ်သော စကားသည် အဘယ်မှာ မှန်နိုင်တော့အံ့နည်း။ ပုဂ္ဂိုလ်ပြောစကားသာ မှန်နိုင်ပေ၏။

ဂင်းပြင် သဒ္ဒါ၏အနက်ကိုသိကြောင်း ကိရိယာတန်ဆာပလာမှာ (နွားသဒ္ဒါ၏ အနက်ကား ဦးချို၊ အမြီး၊ ပါးပျဉ်းရှိသော အစိုင်အခဲတည်း၊ ဤသို့သော) သင်္ကေတတည်း။ ထို့ပြင် သင်္ကေတသည် ပုဂ္ဂိုလ်တည်းဟူသော တည်ရာအားဖြင့်သာ တည်နေ၏။ ဤသင်္ကေတသည် "ပုဂ္ဂိုလ်လုပ်" ဖြစ်သောကြောင့် စကားများ ပုဂ္ဂိုလ်ပြောမဟုတ်သော်လည်း စကား၏ မှားယွင်း

မှုအပြစ်သင့်ရောက်နိုင်၏။

သဒ္ဒါနှင့်အနက်၏ ဆက်စပ်မှုသည် ပုဂ္ဂိုလ်လုပ် မဟုတ်ဟု အကယ်၍ ဆိုငြားအံ့။ မီးနှင့် မီးတောက်၏ ဆက်စပ်မှုကဲ့သို့ သဒ္ဒါ အနက် ဆက်စပ်မှုသည် သဘာဝဖြစ်သောကြောင့် သင်္ကေတကို မသိသောပုဂ္ဂိုလ်များလည်း ဝေဒ၏ အနက်အားလုံးကိုသိသင့်၏။ ပုဂ္ဂိုလ်လုပ်သင်္ကေတအားဖြင့် ထိုသဒ္ဒါ အနက် ဆက်စပ်မှုပေါ်လွင်လာငြားအံ့။ သင်္ကေတမှတစ်ပါး တခြားဖြစ်သော အခြားတွေးဆချက် တစ်စုံတစ်ခုသည် ဆက်စပ်မှုကို ထိန်းသိမ်းထားနိုင်မည် မဟုတ်တော့ပေ။

အမှန်စင်စစ်အားဖြင့် စကားတို့၏ တစ်ခုသောအနက်၌ သတ်မှတ်ထားခြင်းသည် ပကတိသဒ္ဒ–သဘာဝအားဖြင့် ပြီးစီးလေသောအရာဖြစ်ခဲ့လျှင် ဧကသဒ္ဒါကို 'တစ်ခု' မှတစ်ပါး အခြားအနက်များ၌ သုံးစွဲမှုမဖြစ်ပေရာ။

ဧကသဒ္ဒါ၏ အနက်များစွာနှင့် ဝါစ္စ–ဝါစကအဖြစ် ဆက်စပ်မှုသည် သဘာဝဖြစ်၏ဆိုသော် ဧကဟူသော သဒ္ဒါနှင့်ပင် ဆန့်ကျင်သော အနက်များကို ဖော်ပြပေလိမ့်မည်။ သို့ဖြစ်လျှင် "အဂ္ဂိဒ္ဓေမယာဇ်သည် နတ်ပြည်ရောက်ကြောင်းတည်း"ဟူသော စကား၏ အနက်သည် "အဂ္ဂိဒ္ဓေမယာဇ်ကား ငရဲဘုံသို့ ရောက်ကြောင်းတည်း" ဟူ၍လည်း ဖြစ်နိုင်၏။

ဝေဒကို ပုဂ္ဂိုလ်လုပ်မဟုတ်ဟု မည်သို့ပင် လက်မခံစေကာမူ အစိုင်အခဲမကွဲမကျေပေ။ အကြောင်းသော်ကား သဒ္ဒါအနက်ဆက်စပ်မှုကို ပုဂ္ဂိုလ်၏ သင်္ကေတအားဖြင့် ထွက်ပေါ်ခြင်းမရှိဟု ယူဆလျှင် စကားသည် လုံးဝအနက်မဲ့ဖြစ်ကြလေရာ၏။ အကြောင်းသော်ကား သဒ္ဒ–အတ္ထဆက်စပ်မှုသင်္ကေတကို လူအားလုံးပင် ဆရာ–တပည့်အဆက်အစပ်အားဖြင့်သာ သိနိုင်ကြ၏။ ဤအချက်ကို မငြင်းဆိုနိုင်ပေ။ အကယ်၍ ပုဂ္ဂိုလ်အားဖြင့် သင်္ကေတထွက်ပေါ်လာမှုကို လက်ခံသော် တကယ့်ကို "ဆင်ရေချိုး" (မနုံ့မစပ်)ဖြစ်ခဲ့လေရာ၏။ (ဝေဒ–စကားနှင့် ၎င်း၏သဒ္ဒါ အနက် ဆက်စပ်မှုကိုကား ပုဂ္ဂိုလ်လုပ်ဟူ၍ အသိအမှတ်မပြုဘဲ သဒ္ဒါ–အနက် ဆက်စပ်မှုသင်္ကေတကိုကား ပုဂ္ဂိုလ်က စီမံဖန်တီးပေးသည်ဟု ယူဆ၍ တစ်ဖန်စကားနှင့်ဆက်စပ်နေသော အသိဉာဏ်၏ အမှန်အမှားတွင်ကား ယုံမှားသံသယကို ဖြစ်ပေါ်စေခဲ့၏)

အမှန်စင်စစ်အားဖြင့် ဝေဒကို "ပုဂ္ဂိုလ်လုပ်"မဟုတ်ဟူ၍ အခိုင်အမာ

လုပ်လိုရာတွင် ဇေမိနီဆရာပြသော အကြောင်းများလည်း လုံးဝမှား၏။ ဝေဒ စကားများကို ပြုစီရင်သူ ပုဂ္ဂိုလ်ကို မမှတ်မိ။ ထို့ကြောင့် ဝေဒသည် ပုဂ္ဂိုလ် လုပ်မဟုတ်။ ဤသို့လည်း အရှက်အကြောက်ကင်းမဲ့စွာ ဆိုကြ၏။ ကမ္ဘာ တစ်ခွင်လုံးဖုံးလေသည့် အမိုက်အမှောင်။ (ဓီဗျာပက်တမော)

ပုဂ္ဂိုလ်လုပ် မဟုတ်ဟူသော သဘောကို အခိုင်အမာပြုရန် အချို့က ဆိုကြ၏။ "တပည့်သည် မိမိ၏ဆရာထံမှ ကြားနာရခြင်းမရှိဘဲ အကွ၊ ရ၊ ပဒ အစရှိသော ဝေဒကို မရွတ်ဆိုနိုင်သကဲ့သို့ ထို့အတူ ဆရာလည်း မိမိ ဆရာ၊ ဆရာ့ဆရာများထံမှ မကြားမရှိသောကြောင့် ဝေဒသည် အစမရှိ (အနာဒိ)၊ ပုဂ္ဂိုလ်လုပ်မဟုတ်ကြောင်း ထင်ရှား၏။

သို့သော် ဤသို့ဆိုသောသူသည် မေ့သွား၏။ ဝေဒမှတစ်ပါး အခြား ပုဂ္ဂိုလ်က စီရင်သော ရဃုဝံသစသော ကျမ်းများလည်း ဆရာ–တပည့် အဖွဲ့အ စည်းနှင့်ကင်း၍ သင်အံကျက်မှတ်လာခဲ့ကြသည်ကို မတွေ့မြင်ရဖူးပေ။

သို့ဖြစ်ရာ အဆိုပါ အကြောင်းပြချက်အားဖြင့် ရဃုဝံသစသည်ကိုလည်း ဝေဒကဲ့သို့ အနာဒိဟု ခန့်မှန်းရပေလိမ့်မည်။

ဆရာတပည့်၊ သား အဖ အဆက်အစပ်ဖြင့် အမျိုးမျိုးသောအကြောင်း ကို သင်ယူရ၏။ ဆရာ တပည့် အစဉ်အဆက်အားဖြင့် မိမံသကတို့က ဝေဒကို အနာဒိဟု အခိုင်အမာပြုကြ၏။ သို့ဖြစ်လျှင် မိလက္ခုအစရှိသည် တို့ (အိန္ဒိယသားမဟုတ်သော လူမျိုးများ) ၏ ဓလေ့ထုံးစံ(အမိရင်း၊ နှမရင်း နှင့် ထိမ်းမြားခြင်း)နှင့် နတ္ထိကတို့၏ စကား(ကျမ်းဂန်)များကိုလည်း အနာဒိ ဟူ၍ အသိအမှတ်ပြုရပေလိမ့်မည်။ အနာဒိဖြစ်သဖြင့် ၎င်းတို့ကိုလည်း ဝေဒ ကဲ့သို့ပင် သဘာဝအားဖြင့် ပမာဏမြောက်သည်ဟု ယူဆရပေလိမ့်မည်။

ဤကဲ့သို့ ပုဂ္ဂိုလ်လုပ် မဟုတ်ဟူသော သဘော အခိုင်အမာဖြစ်သော် လည်း ဇေမိနိနှင့် ကုမာရိလတို့အား အဘယ်ကဲ့သို့သော အကျိုးသက်ရောက် လေအံ့နည်း။ အကြောင်းသော်ကား ပုဂ္ဂိုလ်လုပ် မဟုတ်ဟူသော သဘော တရားဖြင့် နွားထီး ငါးကျပ်၊ နွားမ ငါးကျပ် သဘောသို့ ရောက်လေရာ၏။

–ပုဂ္ဂိုလ်လုပ် မဟုတ်ဟူသော သဘောတရားနယ်ပယ်တွင် အချို့သော ပုဂ္ဂိုလ်များ ကြီးကျယ်မှုတိုးချဲ့နေခြင်း– အမှန်စင်စင်အားဖြင့် တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းသော အနေအားဖြင့် ဇေမိနိ–ကုမာရိလနှင့် အစုစပ်များသည် ပုဂ္ဂိုလ်လုပ်

မဟုတ်ဟူသော ကြွေးကြော်သံကို ဟစ်အော်ကြွေးကြော်ခဲ့ကြ၏။

"ဝေဒစကားတော်၏ အနက်ကား ဤသို့တည်း၊ ဤသို့ မဟုတ်ဟူ၍ ဝေဒသဒ္ဒါများ ကိုယ်တိုင်က မပြောပေ။ သဒ္ဒါ၏ အနက်ကို ပုဂ္ဂိုလ်များက ကြံဆကြ၏။ ထိုပုဂ္ဂိုလ်များသည် ရာဂစသည်နှင့် ယှဉ်ကုန်၏။ ဤကဲ့သို့ ရာဂစသည်နှင့်ယှဉ်သော ပုဂ္ဂိုလ်များအလယ်၌ ဓေမိနိသည် ဝေဒအနက်ကို ယထာဘူတကျအောင် ဟောညွှန်နိုင်သူတစ်ယာက်ဖြစ်ပေ၏။ မေးစရာရှိပြန်၏။ ထိုဓေမိနိတစ်ဦးတည်းသာ ယထာဘူတကျအောင် ဟောညွှန်နိုင်သူဟုတ်၏။ အခြားသူများကား မဟုတ်။ ဤကဲ့သို့ ကွဲပြားမှုအဘယ်ကြောင့် ဖြစ်ရလေသနည်း။ ထိုဓေမိနိအလားတူ ပုဂ္ဂိုလ်ဖြစ်ပါလျက် တစ်နည်းတစ်လမ်းအားဖြင့် အခြားသော ပုဂ္ဂိုလ်များကိုလည်း ဉာဏ်ပညာရှိသူဟု သင်တို့အဘယ်ကြောင့် ဝန်မခံကြသနည်း။

– ပုဂ္ဂိုလ်လုပ် မဟုတ်ဟူသော သဘောဖြင့် ဝေဒ၏ အနက်သည် အချည်းအနှီးဖြစ်၏။ သင်တို့ဆိုကြ၏။ ပုဂ္ဂိုလ်သည် ရာဂစသည်နှင့် ယှဉ်၏။ ထို့ကြောင့် ဝေဒ၏ အနက်ကို မသိ။ ထိုရာဂစသည်နှင့်ယှဉ်သောကြောင့်ပင် ပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်အား သိအောင် လုပ်မပေးနိုင်။ သနားစရာကောင်းသော ဝေဒကား ကိုယ်တိုင်သူ့အနက်ကိုသူ မပြောနိုင်ပေ။ သို့ဖြစ်လျှင် ဝေဒ၏ အနက်သည် ဘယ်အဖြစ်သို့ ရောက်ရှာမည်နည်း။ ဤကဲ့သို့ ကစဉ့်ကလျားနိုင်နေခြင်းအားဖြင့် "နတ်ပြည်ကို လိုလားသော ပုဂ္ဂိုလ်သည် အဂ္ဂိဟုတ္တဟုမ်းကို ပြုရာ၏"ဟူသော အနက်ဖြစ်မသွားဘူးဟု ငြင်းဆိုနိုင်ရန် အဘယ်အဆောက်အထားရှိပါသနည်း။

လူများအလယ်တွင် စကားသည် ထင်ရှား၏။ ဤကဲ့သို့ ထင်ရှားသဖြင့် ဤကဲ့သို့ ကစဉ့်ကလျားနိုင်သောအနက်ဖြစ်မသွားနိုင်ပေဟု အကယ်ဆိုငြားအံ့၊ အမေးထွက်လာရာ၏။ လူအားလုံးပင် ရာဂ စသည်နှင့် ယှဉ်ကုန်၏။ သို့လူအားလုံးအနက် အဘယ်သူသည် နတ်ပြည်ကဲ့သို့သော ကျွန်ုပ်ကို ကျော်သွန်သည့်(ဝါ)လက်တွေ့မဟုတ်သည့်အရာဝတ္ထုကို မြင်နိုင်တော့အံ့နည်း" ရာဂစသည်နှင့်ယှဉ်သော ပုဂ္ဂိုလ်က အနက်များစွာရှိသော သဒ္ဒါများတွင် ဤသဒ္ဒါကား ဤအနက်ရှိ၏ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်လေသလော။

သဂ္ဂဥဇ္ဇသီစသော ဝေဒကျမ်းလာ သဒ္ဒါအမြောက်အမြား၏ အနက်ကို

'ဝေဒဿု'ဟု ဝန်ခံကြကုန်သော မီမံသကတို့က မလာကရဋ္ဌနှင့် ကွဲပြားခြားနားစွာ ယူဆထားကြသည်ကို တွေ့ရ၏။ ဥပမာ–သဂ္ဂ၏ လူအများ လက်ခံထားသော အနက်ကား–လူသားထက် အလွန်မြင့်သော အတန်းအဆင့်ရှိထူးခြားသော ပုဂ္ဂိုလ်များ၏ နေရာဌာနဖြစ်၍ ထိုဌာနတွင် လူသားတရံမဆံဖူးသော သုခနှင့် ထိုသုခကို ခံစားဖို့ ခံစရာ အမျိုးမျိုးကိုလည်း အမြဲတမ်း ရလွယ်၏ဟူ၍ ဖြစ်သည်။

ထိုဆိုအပ်ခဲ့ပြီးသော အနက်နှင့် ဆန့်ကျင်၍ မီမံသကတို့က အဘယ်သို့ ဆိုကြသနည်း ဆိုသော် သဂ္ဂဟူသည်မှာ ဒုက္ခမှ အချင်းခပ်သိမ်းကင်းသော အမြင့်အမြတ်ဆုံးသော သုခ၏ အမည်တည်းဟု ဆိုကြ၏။ ဥဇ္ဇသိသဒ္ဒါ၏ လူအများလက်ခံသော အနက်ကား နတ်သမီးတည်း။ သို့သော် မီမံသက ဖြစ်သော ဝေဒဿုတို့က မီးပွတ်ခုံ သို့မဟုတ် ပါတြိမည်သော ယာဇ်ခွက်၏ ပရိယာယ် (စကားလုယ်) ဟု ဆိုကြ၏။ သို့ဖြစ်လျှင် သဂ္ဂ ဥဇ္ဇသိသဒ္ဒါများ အလားတူ "ဇုဝေယျ"၏အနက်သည် "ခွေးသားစားလော့" ဖြစ်၏။ အနက်အမျိုးမျိုးထွက်နိုင်သော အခြားသဒ္ဒါများ (အဂ္ဂိဟုတ္တဇုဝေယျ)၌ အလားတူပင် "ခွေးသားစားလော့" ဟူသောအနက် ကြဲဆချက်ကိုလည်း လက်ခံလေလော့။

ရာဇဂြိုဟ်သွားလမ်းကို မေးသောအခါ တစ်ယောက်က "ဒီဟာ လမ်းဆိုတာ ခြေမသန်တဲ့လူက ပြောတာ" ဟုဆို၏။ အခြားတစ်ယောက်က "ဒီဟာ လမ်းဆိုတာ ငါကိုယ်တိုင်ပြောတာ"ဟု ဆိုဘိသကဲ့သို့ ပုဂ္ဂိုလ်လုပ် မဟုတ်ဟူသော ကြွေးကြော်သံမှာ ပုရောဟိတ်တို့၏ သူတပါးအား လှည့်ပတ်ဖြားယောင်းချက်မျှသာတည်း။ ယခုအခါ သင်တို့သည် ထိုသူ ၂ ဦး၏ လှည့်စားချက်နှင့် အမှန်ကို ကိုယ်တိုင် စမ်းသပ်နိုင်ကြ၏။

–ဝေဒ၏ စကားတစ်လုံးမှန်သဖြင့် ဝေဒတစ်ခုလုံး မမှန်ပေ။ "အဂ္ဂိဟိ ပဿ ဘောသဓံ" "မီးသည် ဆောင်းအအေး၏ဆေး" ဟူသော ဝေဒဝါကျတစ်ခုရှိ၏။ ဤဝေဒဝါကျကို အကြောင်းပြု၍ မီမံသကတို့ကဆိုကြ ၏။ "အဂ္ဂိဟိမ ဿဘောသဓံ" ဟူသောဝါကျသည် လုံးလုံးမှန်၏။ (လက်တွေ့ဖြစ်၏) ထို့အတူ "အဂ္ဂိဟုတ္တဇုဝေယျ သဂ္ဂကာမော" "နတ်ပြည်ကို လိုလားသော သူသည် အဂ္ဂိဟုတ္တဟုမ်းကို ပြုရာ၏"ဟူသော အခြားဝါကျကိုလည်း

ထိုဝေဒ၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် အခိုင်အမာဟု အသိအမှတ်ပြုသင့်၏။

ၵင်းကို တုံ့ပြန်ချေပသောအားဖြင့် ဤမျှသာဆိုလိုက်၏။

"အကယ်၍ ဤကဲ့သို့ စကားတစ်လုံးမှန်သဖြင့် ပမာဏမြောက်သည်ဟု ဆိုရသော် ပမာဏမမြောက်သော စကားအဘယ်မှာ ရှိတော့အံ့နည်း။ စကားများများပြောသော ပုဂ္ဂိုလ်၏ စကားများအနက် တစ်လုံးမှ မမှန်ဟု မဆိုနိုင်ပေ။ (အရှူးဆယ်ခွန်းပြောသော် တစ်ခွန်းမှန်၏)

– သဒ္ဒသည် ဘယ်တော့မှ ပမာဏမမြောက်နိုင်–ပစ္စက္ခ (သို့မဟုတ်) အနုမာနအားဖြင့် ထင်ရှားသောအနက်သည် ထိုကဲ့သို့ ထင်ရှားစေသော လက်နက်ကိရိယာများတွင် ဝေဒကျမ်းကို ပယ်စွန့်လိုက်သဖြင့် တစ်စုံတစ်ရာ ထိခိုက်ချို့တဲ့ခြင်း မရှိပေ။ မျက်ကွယ်ဖြစ်သော အနက်ကိုလည်း ချက်ချင်းအခိုင်အမာလုပ်ကို မပေးနိုင်။ ထို့ကြောင့် ထို မျက်မှောက် မျက်ကွယ်များတွင် ဝေဒ (=အာဂမ) ကို အသုံးပြုခြင်းလည်း မမှန်နိုင်ပေ။ ထို့ကြောင့် ဤပမာဏအရာ၌ ဝေဒကို အသိအမှတ်ပြုကို မပြုနိုင်။ ဤသို့အားဖြင့် ပရောက္ခ (မျက်ကွယ်) အပရောက္ခ (မျက်မှောက်) ၂ မျိုးစလုံးမှာပင် ဝေဒသို့မဟုတ် သဒ္ဒ ပမာဏ၏ အခန်းမရှိပေ။

အားလုံးသော အကြောင်းအရာများနှင့် ပတ်သက်၍ စဉ်းစားသောအခါ ကျမ်းဂန်(ဝေဒ)ကို ကိုးကားသင့်၏။ ဝေဒအယူအဆများကို မသိသောသူသည် မီးခိုးကိုမြင်၍ မီးရှို့သည်ဟု မယူဆသင့် ဤဥပဒေကို အဘယ်သူက လုပ်ထားသနည်း။

ဝေဒညွတ်ကွင်းမှ လွတ်ကင်း၍ ဝေဒကျမ်းများကို အကျိုးသို့မဟုတ် အပြစ်ကို မသိသော ရိုးရိုးသားသားပုဂ္ဂိုလ်များ၏ ဦးခေါင်းတွင် ဝေဒအစ ရှိသော ပမာဏသဘောတရာ မြေဘုတ်ဘီလူးကြီးများကို အဘယ်သူ သွတ်သွင်းထားလေသနည်း။

နောက်ဆုံး၌ ဓမ္မကိတ္တိသည် မီမံသကတို့၏ ပစ္စက္ခ၊ အနုမာနကဲ့သို့သော ပမာဏများကို လွှတ်၍ "လူလုပ်မဟုတ်သော ဝေဒ"စကားအတိုင်း မျက်စိမှိတ်၍ ယုံကြည်မှုနှင့် ပတ်သက်၍ အထူးတလည် ပြင်းပြင်းထန်ထန် ပယ်ဖျက်မှုကို ဥဒါဟရဏ်တစ်ခုပေး၍ ပြုလုပ်ခဲ့၏။

မျောက်မထားသော မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ပါးနှင့် သွား လာပျော်မြူးနေစဉ် လင်ဖြစ်သူက တွေ့မြင်ဖမ်းဆီးမိ၏။ လင်ယောကျ်ားက ပြောဆိုဆုံးမသောအခါ မျောက်မထား မိန်းမက အနီးအပါးတွင်ရှိသော မိန်းမများအား တိုင်တန်းလျက်ပြောလိုက်ပုံမှာ "ညီမတို့ အစ်မတို့ ကျွန်မ လင်၏ မိုက်မဲဖျင်းအပုံကို မြင်ကြသည် မဟုတ်ပါလော။ ကျွန်မကဲ့သို့သော တရားဝင်မယားတစ်ဦး၏စကား (သဒ္ဒပမာဏ)ကို မယုံကြည်ဘဲ သူ့မျက်စိ ၂ လုံး (ပစ္စက္ခနှင့် အနုမာန)ကို ယုံကြည်လိုက်လေခြင်းတော့"

ဤသရဝါဒီအမြောက်အမြားနှင့် သန္ဓေဟ(သံသယ)ဝါဒီအဘိဓမ္မာ ဆရာများသည် ကမ္ဘာတွင် ကျိုးကြောင်းဆက်သသောတရား၊ သို့မဟုတ် ဟေတုဝါဒကို လက်မခံကြကုန်။ ဤဆလာမ်အဘိဓမ္မာဆရာများအနက် 'အသျှအရီ' သည် ကျိုးကြောင်းဆက် သဘောတရားကို ဘုရားသခင် (အလ္လာဟ်)၏ အနန္တတန်ခိုးတော် အရှင်ဖြစ်မှုတွင် ကြီးစွာသော အဆီးအ တားဖြစ်သည်ဟု အသိအမှတ်ပြု၏။

ကျိုးကြောင်းဆက်သဘောတရားကို တစ်နည်းတစ်လမ်းအားဖြင့် ရုပ် ဝါဒ၏ ပုန်းအောင်းနေသော အထောက်အပံ့ဟု ယူဆ၍ အရာဝတ္ထုများ၏ ပေါက်ပွားဖြစ်ပေါ်မှုတွင် တစ်စုံတစ်ခုသောအကြောင်း ရှေးဦးစွာ ရှိနေနှင့် သည်မဟုတ်။ အလ္လာသခင်သည် အရာဝတ္ထုတိုင်းကို အချိန်တိုင်းမှာပင် လုံးလုံး အသစ် အသစ် အဘာဝမှ ဘာဝဖြစ်အောင် ဖန်ဆင်း၏ဟု ဆိုကြ၏။

အသျှအရီအပြင် အချို့သော သန္ဓေဟဝါဒီခေတ်သစ်ခေတ်ဟောင်း အဘိ ဓမ္မာဆရာများရှိကြ၏။ ၎င်းတို့သည် ကမ္ဘာပေါ်ရှိ အရာဝတ္ထုများကို စီရင်ရာ၌ တစ်စုံတစ်ခုသော ကျိုးကြောင်းဆက်သဘောတရားကို လက်မခံ ကြကုန်။ ၎င်းတို့၏ အဆိုအားဖြင့် အရာဝတ္ထုများသည် အကြောင်းတစ်စုံတစ် ရာကြောင့် ဖြစ်သည်မဟုတ်။ ၎င်းပြင် ချက်ချင်းပျောက်ကွယ်သွားသော အရာဝတ္ထုများ သည် မိမိ၏ရှေ့သွားတရားများ၏ သဘာဝစသည်တွင် တူညီ ၍ဖြစ်ပေါ်ရ မည်ဟူသော တစ်စုံတစ်ခုသော စည်းမျဉ်းကို မလိုက်နာကြပေ။ သူတို့အဆို အားဖြင့်–

"ဆူးအစရှိသည်တွင် ထက်မှုစသည်၏ အကြောင်းတစ်စုံတစ်ရာမရှိ သကဲ့သို့ ထို့အတူ ကမ္ဘာတွင် မည်သည့်အရာမဆို အကြောင်းကင်း၍ (အဟေ

တုက)ဖြစ်ကြ၏"

ဓမ္မကိတ္တိက တုံ့ပြန်ချေပ၏။

"အကြင်တရား ရှေ့ကဖြစ်သွားပြီးနောက် အကြင်တရား နောက်တွင် ဖြစ်၏။ တစ်နည်း အကြင်တရား ဖောက်ပြန်ပျက်စီးသဖြင့် အကြင်တရား ဖောက်ပြန် ဖြစ်ပေါ်၏။ ထိုရှေးပျက်တရားကို ထိုနောက်ဖြစ် တရား၏ အကြောင်းဟု ခေါ်၏။ ထိုသဘောသည် အဆိုပါ ဆူးများတွင်လည်းရှိ၏"

ဖြစ်ပေါ်လာသော အရာဝတ္ထုတိုင်း အသစ်အသစ်ဖြစ်၏ဟု ဗုဒ္ဓအဘိဓမ္မာ ဆရာများလည်း ယူဆကြ၏။ သို့သော်လည်း ဗုဒ္ဓအဘိဓမ္မာဆရာများက ၎င်းအသစ်အသစ်ဖြစ်လာသော အရာဝတ္ထုများကို ခဏတိုင်းပျက်စီးတတ်သော ဗိန္ဒုတို့၏ အစဉ်အတန်းတွင် ဗိန္ဒုတစ်ခုဟု ယူဆကြ၏။ ဤသို့အားဖြင့် ရှေ့သွားနှင့် နောက်လိုက်မရှိသော ဝတ္ထု ဗိန္ဒုတစ်ခုမှ မရှိ။ ထိုရှေ့သွားဗိန္ဒုသည်ပင် အကြောင်းဖြစ်၏။ ၎င်းပြင် နောက်လိုက်သည် မိမိ၏ ရှေ့သွားဗိန္ဒုနှင့် သဘာဝအားဖြင့်တူ၏။ အကယ်၍ ဤသဘောတရားဖြစ်စဉ်မရှိခဲ့သော် သရက်သီးစားသောသူသည် သရက်စေ့ကိုစိုက်ရန် လွန်စွာ စိတ်ထက်သန်မှုမဖြစ်ပေရာ။ အရာဝတ္ထုတစ်ခုရှိမှသာ အခြားသော အရာဝတ္ထုတစ်ခု ရှိခြင်းနှင့် အရာဝတ္ထုတိုင်း မိမိ၏ ရှေ့သွားနှင့်အတူဖြစ်ခြင်းက ဟေတုဝါဒကို အခိုင်အမာပြု၏။ ကမ္ဘာတွင် နေရာတကာ တွေ့မြင်နေရသော ဖြစ်ပေါ်မှုအစဉ်နှင့်တူညီစွာ ဖြစ်ပေါ်မှုသဘောတရားထင်ရှားနေသမျှ အဟေတုဝါဒသည် လုံးဝမှားယွင်း၏ဟု အသိအမှတ်ပြုခြင်းခံသွားရပေလိမ့်မည်။

ဂျိန်းဝါဒီတို့၏ အနေကန္တဝါဒကို ပယ်ဖျက်ခြင်း– ဂျိန်းအဘိဓမ္မာ၏ "ဘဝေယျ" ဝါဒ (သို့မဟုတ်) အနေကန္တဝါဒကို ကျွန်ုပ်တို့ ဖွင့်ဆိုရေးသားပြီးခဲ့လေပြီ။ အနေကန္တဝါဒအရ အိုးသည် အိုးလည်းဟုတ်၏။ ပုဆိုးလည်းဟုတ်၏။ ထို့အတူ ပုဆိုးသည် ပုဆိုးလည်းဟုတ်၏။ အိုးလည်းဟုတ်၏။ ဤဝါဒ ကို ဓမ္မကိတ္တိက ချေပ စွပ်စွဲခဲ့၏။

"အကယ်၍ အလုံးစုံသော အရာဝတ္ထုတို့သည် မိမိနှင့်အခြားအရာဝတ္ထု ၂ မျိုးစလုံးဖြစ်ခဲ့ကြလျှင် ဒိန်ခဲသည် ဒိန်ခဲသာ ကုလားအုတ်မဟုတ်၊ ကုလားအုတ်သည် ကုလားအုတ်သာ ဒိန်ခဲမဟုတ်ဟူသော ထူးခြားချက်ကို ပယ်လှန်

သဖြင့် တစ်စုံတစ်ယောက်ကို "ဒိန်ခဲစားပါ"ဟုဆိုလျှင် ထိုသူ အဘယ်ကြောင့် ကုလားအတ်ပေါ်စီး၍ မပြေးသနည်း" (နောက်ဆုံး ဒိန်ခဲတွင် ကုလားအုတ် ရှိသကဲ့သို့ ကုလားအုတ်တွင် ဒိန်ခဲရှိနေသည်ဟု ဆိုလိုရာကျ၏)

"ဒိန်ခဲတွင် ထူးခြားမှုတစ်ခုရှိ၏။ ၎င်းထူးခြားမှုနှင့်တကွ ဒိန်ခဲသည် လက်ရှိရှိ၏။ ကုလားအုတ်ကား မရှိဟု ဆိုခဲ့သော် ဤကဲ့သို့သော ထူးခြားမှုသည် ကုလားအုတ်မှ တစ်ပါးသော အခြားသော အရာဝတ္ထုများတွင်လည်း ရှိရာ၏။ ဤကဲ့သို့ မရှိပေ။ ထို့ကြောင့် အရာဝတ္ထုအားလုံး သဘော ၂ မျိုး မရှိ။ စင်စစ်သော်ကား မိမိသဘောနှင့် မိမိဖြစ်၏။ သူတစ်ပါးသဘောနှင့် သူတစ်ပါးဖြစ်၏"

ဓမ္မကိတ္တိ အဘိဓမ္မာ၏ အကျဉ်းချုပ် ဖွင့်ဆိုချက်ကို ၎င်း၏ ဂါထာ တစ်ပုဒ်နှင့်ပင် ကျွန်ုပ်တို့ အဆုံးသတ်လိုက်ပါ၏–

ဝေဒပွာမည်၊ ကဿစိတတ္တုဝါဒေါ။
နာနေဓမ္မိစ္ဆာ၊ ဇာတိဝါဒါဝလေပေါ။
သန္တာပါရမ္ဘော ပါပဟာနာယစေတိ။
ဓဋ္ဌပွညာနံ ပဋ္ဌလိဂ်ိနိ ဇာဠေ့။

(ပမာဏဝတ္ထိက–သဝုတ္တိ– ၁၊ ၃၄၂)

(၁) ဝေဒ (ကျမ်း)ကို အခိုင်အမာပြုခြင်း။ (၂) တစ်စုံတစ်ယောက် (ကြံသရ) အား (ဖန်ဆင်း) ပြုလုပ်သူဟု ယူဆခြင်း။ (၃) ရေချိုးမှုကို (ပြုခြင်းအားဖြင့်) ဘာသာရေး ကျင့်ဝတ် (ဖြစ်ဖို့) လိုလားခြင်း။ (၄) (ဇာတ်နိမ့်–ဇာတ်မြင့် ခွဲခြား၍) ဇာတိဝါဒဖြင့် မာန်မူခြင်း။ (၅) ၎င်းပြင် မကောင်းမှုကင်းဝေးစေရန် (ကိုယ်ကာယကို)ပူလောင်စေခြင်း (အစာငတ်ခံခြင်း၊ ကိုယ်ကာယပူပန်သော အကျင့်များကို ကျင့်ခြင်း) ဤငါးမျိုးတို့ကား ဉာဏ်ပညာ ပျက်စီးလျှောကျနေသော သူတို့၏ မိုက်မဲမှုအမှတ်လက္ခဏာတို့ပေတည်း။

* * *